ကြေးမုံ
The Mirror Daily
Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

**သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။**

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 18 November 2020 ၁၀၂၀၀

## Coronavirus Disease 2019 (COVID – 19)

# ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၇**

Coronavirus Disease 2019 (COVID – 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်သည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးမင်းသူ၊ ဦးသောင်းထွန်း၊ ဦးကျော်တင်၊ ဦးသိန်းဆွေ၊ ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဆက်အောင်၊ ဦးကျော်မျိုး၊ ဗဟိုကော်မတီအတွင်းရေးမှူးများဖြစ်ကြသော ဦးဇော်သန်းသင်းနှင့် ဒေါက်တာသက်ခိုင်ဝင်းတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အထွေထွေရွေးကောက်ပွဲအပြီး လူစုလူဝေးများ ဖြစ်ပေါ်ခဲ့ခြင်းများရှိခဲ့ရာ နိုဝင်ဘာလကုန် ရက်သတ္တပတ်ကာလ၌ ကိုဗစ် -၁၉ ရောဂါ ဖြစ်ပွားမှုနှုန်း မြင့်တက်မှုမရှိစေရန် ကိုဗစ်–၁၉ ရောဂါ ကာကွယ်တားဆီးရေးအစီအမံများ ကြိုတင်ဆောင်ရွက်ထားရှိရေး၊ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရမှုကြောင့် ဆေးရုံတက်လျက်ရှိသော လူနာများထဲမှ ဆေးရုံဆင်းခွင့်ပြုနိုင်သည့်လူနာများအား ဆောလျင်စွာ ဆေးရုံဆင်းခွင့်ပေးနိုင်ရေး၊ အအေးပိုင်းဒေသများတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် ထိန်းသိမ်းဆောင်ရွက်သွားရေး၊ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသည့် ပြည်သူများအနေဖြင့် မိမိအစီအစဉ်ဖြင့် ဆေးကုသမှုပြုခဲ့ပြီး အခြေအနေဆိုးရွားမှသာ ဆေးရုံသို့ လာရောက်ပြသမှုကြောင့် ဆေးရုံသို့ရောက်ရှိချိန်တွင် သေဆုံးခြင်းဖြစ်ကြောင်း တွေ့ရှိရသဖြင့် ဆေးရုံသို့ လာရောက်ပြသရန် ကြောက်ရွံ့မှုမရှိစေရေး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကိုဗစ်–၁၉ ရောဂါကုသရေးအတွက် ပြည့်စုံစွာ ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် စိုးရိမ်ရသည့် လူနာများဖြစ်ပါက မိသားစု/ဆွေမျိုးများထဲမှ လူနာစောင့်တစ်ဦး လိုက်ပါစောင့်ရှောက်နိုင်ရန် ခွင့်ပြုပေးရေး၊ နိုင်ငံတော်မှ စတုတ္ထအကြိမ် ငွေကြေးထောက်ပံ့နေမှုအပေါ် မလိုလားသူများက ဦးဆောင်ပြီး လူစုလူဝေးဖြင့် ဆန္ဒဖော်ထုတ်မှုများ ပြုလုပ်လျက်ရှိရာ အဆိုပါအဖွဲ့မှ ဦးဆောင်သူများအားဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားရန်နှင့် လိုက်ပါဝန်းရံသူများအား ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မရှိစေရန်အတွက် လိုအပ်သော ပညာပေးဟောပြောမှုများ ဆောင်ရွက်သွားရေး၊ နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ ကာလအတွင်း ပြည်သူများ နေအိမ်တွင် နေထိုင်ရန် ပန်ကြားချက်အား ထုတ်ပြန်သွားရေးနှင့် အဆိုပါကာလအတွင်း ပြည်သူများ အပန်းဖြေနိုင်ရန် ဖျော်ဖြေရေးအစီအစဉ်များ ပိုမိုတိုးမြှင့်ထုတ်လွှင့်ပြသနိုင်ရေး၊ Stay at Home သတ်မှတ်ထားခြင်းမရှိသော မြို့နယ်များရှိ (A)အဆင့်သတ်မှတ်ခြင်းခံရသော စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလကုန်တွင် ပြန်လည်ဖွင့်လှစ်ခွင့်ပြုနိုင်ရေး၊ Stay at Home သတ်မှတ်ထားခြင်းမရှိသော တိုင်းဒေသကြီး/ ပြည်နယ်များမှ တန်ခိုးကြီးဘုရား၊ ပုထိုး၊ စေတီများအား နေ့စဉ်နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ် လူဦးရေ ကန့်သတ်ချက်ဖြင့် ဖူးမြော်ခွင့်ပြုနိုင်ရေး၊ နိုဝင်ဘာလ နောက်ဆုံးပတ်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုအပေါ်မူတည်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ Stay at Home သတ်မှတ်ထားခြင်းမရှိသော မြို့နယ်များရှိ ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်ခွင့်နှင့် ဘုန်းကြီးကျောင်း၊ ဗလီ၊ Church ကျောင်းများတွင် ဥပုသ်သီလ ဆောက်တည်ခြင်း၊ ဝတ်ပြုဆုတောင်းခြင်းများ တစ်လလျှင် လေးကြိမ် လူဦးရေ ၃၀ ထက်မပိုဘဲ ခွင့်ပြုနိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိရေးနှင့် ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုအပေါ်မူတည်၍ ချက်ချင်းပြန်လည်ရပ်ဆိုင်းရန် စီစဉ်ဆောင်ရွက်ထားရှိရေး၊ ဒီဇင်ဘာ ၂၅ ရက်တွင် ကျရောက်မည့် ခရစ်စမတ်ပွဲတော်နှင့် ဒီဇင်ဘာ ၃၁ ရက် နိုင်ငံတကာ နှစ်သစ်ကူးပွဲတော်နေ့များ၌ Church ကျောင်းများတွင် ဝတ်ပြုဆုတောင်းခြင်းအား လူ ၅၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်ရေး၊ ခရစ်စမတ်ပွဲတော်ကာလတွင် လူအများစုဝေး၍ နေအိမ်များသို့ သီချင်းများလိုက်လံသီဆို ဆုတောင်းခြင်းများကို ခွင့်မပြုဘဲ Church ကျောင်းများ၌ ဝတ်ပြုဆုတောင်းသီဆိုခြင်းများကိုသာ ခွင့်ပြုရန်အတွက် လိုအပ်သော ကျန်းမာရေးစံသတ်မှတ်ချက်အား ညှိနှိုင်းရေးဆွဲရေး၊ ခရစ်စမတ်ပွဲတော်နှင့် နိုင်ငံတကာနှစ်သစ်ကူးပွဲတော်အကြိုကာလအတွင်း ပြည်သူများ စိတ်ပျော်ရွှင်ချမ်းမြေ့စေရန် ဖျော်ဖြေရေးကဏ္ဍအစီအစဉ်များ၊ သီချင်းဆိုပြိုင်ပွဲများနှင့် အငြိမ့်ဖျော်ဖြေပွဲများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်နှင့် အခြားရုပ်သံလိုင်းများမှ

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

**နိုဝင်ဘာလ နောက်ဆုံးပတ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုအပေါ်မူတည်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး /ပြည်နယ်များမှ Stay at Home သတ်မှတ်ထားခြင်းမရှိသော မြို့နယ်များရှိ ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်ခွင့်နှင့် ဘုန်းကြီးကျောင်း၊ ဗလီ၊ Church ကျောင်းများတွင် ဥပုသ်သီလ ဆောက်တည်ခြင်း၊ ဝတ်ပြုဆုတောင်းခြင်းများ တစ်လလျှင် လေးကြိမ် လူဦးရေ ၃၀ ထက်မပိုဘဲ ခွင့်ပြုနိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိရေးနှင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအပေါ်မူတည်၍ ချက်ချင်းပြန်လည်ရပ်ဆိုင်းရန် စီစဉ်ဆောင်ရွက်ထားရှိ။**

# ရန်ကုန်-ကိုကိုးကျွန်းခရီးစဉ် တတိယအခေါက် ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၁၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်ချက်အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ရန်ကုန်–ကိုကိုးကျွန်း တတိယအခေါက်ခရီးစဉ်ကို သူရိယစန္ဒာဝင်း ကုမ္ပဏီပိုင် MV.CHARITES ရေယာဉ်ဖြင့် ယမန်နေ့ ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ဆူးလေဆိပ်ကမ်း အမှတ်(၃) ဆိပ်ခံတံတားမှ ထွက်ခွာသွားသည်။

**တင်ဆောင်သွား**

ခရီးစဉ်တွင်လိုက်ပါမည့်သူများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ Coronavirus Disease 2019(COVID–19)နှင့်စပ်လျဉ်း၍ ၁၄ ရက် Quarantine ဝင်ရောက်ခဲ့ပြီး သင်္ဘောပေါ်၌ ရေယာဉ်ဝန်ထမ်းအပါအဝင် ခရီးသည် စုစုပေါင်း ၄၀၊ ဒေသခံပြည်သူများ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်မီးနှင့်ပတ်သက်သည့် အထောက်အပံ့ပစ္စည်းများ စုစုပေါင်း တန်ချိန် ၁၅၂ တန်ခန့် တင်ဆောင်သွားကြောင်း သိရသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

အဆိုပါ ရေယာဉ်ထွက်ခွာရာသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်နှင့် အစိုးရအဖွဲ့ဝင်များ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



KBZ BANK
(6) CONSECUTIVE YEARS
'BANK OF THE YEAR IN MYANMAR 2018'
Awarded by Financial Times (The Banker)

# ကြေးမုံ

## နိုင်ငံတော်နှင့်အတူ လက်တွဲ၍ ကြိုးပမ်းဆောင်ရွက်

တိုင်းပြည်နှင့်လူမျိုး အရေးကိစ္စအမျိုးမျိုးတို့ကို ဖော်ဆောင်ရာ၌ ပေါ်ပေါက်လာသည့် ကောင်းမွေဖြစ်စေ၊ ဆိုးမွေဖြစ်စေ ပြည်သူများ၏ ပါဝင်မှုအပေါ်တွင် အဓိကမူတည်နေကြောင်း မြန်မာ့သမိုင်းကြောင်းတစ်လျှောက်၌ အစဉ်အလာအားဖြင့် ဖော်ညွှန်းပြသခဲ့ကြပြီးဖြစ်သည်။ မျက်မှောက်ခေတ် ပြည်သူသည်သာ အဓိကဖြစ်သောကာလတွင် ပြည်သူများအနေဖြင့် တိုင်းပြည်နှင့်လူမျိုးအကျိုးကို ရှေးရှု၍ ဆိုးမွေများကိုရှောင်ရှားပြီး ကောင်းမွေများဖြစ်လာအောင် ဝိုင်းဝန်းဖော်ဆောင်ပေးရမည့်အချိန် ဖြစ်ပေသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုဝင်ဘာလ ၁၆ ရက်နေ့က ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြခဲ့ရာတွင် “ကျွန်မတို့ ပြည်သူတွေက လုပ်ရဲကိုင်ရဲလည်းရှိတယ်။ တာဝန်လည်း သိတတ်ပါတယ်။ ထက်မြက်မှုလည်း ရှိပါတယ်။ ဒါ့ကြောင့် ကိုယ့်ရဲ့ကျန်းမာရေးကောင်းဖို့အတွက်၊ ကိုယ့်လုံခြုံမှုအတွက်၊ ကိုယ့်နိုင်ငံလုံခြုံမှုအတွက် အားလုံးဝိုင်းဝန်းပြီးတော့ ပူးပေါင်းဆောင်ရွက်မယ်လို့ ကျွန်မမျှော်လင့်ပါတယ်။ ပြည်သူတွေက အဓိကဆိုတာတော့ မမေ့ပါနဲ့”ဟု မှာကြားခဲ့သည်။

မြန်မာပြည်သူ ပြည်သားများ၏ စိတ်ဓာတ်နှင့်စွမ်းဆောင်ရည်တို့သည် ပင်ကိုအခံအားဖြင့် အများစုမှာ အထူးကောင်းမွန်ထက်မြက်ကြသည်ကို တွေ့ရသည်။ အရာရာတွင် ပြည်သူသည်သာ အဓိကဖြစ်သကဲ့သို့ ထိုသို့ အဓိကဖြစ်သည်ကို ပြည်သူများအနေဖြင့် အကျိုးရှိစွာအသုံးချကြရမည်ဖြစ်သည်။ နိုင်ငံ့ခေါင်းဆောင်များကိုယ်တိုင် ပြည်သူများအပေါ် အလေးထားကြောင်း၊ ပြည်သူအားသာ အဓိကဖြစ်ကြောင်း၊ ပြည်သူများအား ယုံကြည်ကိုးစားကြောင်း၊ ပြည်သူများအား ကျေးဇူးတင်ကြောင်း မကြာခဏ အသိအမှတ်ပြု အလေးထားခဲ့သည်ကို တန်ဖိုးထားကြရမည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ်တွင် ပြည်သူများသည် နိုင်ငံသားတာဝန်ကျေပွန်အောင် မိမိတို့၏အားများကို ထုတ်ဖော်ပြသခဲ့ကြသည်။ နိုင်ငံတော်အပေါ်တွင် တာဝန်ကျေပွန်စွာဖြင့် ပါဝင်လက်တွဲ ဆောင်ရွက်ခဲ့ကြသည်။ ၂၀၂၀ ပြည့်နှစ်အတွက် အဓိကကျသည့် တိုင်းပြည်အရေးကိစ္စများဖြစ်သည့် ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်ရေးတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ ပါဝင်ဆောင်ရွက်ခဲ့ကြသဖြင့် အောင်မြင်မှုရလဒ်ကောင်းများ ပေါ်ထွက်လာခဲ့သည်။ ရှေ့အနာဂတ်တွင်လည်း ဤသို့ပင်အောင်မြင်ဖြစ်ထွန်းအောင် ညီညီညွတ်ညွတ် လက်တွဲပါဝင်ကြရမည်ဖြစ်သည်။

ပြည်သူလူထုသည် နိုင်ငံအပေါ်တွင် တာဝန်သိသလို နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူသည်သာ အဓိကဟူသည့် ခံယူချက်ဖြင့် ပြည်သူလူထုအရေးကိစ္စများ၊ ပြည်သူလူထု လိုလားချက်များကို ဦးစားပေး၊ အလေးထားဆောင်ရွက်ပေးနေသည်။ လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားရေး၊ ဖွံ့ဖြိုးရေးကိစ္စများတွင် လူမျိုး၊ ဘာသာ၊ နေရာ ခွဲခြားခြင်းမပြုဘဲ အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်တွင် အဓိကရင်ဆိုင်ကြုံတွေ့နေရသည့် ကိုဗစ်–၁၉ ကူးစက်ရောဂါ ဖြစ်ပွားနေသောကာလ၌ ပြည်သူလူထု ကျန်းမာရေး၊ ရောဂါကင်းဝေးရေး၊ စားဝတ်နေရေး၊ လူမှုစီးပွားတည့်မတ်ရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ ကိုဗစ်ကာလ၌ အခြေခံပြည်သူများ၏ အခက်အခဲများအား မျက်ခြည်မပြတ်ကြည့်ရှုကာ သက်သာသောချေးငွေ ထုတ်ချေးရေး၊ ထောက်ပံ့ကြေးငွေ ပေးဝေရေးတို့ကို အဆက်မပြတ် ပြုလုပ်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဖွံ့ဖြိုးစတိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်လာအောင် စီးပွားရေးမှစ၍ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အခက်အခဲများ၊ စိန်ခေါ်မှုများ၊ အတိုက်အခိုက်များကြားမှ တိုင်းပြည်ငြိမ်းချမ်းသာယာဝပြောလာအောင် ဆောင်ရွက်နေသည်။ နိုင်ငံနှင့်ပြည်သူအရေးတွင် အစဉ်အမြဲ ရှေ့တန်းမှ လက်တွဲပါဝင်လာခဲ့ကြသည့် ပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရမှ နိုင်ငံအကျိုးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ပြည်သူ့အကျိုးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးမှုများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လေးစားလိုက်နာပြီး ပါဝင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုအား အစီရင်ခံ တင်ပြသည့်အတိုင်း လုပ်ရဲ ကိုင်ရဲရှိသော၊ တာဝန်သိသော၊ ထက်မြက်သော ပြည်သူပြည်သားများအနေဖြင့် မိမိတို့၏ ကျန်းမာရေး၊ မိမိတို့၏ လုံခြုံရေး၊ မိမိတို့၏ စားဝတ်နေရေးပြေလည်ရေး၊ မိမိတို့နိုင်ငံ လုံခြုံရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်နှင့်အတူလက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်းကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

(၃၁)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအထိမ်းအမှတ်

WORLD CHILDREN'S DAY unicef

ကမ္ဘာ့ကလေးများနေ့

World Children's Day

"ကလေးအားလုံးရဲ့ အနာဂတ်လှပဖို့ စိတ်ကူးပုံဖော်ဆောင်ရွက်စို့"

"A Day to Reimagine a Better Future for Every Child"

၂၀၂၀ပြည့်နှစ်၊ နိုဝင်ဘာလ (၂၀) ရက်    နေပြည်တော်

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မိုး/ဇလ

## မျိုးစေ့ထုတ်သမဝါယမအသင်းများ စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် နိုဝင်ဘာ ၁၇

မျိုးစေ့ထုတ်သမဝါယမအသင်းများ၏ စွမ်းဆောင်ရည်ပိုမိုမြင့်မားလာပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မျိုးစေ့ထုတ်စီးပွားရေးလုပ်ငန်းများ ပိုမိုအားကောင်းလာစေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနနှင့် ဂျာမနီနိုင်ငံ Welthungerhilfe–WHH တို့ ပူးပေါင်း၍ (Integrated Seed Sector Development Project–ISSD)စီမံကိန်းကဏ္ဍသုံးခု အကောင်အထည်ဖော်ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် Zoom Meeting စနစ်ဖြင့် ကျင်းပသည်။

Welthungerhilfe–WHH သည် လုပ်ကွက်ငယ် တောင်သူလယ်သမားများ ဆောင်ရွက်နေသည့် အရည်အသွေးမြင့် မျိုးစေ့ထုတ်လုပ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ မြို့နယ် ခြောက်မြို့နယ်တွင် သမဝါယမဦးစီးဌာနနှင့် ပူးပေါင်း၍ မျိုးစေ့ထုတ်သမဝါယမအသင်းများဖွဲ့စည်းခြင်း၊ အဆိုပါအသင်းများမှ အသင်းသားများနှင့် ဦးစီးဌာနဝန်ထမ်းများကို မျိုးစေ့ထုတ်သမဝါယမအသင်းများ၏ စွမ်းဆောင်ရည်မြင့်မားတိုးတက်စေရန်နှင့် စီးပွားဖြစ်မျိုးစေ့ထုတ်လုပ်ခြင်းဆိုင်ရာ သင်တန်းများ၊ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးစေ့ထုတ်သမဝါယမအသင်းများနှင့် ပတ်သက်သည့်လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ရန် ဆရာဖြစ်သင်တန်း (TOT Local Seed Business Training)ကို ဖွင့်လှစ်ပို့ချပေးခဲ့သည်။ ထို့အပြင် ဆင့်ပွားသင်တန်းများသို့ အမှန်တကယ်တက်ရောက်ခဲ့သည့် အသင်းသားများအား မျိုးစေ့များနှင့် မျိုးစေ့သိုလှောင်အိတ်များ ထောက်ပံ့ပေးခဲ့သည်။

ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက Welthungerhilfe–WHH သင်တန်းများပေးခြင်း၊ ပြန်လည်ဆင့်ပွားသင်တန်းများပေးခြင်း၊ မျိုးစေ့များ ထောက်ပံ့ခြင်းများ မျိုးစေ့ထုတ်သမဝါယမအသင်းများ၏ အသင်း စည်းမျဉ်း၊ စည်းကမ်းများကို အခြားနိုင်ငံများနှင့်နှိုင်းယှဉ်၍ Up Date ဖြစ်စေရန် ဆောင်ရွက်သွားမည့် တင်ပြချက်အား လက်ခံပါကြောင်း၊ ကာလတိုအတွင်း ထိုက်သင့်သည့် ထိရောက်မှုများပေးနိုင်ပြီး အချိန်အခါနှင့်အညီ တောင်သူလယ်သမားများ ယုံကြည်အောင် ဆောင်ရွက်နိုင်တဲ့အတွက် ဂုဏ်ယူပါကြောင်းနှင့် အစုအဖွဲ့များ ဖွဲ့စည်းနိုင်မည်ကို ယုံကြည်ကြောင်း ဆွေးနွေးပြောကြားသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၇–၁၁–၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၁၀,၀၀၀ | ၁၄၉ | ၁,၄၈၆,၈၀၀ |
| MTSH | ၃,၇၀၀ | ၃,၇၀၀ | ၅,၃၆၅ | ၁၉,၈၅၀,၅၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၄၄ | ၃၆၀,၈၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၁၀ | ၂၂၀,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၂၆၇ | ၇၃၄,၀၀၀ |
| EFR | ၄,၂၀၀ | ၄,၂၀၀ | ၃ | ၁၂,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၁၇

ရန်ကုန်(ရွှေဈေး) ၁၃၁၀၀၀၀    မန္တလေး(ရွှေဈေး) ၁၃၁၀၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၂၀/၅၇၀ ကျပ် | ၅၆၀/၅၈၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၁၀/၅၅၅ ကျပ် | ၅၄၅/၅၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၁၅/၆၃၀ ကျပ် | ၆၇၀/၆၉၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၈၅/၅၁၅ ကျပ် | ၅၄၅/၅၅၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၄၅/၄၆၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၆၀/၄၇၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၅၀/၄၆၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၉၉.၅ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၄၃.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၈.၃၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၀၇၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၆.၆၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၄၄၀ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၅၁.၂၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၆၇.၃၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၄၆.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၇.၅၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
သတင်းထောက်မှူး – ဦးမြင့်စိုး
စာတည်းများ – ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ – ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဦးကျော်စွာလင်း၊ ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစည်သူလွင်၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအပေါ်

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ရှီကျင့်ဖျင်နှင့် နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ အိုင်လ်နီ အယ်ရစ်စင် ဆိုးလ်ရိုဒ်တို့က ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

နေပြည်တော် နိုဝင်ဘာ ၁၇

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ရှီကျင့်ဖျင်နှင့် နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ အိုင်လ်နီ အယ်ရစ်စင် ဆိုးလ်ရိုဒ် တို့ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာအပြည့်အစုံမှာ -

### နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ရှီကျင့်ဖျင်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

မကြာမီရက်ပိုင်းကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အဆွေတော် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ကောင်းမွန်သောရလဒ်ရရှိကြောင်း ဝမ်းမြောက်ဝမ်းသာစွာ သိရှိရပါကြောင်း၊ ကျွန်တော့်အနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ နှစ်နှစ်ကာကာ ဂုဏ်ပြုထောမနာပြုပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံတော်ချမ်းသာကြွယ်ဝရေးဟူသော မွန်မြတ်သည့် လုပ်ငန်းကြီးဖော်ဆောင်ရာတွင် ပိုမိုကြီးမားသော အောင်မြင်မှုရရှိလိမ့်မည်ဖြစ်ကြောင်း ယုံကြည်ပါကြောင်း၊

တရုတ်-မြန်မာနှစ်နိုင်ငံသည် တောတောင်ရေမြေချင်းဆက်စပ်သော အိမ်နီးချင်းကောင်း၊ ဆွေမျိုးပေါက်ဖော်ကောင်းဖြစ်ကြပါကြောင်း၊ ယခုနှစ်သည် တရုတ်-မြန်မာ သံတမန်ဆက်သွယ်ရေး နှစ်(၇၀)ပြည့်အထိမ်းအမှတ်ကို ကျွန်တော်တို့နှစ်နိုင်ငံအတူတူ နွှဲပျော်ခဲ့ပါကြောင်း၊ နှစ်ဆန်းပိုင်းတွင် ကျွန်တော်သည် မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် အောင်မြင်စွာရောက်ရှိစဉ် အေးအတူပူအမျှဖြစ်သော အသိုက်အဝန်း ဆက်ဆံမှုတည်ဆောက်ရန် အဆွေတော်နှင့် သဘောတူထားပြီး နှစ်နိုင်ငံဆက်ဆံရေးခေတ်သစ်ကို ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားပြီးနောက် နှစ်ပါတီနှင့် နှစ်နိုင်ငံအကြား ထိထိရောက်ရောက် အပြန်အလှန်ကူညီပံ့ပိုးခြင်းဖြင့် အေးအတူပူအမျှ တက်ညီလက်ညီ ရိုင်းပင်းကူညီမှုစိတ်ဓာတ် ပိုပြီးပေါ်လွင်ထင်ရှားလာပါကြောင်း၊

တရုတ်ကွန်မြူနစ်ပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အကြား နီးကပ်သော ချစ်ခင်ရင်းနှီးမှု ထားရှိခြင်းသည် နှစ်နိုင်ငံဆက်ဆံရေးတည်တံ့ခိုင်မြဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ တရုတ်ဘက်သည် နှစ်ပါတီနှင့် နှစ်နိုင်ငံဆက်ဆံရေးကို အလွန်အလေးထားပါကြောင်း၊ ကျွန်တော့်အနေဖြင့် အဆွေတော်နှင့်အတူ နှစ်ပါတီနှင့်နှစ်နိုင်ငံ ဆက်ဆံရေးကို နိုင်ငံရေးရှုထောင့်မှ ဦးဆောင်လမ်းညွှန်မှု အားဖြည့်ဆောင်ရွက်ရန်၊ အာဏာရပါတီ အပြန်အလှန်သင်ယူဖလှယ်မှု နက်ရှိုင်းစွာဖော်ဆောင်ရန်၊ Belt & Road နှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံမှုဘောင်အောက် ကဏ္ဍပေါင်းစုံ လက်တွေ့ပူးပေါင်းဆောင်ရွက်မှု တွန်းအားပေးရန်၊ နယ်စပ်ဒေသငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိရောက်စွာကာကွယ်စောင့်ထိန်းရန်၊ နှစ်နိုင်ငံ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရာတွင် အောင်သီးအောင်နှံ ပိုမိုရရှိရန်၊ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများထံသို့ ကောင်းကျိုးသယ်ပိုးကြရန် ဆန္ဒပြုပါကြောင်း။

### နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ အိုင်လ်နီ အယ်ရစ်စင် ဆိုးလ်ရိုဒ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

မြန်မာနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲတွင် အဆွေတော်နှင့် အဆွေတော်၏ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ အနိုင်ရရှိခဲ့ခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ပြည်သူအများအပြား ဆန္ဒမဲပေးခဲ့ခြင်းသည် အသွင်ကူးပြောင်းရေးနှင့်ပတ်သက်၍ ပြည်သူများ၏ စိတ်အား ထက်သန်မှုကို ပြသလျက်ရှိခြင်းဖြစ်ပါကြောင်း၊ လာမည့်အစိုးရအနေဖြင့် ပြည်သူများက အပ်နှင်းသည့် လုပ်ပိုင်ခွင့်ကို အသုံးပြု၍ အားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုများ ဆက်လက်အောင်မြင်စွာ ဖော်ဆောင်သွားနိုင်မည်ဟု မျှော်လင့်ပါကြောင်း။

## Stay at Home သတ်မှတ်ထားသော မြို့နယ်များအား ကိုဗစ် - ၁၉ ဖြစ်ပွားမှုအပေါ် မူတည်၍ ဖြေလျှော့ပေးနိုင်ရေး၊ ပြည်တွင်း လေယာဉ်ခရီးစဉ်များ ပြန်လည်ပြေးဆွဲခွင့် ပြုနိုင်ရေး၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး / ပြည်နယ်များသို့ ခရီးသွားရန် အကြောင်းကိစ္စပေါ်ပေါက်ပါက သက်ဆိုင်ရာကျန်းမာရေးဌာနများမှ ဆေးစစ်ဆေးမှုခံယူပြီး ပိုးမရှိပါက သွားလာစေရေးနှင့် ပိုးမရှိကြောင်းထောက်ခံချက်ပါရှိပါက ရောက်ရှိနေရာရှိ စစ်ဆေးရေးဂိတ်များတွင်ပြသပြီး ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကွာရန်တင်းဝင်ရောက်ခြင်းတို့ကို မပြုစေတော့ဘဲ သွားလာခွင့်ပြုရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေး

❖ ရှေ့ဖုံးမှ

ထုတ်လွှင့်ပြသနိုင်ရန် စီစဉ်ဆောင်ရွက်သွားရေး၊ ကနဦး မော်တော်ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ဝန်ဆောင်မှုပြုနိုင်ရေး၊ Stay at Home သတ်မှတ်ထားသော မြို့နယ်များအား ကိုဗစ် – ၁၉ ဖြစ်ပွားမှုအပေါ် မူတည်၍ ဖြေလျှော့ပေးနိုင်ရေး၊ ပြည်တွင်းလေယာဉ်ခရီးစဉ်များ ပြန်လည်ပြေးဆွဲခွင့်ပြုနိုင်ရေး၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ခရီးသွားရန်အကြောင်းကိစ္စပေါ်ပေါက်ပါက သက်ဆိုင်ရာ ကျန်းမာရေးဌာနများမှ ဆေးစစ်ဆေးမှုခံယူပြီး ပိုးမရှိပါက သွားလာစေရေးနှင့် ပိုးမရှိကြောင်း ထောက်ခံချက်ပါရှိပါက ရောက်ရှိနေရာရှိ စစ်ဆေးရေးဂိတ်များတွင် ပြသပြီး ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကွာရန်တင်းဝင်ရောက်ခြင်းတို့ကိုမပြုစေတော့ဘဲ သွားလာခွင့်ပြုရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးကြသည်။

ထို့နောက် ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လိုအပ်သည့်ဆုံးဖြတ်လမ်းညွှန်ချက်ပေးခြင်းများ ဆောင်ရွက်ပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ကိုဗစ် – ၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးအစီအစဉ်များ အပါအဝင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် ရေတို၊ ရေရှည်အစီအမံများနှင့် စပ်လျဉ်း၍ ယခုသီတင်းပတ်အတွင်း သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကုန်စိမ်းသီးနှံများ ထုတ်လုပ်သည်မှ ဈေးကွက်ဝင်ရောက်နိုင်သည်အထိ သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေးနှင့် မှိုစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးစေ့နှင့်နည်းပညာရရှိရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၇

၂၀၂၀ ပြည့်နှစ် ဆောင်းရာသီထုတ်လုပ်မည့် ကုန်စိမ်းသီးနှံများ ထုတ်လုပ်သည်မှ ဈေးကွက်ဝင်ရောက်နိုင်သည်အထိ သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေးနှင့် မှိုစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးစေ့နှင့်နည်းပညာရရှိရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



### သီးနှံပြောင်းလဲစိုက်ပျိုး

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့် က ယခု ကိုဗစ်-၁၉ ကာလတွင် ထွက်ပေါ်လာမည့် သီးနှံများကို ဈေးကွက်သို့ရောက်ရှိရန် ကန့်သတ်ချက်၊ တားမြစ်ချက်များကြောင့် စားသောက်ဆိုင်များ၊ ဈေးဆိုင်များ ကုန်စည်သယ်ယူပို့ဆောင်ရေးများ၌ အခက်အခဲများ ဖြစ်ပေါ်နေကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါ ဒုတိယလှိုင်းကြောင့် ကန့်သတ်မှုများရှိလာပြီး သီးနှံထုတ်လုပ်မှုကွင်းဆက်တစ်ခုလုံး ထိခိုက်လာနိုင်သဖြင့် ကြိုတင်စီမံမှုများ လိုအပ်လာပါကြောင်း၊ အဆိုပါ သီးနှံများအတွက် သွင်းအားစုများနှင့် အရည်အသွေးပြည့် ဓာတ်မြေဩဇာများ မှန်မှန်ကန်ကန် လျင်လျင်မြန်မြန်ရရှိရန်လည်း လိုအပ်ပါကြောင်း၊ တရုတ်နယ်စပ်သို့ ဖရဲသခွားတင်ပို့ရန်အတွက် နယ်စပ်တွင် ကန့်သတ်မှုများရှိနေ၍ ကုန်စည်စီးဆင်းမှု နှောင့်နှေးနေပြီး သီးနှံစိုက်ပျိုးသူများ ထိခိုက်နစ်နာမှုများရှိကြောင်း၊ တောင်သူများအနေဖြင့် ဈေးကွက်အခြေအနေကိုကြည့်၍ သီးနှံများကို ပြောင်းလဲစိုက်ပျိုးရန်လည်း လိုအပ်ပါကြောင်း၊ တစ်ဖက်နိုင်ငံ၏ စားသုံးမှုလည်း ကျဆင်းလာသကဲ့သို့ စားသောက်ဆိုင်များ၌ ကြက်သွန်၊ ဂေါ်ဖီသုံးစွဲမှုနှုန်း ကျဆင်းလာသဖြင့် ဝယ်လိုအားလည်း ကျဆင်းလာသည်ကို တွေ့ရှိရပါကြောင်း၊ ပုပ်သိုးလွယ်သီးနှံများ ပြည်တွင်းဈေးကွက်သို့ လျင်လျင်မြန်မြန် ပို့ဆောင်နိုင်ရန်အတွက် ဖြစ်ပေါ်နေသည့် အတားအဆီးများကို ဌာနများ၊ အသင်းအဖွဲ့များပေါင်းစပ်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကိုဗစ်-၁၉ ကြောင့် ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အကန့်အသတ်များရှိနေပါကြောင်း၊ အလုပ်သမားများ၊ စိုက်ပျိုးထုတ်လုပ်သူများပါဝင်သည့် ကွင်းဆက်တစ်ခုလုံးအတွက် စံသတ်မှတ်ချက်၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲအဖြေရှာပေးနိုင်ပါက ကောင်းမွန်နိုင်ပါကြောင်း၊ မှိုစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် အရင်းအနှီးလိုအပ်မှုကို သမဝါယမချေးငွေမှ ရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မှိုစိုက်ပျိုးထုတ်လုပ်ရာတွင် အဓိကလိုအပ်သော သွင်းအားစု၊ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးနည်းစနစ်များရရှိရေး ဆောင်ရွက်ပေးခြင်း၊ မှိုစိုက်ပျိုးနည်းစနစ်များကို သင်တန်းပို့ချပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြည်တွင်းတွင် ကုန်တင်ယာဉ်များကန့်သတ်မှုရှိနေပြီး တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့နှင့်လည်း ကုန်းကြောင်းကုန်သွယ်မှုကို အဟန့်အတားဖြစ်နေကြောင်း၊ ထိုသို့ဖြစ်ပေါ်နေမှုကို မည်သို့ကျော်လွှားကြမည်လဲဆိုသည်ကိုဆွေးနွေးရန် လိုအပ်ပါကြောင်း၊ Cold Storage၊ Packing House နှင့် Logistic Commodity Exchange Center များထူထောင်နိုင်ပါက ကုန်စည်စီးဆင်းမှု ချောမွေ့လာနိုင်ပါကြောင်း၊ ပြည်ပဝယ်လိုအားကို ထိန်းညှိရောင်းချနိုင်ပါက ပုပ်သိုးပျက်စီးမှု၊ ဈေးနှုန်းကျဆင်းမှုများကို ရှောင်ရှားနိုင်မည်ဖြစ်ပါကြောင်း၊ သီးနှံကုန်စည်ဒိုင်များကို မန္တလေး၊ လားရှိုးနှင့် တန့်ယန်း (နမ့်ဖတ်ကာ) ဒေသများတွင် တည်ထောင်နိုင်ပါက ပြည်ပတင်ပို့မှုကို အထောက်အကူပြုနိုင်ကြောင်း၊ Stay Home ကာလတွင် စားသုံးသူများကို ကုန်စည်ရောင်းချသည့် ဈေးကားများဖြင့် မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချ သူများအသင်းက ဆောင်ရွက်ပေးနေသည်များရှိပါကြောင်း၊ ကုန်းကြောင်းပိုင်းသာမက လေကြောင်းလိုင်းဖြင့်လည်း တင်ပို့မှုများ စီစဉ်နိုင်ရန်လိုအပ်ပါကြောင်း၊ သီးနှံထွက်ရှိရာဒေသမှ အနီးဆုံးနိုင်ငံများသို့ တင်ပို့နိုင်ရေး ဆွေးနွေးကြရန်လည်း လိုအပ်ပါကြောင်း၊ ကုန်သည်များအနေဖြင့် တင်ပို့လိုသည့် နိုင်ငံများကို အဆိုပြုပေးပါက စီးပွားရေးသံမှူးများနှင့် ချိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း၊ မှိုစိုက်ပျိုးမှုချဲ့ထွင်ရန် လိုအပ်ပါကြောင်း၊ မှိုသည် ပရိုတင်းဓာတ်ကြွယ်ဝ၍ အာဟာရရှိသဖြင့် ဈေးကွက်ဖန်တီးပေးနိုင်ရန် လိုအပ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ မှိုစိုက်ပျိုးမှုများပြားပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးသို့ ရောင်းချလျက်ရှိရာ မှိုစိုက်ပျိုး ထုတ်လုပ်မှုတိုးတက်စေရေးအတွက် ဓာတ်ခွဲခန်း၊ ပေါင်းတင်စက်စသည်များ ပံ့ပိုးပေးရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် တက်ရောက်လာသူများအနေဖြင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ရေချို၊ ရေငန် ငါး၊ ပုစွန်ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး Virtual Meeting ဖြင့် ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ရေချို၊ ရေငန် ငါး၊ ပုစွန်ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းတွင် Virtual Meeting စနစ်ဖြင့်ကျင်းပသည်။



**ဥပဒေပြဋ္ဌာန်း၍ စီမံခန့်ခွဲ**

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ငါးကဏ္ဍတစ်ရပ်လုံး ရေရှည်တည်တံ့မှုရှိစေပြီး ငါးရိက္ခာများ သားစဉ်မြေးဆက် ထုတ်ယူသုံးစွဲနိုင်ရန်အတွက် သက်ဆိုင်ရာလုပ်ငန်းရပ်များအလိုက် ဥပဒေများပြဋ္ဌာန်း၍ စီမံခန့်ခွဲခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာနှင့် အာဆီယံဒေသတွင်းမှ ငါးလုပ်ငန်းဆိုင်ရာ သဘောတူညီထားခြင်းများနှင့်အညီ လက်တွေ့နယ်ပယ်အသီးသီးတွင် အလေးထားလိုက်နာဆောင်ရွက်ရေး တစ်နိုင်တစ်ပိုင်မှသည် စီးပွားရေးအရ အမြောက်အမြား ထုတ်ယူသုံးစွဲနေသော လုပ်ငန်းရပ်ဆက်စပ်သူများအနေဖြင့် အဆိုပါ ပြဋ္ဌာန်းချက်များကို သိရှိနိုင်ရေးနှင့် လိုက်နာကျင့်သုံးရေးတို့အတွက် ဌာနတာဝန်ရှိသူများက အစဉ်တစိုက် ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ခေတ်မီ ရေချို၊ ရေငန် ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ကြခြင်းဖြင့် ငါးလုပ်ငန်းများ ဘက်စုံခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ၊ ငါးလုပ်ငန်းများကို စီးပွားဖြစ်လုပ်ကိုင်ကြသူများနှင့် ရေလုပ်သားများ၏ လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရန်တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်နှင့် တာဝန်ရှိသူများက ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအလိုက် တင်ပြကြရာ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးကြသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ရေသတ္တဝါ မွေးမြူရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ငါး၊ ပုစွန်သားဖောက်စခန်းများက ငါး၊ ပုစွန် မျိုးကောင်း၊ မျိုးသန့်များအား သားဖောက်ထုတ်လုပ်ခြင်း၊ တစ်ပိုင်တစ်နိုင် ငါးသားဖောက်ရုံများက သားဖောက်ထုတ်လုပ် ဖြန့်ဖြူးပေးခြင်း၊ အခြေခံ ငါးဆေးထိုးသားဖောက် စာတွေ့လက်တွေ့ သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း ၊ အစားအစာဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ မွေးမြူရေးကျင့်စဉ်ဖြစ်သည့် GAqP စနစ်နှင့်အညီ မွေးမြူထုတ်လုပ်နိုင်ရေး ဆောင်ရွက်ခြင်း၊ သဘာဝရေ မြေနှင့်ကိုက်ညီစွာ မွေးမြူနိုင်စေရန် (Genetically Improved Farmed Tilapia– GIFT Tilapia) GIFT တီလားပီးယားမျိုးစိတ်များ တင်သွင်း၍ ဌာနစခန်းများတွင် မျိုးပွားစေပြီး နေရာဒေသမရွေး မွေးမြူနိုင်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

အလားတူ စီးပွားဖြစ်မွေးမြူရန် ဈေးကွက်ဝင်ငါးမျိုးစိတ် ၂၀ မျိုး အောင်မြင်စွာ သားဖောက်ထုတ်လုပ်ခြင်း၊ အသားတိုးမွေးမြူခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်း တိုင်းရင်းငါးမျိုးစိတ်များ ထိန်းသိမ်းရေး၊ ဂရန်အင်းများ တိမ်ကောပပျောက်မှုမှ ကာကွယ်နိုင်ရေးနှင့် ငါးအထွက်နှုန်းတိုးစေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အင်းပေါင်း ၁၁ အင်းကို ၂၀၁၄ –၂၀၁၅ ခုနှစ်မှစတင်၍ သုတေသန အင်းများအဖြစ် ဆောင်ရွက်ခဲ့ပြီး အင်း ၁၁ အင်း၌ ၂၀၁၉–၂၀၂၀ ပြည့်နှစ်မှ ၂၀၂၁–၂၀၂၂ ခုနှစ်အထိ သုံးနှစ် ဆက်လက်လုပ်ကိုင်ခွင့်ပြုပေးခဲ့သည်။

ငါးဖမ်းရေယာဉ်များ၌ ရေယာဉ်စောင့်ကြည့် ထိန်းချုပ်ရေးစနစ် (Vessel Monitoring System–VMS )ကို ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် စတင်လုပ်ဆောင်ခဲ့သဖြင့် တရားမဝင် ငါးဖမ်းဆီးခြင်းမှရရှိသည့် ရေထွက်ကုန်ပစ္စည်းများ ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းသို့ ဝင်ရောက်မှုမရှိစေရေး၊ ငါးဖမ်းရေယာဉ်များ တရားမဝင် လုပ်ငန်းလုပ်ကိုင်မှု လျော့နည်းလာစေရေး ဆောင်ရွက်နိုင်ခဲ့ကာ အဆိုပါလုပ်ငန်းကို စဉ်ဆက်မပြတ်စစ်ဆေးကြီးကြပ်ပြီး အရေးယူ ဆောင်ရွက်သွားမည်ဖြစ်သည်။

**ဈေးကွက်ချဲ့ထွင်တင်ပို့**

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ မွေးမြူရေးထွက်ကုန်များ တင်ပို့နိုင်ရေးအတွက် အမျိုးသားအဆင့် ဓာတ်ကြွင်းစောင့်ကြည့်စစ်ဆေးမှုအစီအမံ (National Residue Monitoring Plan)ကို ၂၀၁၄–၂၀၁၅ ခုနှစ်မှစပြီး အကောင်အထည်ဖော်လာခဲ့ရာ ၂၀၁၉ ခုနှစ် မေ ၁ ရက်မှစ၍ မြန်မာနိုင်ငံ၏ မွေးမြူရေး ရေထွက်ကုန် ၁၀ မျိုးကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ ဈေးကွက်ချဲ့ထွင် တင်ပို့လျက်ရှိသည်။

ထို့ပြင် ငါးလုပ်ငန်းဦးစီးဌာန၏ အဏုစိပ် သရုပ်ခွဲခြင်းဆိုင်ရာဓာတ်ခွဲခန်းကို ထိုင်းနိုင်ငံ BLQS (Bureau of Laboratory Quality Standard) DMSc ဌာနမှ ISO:IEC 17025:2017 Version Certificate အား ၂၀၂၀–၂၀၂၂ အထိ နှစ်နှစ်တာ ဆက်လက် သက်တမ်းတိုး ဆောင်ရွက်နိုင်ရေး လိုအပ်သည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မန္တလေးတက္ကသိုလ် မြကွန်းသာအငြိမ့်အဖွဲ့ ဖျော်ဖြေမှုစတင်ရိုက်ကူး

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ်အဖြစ် မန္တလေးတက္ကသိုလ် မြကွန်းသာအငြိမ့်အဖွဲ့ ဖျော်ဖြေတင်ဆက်မှုကို ရန်ကုန်မြို့ MRTV စတူဒီယိုတွင် ယနေ့ ရိုက်ကူးသည်။

မန္တလေးတက္ကသိုလ် မြကွန်းသာအငြိမ့်အဖွဲ့တွင် မင်းသမီး အိမ့်သူမင်း (ဒုတိယနှစ် မြန်မာစာ)နှင့် လူရွှင်တော်များအဖြစ် စည်သူငြိမ်း (ပထမနှစ် မဟာဝိဇ္ဇာ၊ မြန်မာစာ)၊ မင်းမင်းစိုး (ဒုတိယနှစ် မဟာဝိဇ္ဇာ၊ မြန်မာစာ)၊ အောင်ကျော်ဖြိုး (စတုတ္ထနှစ် မြန်မာမှုပညာ) ၊ ကျော်သီဟစိုး (ပထမနှစ် မြန်မာမှုပညာ)တို့က ဟာသပြက်လုံးများဖြင့် ပြည်သူများ စိတ်အပန်းပြေစေရန် ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်သည်။ ။

နောက်ခံမြန်မာဆိုင်းဝိုင်းအနေဖြင့် စတားဗိုလ်လှိုင်းနှင့်အဖွဲ့ (မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)မှ ဦးဆောင်၍ ရွာစားအောင်ဝမ်းတူးနှင့် ရွှေပန်တျာဇော်လင်းထက်တို့ ပါဝင်တင်ဆက်မည်ဖြစ်သည်။

မင်းသမီးအကအလှကို အကနည်းပြအဖြစ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် သဘင်ပညာဌာနမှ လက်ထောက်ကထိက ဆရာဦးစိုးညွန့်အောင်က သင်ကြားပို့ချပေးခြင်းဖြစ်ပြီး လူရွှင်တော်ပြက်လုံးခွင်ပိုင်းဆိုင်ရာကို လူရွှင်တော်ကြီးဦးချစ်စရာနှင့် ဦးထင်ပေါ်တို့က သင်ကြားပေးကာ အငြိမ့်တေးသီချင်းများကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ဂီတပညာဌာန အငြိမ်းစားတွဲဖက်ပါမောက္ခ ဂီတမှူး စန္ဒရားဦးတင်ဝမ်းနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ဂီတပညာဌာန တွဲဖက်ပါမောက္ခ ဦးဇော်မိုးကျော်တို့က ရေးသားဖန်တီးထားသည်။

အဆိုပါ မန္တလေးတက္ကသိုလ် မြကွန်းသာအငြိမ့်အဖွဲ့ ဖျော်ဖြေတင်ဆက်မှုကို နိုဝင်ဘာ ၂၁ ရက် ည ၉ နာရီတွင် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



○ ကျောဖုံးမှ

| စဉ် | ပါတီ/ တစ်သီးပုဂ္ဂလ | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်း/ပြည်နယ်လွှတ်တော် | တိုင်းရင်းသားလူမျိုး | စုစုပေါင်း |
|---|---|---|---|---|---|---|
| (က) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂၅၈ | ၁၃၈ | ၅၀၁ | ၂၃ | ၉၂၀ |
| (ခ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆ | ၇ | ၃၈ | - | ၇၁ |
| (ဂ) | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၃ | ၂ | ၂၇ | - | ၄၂ |
| (ဃ) | ရခိုင်အမျိုးသားပါတီ | ၄ | ၄ | ၇ | - | ၁၅ |
| (င) | တအာင်း(ပလောင်)အမျိုးသားပါတီ | ၃ | ၂ | ၇ | - | ၁၂ |
| (စ) | မွန်ညီညွတ်ရေးပါတီ | ၂ | ၃ | ၆ | ၁ | ၁၂ |
| (ဆ) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃ | ၁ | ၇ | - | ၁၁ |
| (ဇ) | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ | ၂ | ၃ | ၃ | - | ၈ |
| (ဈ) | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁ | - | ၃ | - | ၄ |
| (ည) | ရခိုင့်ဦးဆောင်ပါတီ | ၁ | - | ၂ | - | ၃ |
| (ဋ) | ‘ဝ’ အမျိုးသားပါတီ | ၁ | - | ၂ | - | ၃ |
| (ဌ) | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ | ၁ | ၂ |
| (ဍ) | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁ | - | ၁ | - | ၂ |
| (ဎ) | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ | ၁ | ၂ |
| (ဏ) | ဒီမိုကရေစီပါတီသစ်(ကချင်) | - | ၁ | ၁ | - | ၂ |
| (တ) | ကယန်းအမျိုးသားပါတီ | - | - | - | ၁ | ၁ |
| (ထ) | ကရင်ပြည်သူ့ပါတီ | - | - | ၁ | - | ၁ |
| (ဒ) | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | - | - | ၁ | - | ၁ |
| (ဓ) | ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | - | - | ၁ | - | ၁ |
| (န) | တစ်သီးပုဂ္ဂလ | - | - | ၂ | ၂ | ၄ |
| | **စုစုပေါင်း** | ၃၁၅ | ၁၆၁ | ၆၁၂ | ၂၉ | ၁၁၁၇ |

၄။ သို့ဖြစ်ပါ၍ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အထက်အပိုဒ် ၃ ပါ နိုင်ငံရေးပါတီ ၁၉ ပါတီ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ် ၁၁၁၃ ဦးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ် ၄ ဦးတို့ကို ရွေးကောက်တင်မြှောက်ပြီးဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၄၄၅ ဦးနှင့် ပြည်တွင်းအလုပ်နေရာ ၇၄၄၂ ဦး ခန့်ထားနိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၁၇**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေတိုးပွားစေရေး အတွက်ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်း တို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**အလုပ်အကိုင် ဆောင်ရွက်ပေးနိုင်ခဲ့**

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေး ဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များ ရရှိစေရေး နှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် အွန်လိုင်းမှ ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင် လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအနေဖြင့် အစိုးရအလုပ်အကိုင် ၂၁၈၅ ဦးနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၅၂၅၇ ဦး စုစုပေါင်း ၇၄၄၂ ဦးကို အလုပ် အကိုင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ပြည်ပအလုပ်အကိုင် စေလွှတ်နိုင်ခဲ့**

၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင် ရရှိမှုအနေဖြင့် ကိုရီးယားနိုင်ငံသို့ ၁၀၂ ဦးနှင့် ဂျပန်နိုင်ငံသို့ ၃၄၃ ဦး စုစုပေါင်း ၄၄၅ ဦးကို အလုပ်အကိုင်အတွက် စေလွှတ်နိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# အကြိမ်(၂၀)မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် (၅)ကြိမ်မြောက် အာဆီယံ+၃ နိုင်ငံ့ဝန်ထမ်းအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၁၇**

အကြိမ်(၂၀)မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် (၅)ကြိမ်မြောက် အာဆီယံ+၃ နိုင်ငံ့ဝန်ထမ်းအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးများတွင် ထိုင်းနိုင်ငံ နိုင်ငံ့ဝန်ထမ်း ကော်မရှင်ရုံး ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Dr. Piyawat Sivaraks က အဖွင့်အမှာစကား ပြောကြား သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူ များက အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက် ရေးကဏ္ဍ၏ လုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၀)အောက်ရှိ အကောင်အထည်ဖော်ခဲ့သည့် လုပ်ငန်းစဉ်များအပေါ် ဆန်းစစ်သုံးသပ်ပြီး နောင်လာမည့် ငါးနှစ်တာကာလ အတွင်း ပိုမိုထိရောက်အကျိုးရှိစေရေး၊ အာဆီယံနိုင်ငံ့ ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၏ လုပ်ငန်း စီမံချက် (၂၀၂၁-၂၀၂၅)နှင့် အာဆီယံ+၃ နိုင်ငံများ၏ နိုင်ငံ့ ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ လုပ်ငန်း စီမံချက် (၂၀၂၁-၂၀၂၅) ကိစ္စရပ်များကို အကြံပြုဆွေးနွေး ကြပြီး အာဆီယံ၏ အခြားဆက်စပ်အစည်းအဝေးများမှ အာဆီယံ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍနှင့် သက်ဆိုင်သည့် အတည်ပြုချက်နှင့် ဆုံးဖြတ်ချက် များအပေါ် လေ့လာသုံးသပ်ကြသည်။

ထို့ပြင် နိုဝင်ဘာ ၁၈ ရက်တွင် ကျင်းပမည့် အကြိမ် (၂၀)မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီး အကဲများအစည်းအဝေးနှင့် (၅)ကြိမ်မြောက် အာဆီယံ+၃ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများ အစည်းအဝေး အစီအစဉ်တို့ကို အတည်ပြုပြီး (၂၁)ကြိမ်မြောက် အာဆီယံ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၏ ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းထမ်းဆောင်မည့် ဗီယက်နမ်နိုင်ငံ မှ အဆင့်မြင့်အရာရှိကြီးက အလှည့်ကျတာဝန်ယူသည့် ကာလအတွင်း ကြိုတင်ပြင်ဆင်ထားရှိမှုများကို ရှင်းလင်း တင်ပြသည်။

အဆိုပါအစည်းအဝေးများသို့ အာဆီယံနိုင်ငံအသီးသီး မှ နိုင်ငံ့ဝန်ထမ်းကဏ္ဍဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ နှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်တင်စိုး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။ **သတင်းစဉ်**



# (၃၈)ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ စွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၇**

(၃၈)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်း အဝေးနှင့် ဆက်စပ်အစည်းအဝေးများ (38th ASEAN Ministers on Energy Meeting (AMEM) and Associated Meetings)ကို နိုဝင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ဗီယက်နမ် နိုင်ငံက အလှည့်ကျအိမ်ရှင်နိုင်ငံအဖြစ် ဗီဒီယိုကွန်ဖရင့်စနစ် ဖြင့် ကျင်းပလျက်ရှိသည်။

မြန်မာနိုင်ငံ၏ စွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီး အဖြစ် တာဝန်ယူထားသော လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးသန်းဇော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အစည်းအဝေးပထမနေ့အစီအစဉ် ဖြစ်သည့် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေး အတွက် အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီး များ၏ ကြိုတင်ပြင်ဆင်မှု အစည်းအဝေး(SOME Preparatory Meeting for the 38th AMEM)သို့ ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။

အဆိုပါ (၃၈) ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီး များ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို လေးရက်ကြာ ကျင်းပမည်ဖြစ်ရာ နိုဝင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများမှ AMEM နှင့် ဆက်စပ်အစည်းအဝေး များတွင် အတည်ပြုရန် ကိစ္စရပ်များအတွက် အကြိုညှိနှိုင်း အစည်းအဝေးများကိုလည်းကောင်း၊ နိုဝင်ဘာ ၁၉ ရက်နှင့် ၂၀ ရက် တို့တွင် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်း အဝေးနှင့် အခြားဆက်စပ်အစည်းအဝေးများဖြစ်သည့် (၁၄)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေး (14th EAS-EMM)၊ (၁၇)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ နှင့် ASEAN+3 နိုင်ငံများဖြစ်ကြသည့် တရုတ်၊ ဂျပန်၊ ကိုရီးယား အစည်းအဝေး၊ (၆)ကြိမ်မြောက် အာဆီယံ စွမ်းအင်ဝန်ကြီးများနှင့် အပြည်ပြည်ဆိုင်ရာ စွမ်းအင် အေဂျင်စီ အစည်းအဝေး (6th AMEM-IEA)၊ (၄)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများနှင့် အပြည်ပြည်ဆိုင်ရာ ပြန်ပြည့်မြဲစွမ်းအင်အေဂျင်စီအစည်းအဝေး (4th AMEM-IRENA) နှင့် ၂၀၂၀ အာဆီယံစွမ်းအင်ဆိုင်ရာလုပ်ငန်း ဖိုရမ် (2020 ASEAN Energy Business Forum (AEBF)) တို့ကိုလည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# "ရန်ကုန်တက္ကသိုလ်" ဝေါဟာရ၏ ဇာစ်မြစ်

## ဒလဘန်း

ရန်ကုန်တက္ကသိုလ်ကို စာဖတ်ပရိသတ်နှင့် အထူးမိတ်ဆက်ပေးရန် လိုမည်မထင်ပါ။ အထူးသဖြင့် ရန်ကုန်တက္ကသိုလ်နှစ် (၁၀၀) ပြည့်အထိမ်းအမှတ် ဆောင်းပါး၊ စာပေ၊ ကဗျာများကို ယနေ့ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှာ မကြာခဏ တွေ့မြင်ဖတ်ရှုနေကြရ၍ ရန်ကုန်တက္ကသိုလ်နှင့် စာဖတ်ပရိသတ်တို့ တရင်းတနှီး ရှိနေကြမည်ထင်သည်။ စာနယ်ဇင်းမှာသာမက ရုပ်မြင်သံကြားအစီအစဉ်မှလည်း ရန်ကုန်တက္ကသိုလ် သီချင်း၊ ဇာတ်လမ်း၊ သမိုင်းကြောင်းအစီအစဉ်များ ထုတ်လွှင့်နေမှုကြောင့် စာမဖတ်ဖြစ်သူများအတွက်ပင် ရန်ကုန်တက္ကသိုလ်ဟူသည့်ဝေါဟာရက မစိမ်းတော့ပါ။

အမှန်တကယ်တွင် ရန်ကုန်တက္ကသိုလ်တည်းဟူသော ဤအခေါ်အဝေါ် အသုံးအနှုန်းမှာ ယနေ့ အများသိနေကြသည့် ရန်ကုန်တက္ကသိုလ်ကြီး ဖြစ်ပေါ်လာပြီး ၁၀ နှစ်ခန့်အကြာတွင်မှ တရားဝင်သုံးနှုန်းတွင်ကျယ်လာခြင်း ဖြစ်ပါသည်။ စင်စစ် ရန်ကုန်တက္ကသိုလ်ကြီး နှစ် (၁၀၀) ပြည့်ချိန်၌ ရန်ကုန်တက္ကသိုလ် အခေါ်အဝေါ်က ရာပြည့်နှစ်ရောက်ရန် ဆယ်စုနှစ်တစ်ခုခန့် လိုနေသေးပါသည်။

ဗြိတိသျှတို့ မြန်မာနိုင်ငံကို အုပ်စိုးနေသည့် ကာလတစ်ချိန်က နှစ်ခြင်းကောလိပ် (Baptist College) နောင်အခါတွင် သာသနာပြုနှင့် မြန်မာအင်္ဂလိပ် အဘိဓာန်ပညာရှင် ဆရာကြီး ယုဒသန် (Adoniram Judson)ကို ဂုဏ်ပြုသောအားဖြင့် ၁၉၁၈ ခုနှစ်၌ ပြောင်းလဲမှည့်ခေါ်ခဲ့သော ဂျပ်ဆင်ကောလိပ်ခေါ် ယုဒသန်ကောလိပ်ရှိခဲ့သည်။ ထို့အပြင် ရန်ကုန်ကောလိပ် (Rangoon College – ၁၈၇၈)၊ အစိုးရကောလိပ် (Government College – ၁၉၀၄) ဟူ၍ အမည်အဆင့်ဆင့်ပြောင်းလဲကာ ယူနီဘာစီတီကောလိပ် (University College – ၁၉၂၀) ဟူ၍လည်း ကျောင်းတစ်ကျောင်း ရှိလေသေးသည်။ အဆိုပါ ယုဒသန်ကောလိပ်နှင့် ယူနီဘာစီတီကောလိပ်တို့သည် ၁၉၂၀ ပြည့်နှစ်အထိ အိန္ဒိယနိုင်ငံ ကာလကတ္တား ယူနီဘာစီတီ (Calcutta University) လက်အောက်ခံကောလိပ်များ ဖြစ်ခဲ့ကြပါသည်။

**Burma Act No. IX of 1920**

**THE UNIVERSITY OF RANGOON**


**ACT, 1920**

ကို မြန်မာနိုင်ငံ ဒုတိယဘုရင်ခံ ဆာရယ်ဂျီနယ်ခရက်ဒေါက် (Sir Reginald Henry Craddock) က ၁၉၂၀ ပြည့်နှစ် စက်တင်ဘာလ ၂၆ ရက်မှာ သဘောတူ လက်မှတ်ရေးထိုးပြီး အောက်တိုဘာလ ၂၄ ရက်နေ့မှာ အိန္ဒိယဘုရင်ခံချုပ် Lord Chelmsford က အဆိုပါ ရန်ကုန်ယူနီဘာစီတီ အက်ဥပဒေကို အတည်ပြုပေးခဲ့ပါသည်။ ဤအက်ဥပဒေကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှာ စတင် အသုံးပြုမည့်အကြောင်း ယူနီဘာစီတီကောလိပ် ကျောင်းအုပ်ကြီး မက်သယူးဟန်းတား (Matthew Hunter) က နိုဝင်ဘာ ၃၀ ရက်နေ့မှာ ကြေညာခဲ့သည်။ ထို့ကြောင့် ရန်ကုန်ကောလိပ်မှတစ်ဖြစ်လဲ ယူနီဘာစီတီကောလိပ်နှင့် နှစ်ခြင်းကောလိပ်မှ တစ်ဖြစ်လဲ ယုဒသန်ကောလိပ်/ဂျပ်ဆင်ကောလိပ်တို့သည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရန်ကုန်ယူနီဘာစီတီ လက်အောက်သို့ တစုတစည်းတည်း ရောက်ရှိသွားကြပြီး ကာလကတ္တားယူနီဘာစီတီ အုပ်ချုပ်မှုအောက်မှ ကင်းလွတ်ခဲ့ကြပါသည်။

ဗြိတိသျှအုပ်ချုပ်မှုအောက် ရန်ကုန်ယူနီဘာစီတီ၏ အင်္ဂလိပ်ဘာသာဖြင့် အခေါ်အဝေါ်များကို ဆီလျော်သော မြန်မာ သို့မဟုတ် ပါဠိဘာသာ အခေါ်အဝေါ်များသို့ ပြောင်းလဲရန် မြန်မာဆရာကြီးများ၊ ပညာရှင်ကြီးများက ဆန္ဒပြင်းပြရှိကြသည်။ ထို့ကြောင့် ၁၉၃၀ ပြည့်နှစ် နွေရာသီကျောင်းပိတ်ရက်တွင် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၊ ကဝိမျက်မှန် ဆရာဝ၊ ပါမောက္ခဆရာကြီး ဦးဖေမောင်တင်၊ အဂ္ဂမဟာပဏ္ဍိတ ဆရာလင်း၊ ဝေလမင်းသားဆုရ ဆရာပွား၊ ဆရာထင်၊ ဝေလမင်းသားဆုရ ဆရာဦးဘသောင်း၊ ဆရာညွှန့်၊ ဆရာဦးထွန်းဖေတို့သည် ယူနီဘာစီတီ ကောလိပ်၌ စုဝေး၍ အစည်းအဝေးထိုင်ပြီး အင်္ဂလိပ်ဘာသာ အခေါ်အဝေါ်အသုံးအနှုန်းများထဲမှာ မြန်မာဘာသာဖြင့် တိုက်ရိုက်အသံဖလှယ်ထားသည့် စကားလုံးအချို့ကို မြန်မာ သို့မဟုတ် ပါဠိဘာသာသို့ ဆွေးနွေးညှိနှိုင်း ပြန်ဆိုခဲ့ကြသည်။


ဥပမာအားဖြင့် University ကို "တက္ကသိုလ်"၊ College ကို "ကျောင်းတိုက်ကြီး"၊ Professor ကို "ပါမောက္ခဆရာကြီး"၊ Lecturer ကို "ကထိက"၊ Demonstrator ကို "သရုပ်ပြဆရာ"၊ Tutor ကို "နည်းပြဆရာ"၊ Principal ကို "ကျောင်းအုပ်ကြီး"၊ Warden ကို "အဆောင်မှူး"၊ Hall-Hostel ကို "ကျောင်းဆောင်"၊ M.A ကို မဟာဝိဇ္ဇာ၊ M. Sc ကို မဟာသိပ္ပံ၊ Convocation ကို "ဘွဲ့နှင်းသဘင်" စသည်ဖြင့် စကားလုံးပေါင်း ၅၀ ကျော်ကို ထိုအစည်းအဝေးက ဆွေးနွေးညှိနှိုင်း ပြန်ဆိုခဲ့ကြသည်။ ထိုအစည်းအဝေးမှတ်တမ်းကို "တက္ကသိုလ် ခေါ် ရန်ကုန်ယူနီဘာစီတီနှင့် မြန်မာအခေါ်အဝေါ်" ခေါင်းစဉ်ဖြင့် ၁၉၃၀ ပြည့်နှစ် ဩဂုတ်လ ၂ ရက်နေ့ထုတ် သူရိယသတင်းစာ၌ ဖော်ပြထားသည့်အတိုင်း ပူးတွဲဖော်ပြထားပါသည်။

စာမျက်နှာ ၇ သို့ ❍



2-8-30

University.
College.
Arts.
Science.
Chancellor.
Vice Chancellor.
Pro Vice Chancellor.
Principal.
Hall-Hostel.
Warden.
Lecturer.
Lecture.
M. A.
M. Sc.
Professor.
Intermediate.
Governing Body.
Senate.
Committee.
Dean of Medical Studies.
Doctor.
Fellow.
Union.
Convocation.
Registrar.
Executive Committee.
Board of Moderators.
Board of Studies.
Reader in Far Eastern History.
Board of Examiners.
Chemistry.
Botany.



Physics.
Biology.
Zoology.
Geology.
Engineering.
Astronomy.
Laboratory.
Mathematics.
Civil Engineering.
Mechanical Engineering.
Fine Arts.
Surgery.
Physiology.
Anatomy.
Pathology.
Midwifery.
Gynaecology.
Logic.
Philosophy.
Demonstrator.
Tutor.

၁၉၃၀ ပြည့်နှစ် ဩဂုတ်လ ၂ ရက်နေ့ထုတ် သူရိယသတင်းစာ၌ "တက္ကသိုလ်ခေါ် ရန်ကုန်ယူနီဘာစီတီနှင့် မြန်မာအခေါ်အဝေါ်များ" ခေါင်းစဉ်ဖြင့် ဖော်ပြထားမှုကို တွေ့ရစဉ်။


❍ စာမျက်နှာ ၆ မှ

သူရိယသတင်းစာကို လေ့လာရာတွင် မြန်မာပညာရှင်ကြီးတို့၏ အားထုတ်မှုကြောင့် ယူနီဘာစီတီကောလိပ်ကို “တက္ကသိုလ်ကျောင်းတိုက်ကြီး” ဟူ၍ လည်းကောင်း၊ ပရော်ဖက်ဆာကို “ပါမောက္ခဆရာကြီး” ဟူ၍လည်းကောင်း စတင်ခေါ်ဝေါ် သုံးစွဲလာခြင်းကို အထောက်အထားများအရ တွေ့ရှိရပါသည်။ အဘတို့ ကျောင်းမဂ္ဂဇင်းကိုကား University College Magazine ဟုပင် ခေါ်ဝေါ်သုံးစွဲဆဲဖြစ်ကြောင်း မှတ်သားရသည်။ အထောက်အထားအဖြစ် မဂ္ဂဇင်းအဖုံးမိတ္တူကို ပူးတွဲ ဖော်ပြထားပါသည်။


The UNIVERSITY COLLEGE MAGAZINE
VOL. XX. DECEMBER. 1929. No. 1.

University College Magazine အဖုံးမိတ္တူအား တွေ့ရစဉ်။

၁၉၃၀ ပြည့်နှစ် ရောက်ခါနီး ၁၉၂၉ ခုနှစ် မတ်လတွင် ရန်ကုန်မြို့ စိန့်ဂျွန်းကောလိပ်ခေါ် ဆရာမှတ်ကြီးကျောင်း (St. John’s College) က အဘ (မင်းသုဝဏ်/ ဦးဝန်) ၁၀ တန်းအောင်မြင်ပြီး ထိုနှစ်ကုန်ပိုင်း ယူနီဘာစီတီ ကောလိပ်သို့ စတင်ကျောင်းဝင်ရန် မော်ကွန်းထိန်း Alexander Campbell လက်မှတ်တံဆိပ်ဖြင့် ၁၉၂၉ ခုနှစ် အောက်တိုဘာလ ၂၈ ရက် နေ့စွဲပါ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ပေးသော ၁၀ တန်းအောင် သက်သေခံလက်မှတ်ကို သမိုင်းအထောက်အထား တစ်ခုအနေဖြင့် ပူးတွဲဖော်ပြထားပါသည်။


UNIVERSITY OF RANGOON.

MATRICULATION CERTIFICATE

Dated Rangoon, the ........

This is to certify that Maung Wun
of University College has been duly registered as a Matriculated student of this University in accordance with the provisions of Chapter IV of the Regulations of the University of Rangoon Act, 1920.

His registration number is 3360 of 1929-30
and his registered date of birth is 10th February 1909.

Registrar,
University of Rangoon.

မော်ကွန်းထိန်း Alexander Campbell လက်မှတ်တံဆိပ်ဖြင့် ၁၉၂၉ ခုနှစ် အောက်တိုဘာလ ၂၈ ရက် နေ့စွဲပါ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ပေးသော ၁၀ တန်းအောင်လက်မှတ်ကို တွေ့ရစဉ်။

နိဂုံးချုပ်အားဖြင့် ၁၉၂၀ ပြည့်နှစ် ရန်ကုန်ယူနီဘာစီတီ အက်ဥပဒေအရ ပေါ်ပေါက်လာသည့် ရန်ကုန်ယူနီဘာစီတီကို နောင် ၁၀ နှစ်အကြာကာလ ၁၉၃၀ ပြည့် နှစ်ဦးပိုင်းတွင်မှ ယနေ့ အများသိရှိသုံးစွဲနေသည့် “ရန်ကုန်တက္ကသိုလ်” ဟူ၍ တရားဝင် စတင်သတ်မှတ်ခေါ်ဝေါ်ခဲ့ကြောင်း မိမိရှာဖွေတွေ့ရှိရသော အထောက်အထားများအပေါ် အခြေခံတင်ပြအပ်ပါသည်။

မှတ်ချက် (၁) ။ ။ ရန်ကုန်တက္ကသိုလ် စတင်ပေါ်ပေါက်လာသည့်အခါ ယူနီဘာစီတီ ကောလိပ်သို့ ကျောင်းသား ၆၉၂ ဦး၊ ဂျပ်ဆင်ကောလိပ်သို့ ကျောင်းသား ၁၃၇ ဦးတို့ တက်ရောက်ခဲ့ပါသည်။

မှတ်ချက် (၂) ။ ။ သူရိယသတင်းစာ ဖော်ပြချက်အရ Registrar ကို “စာရင်းထိန်း” ဟူ၍ ပြန်ဆိုထားသည်ကို သတိပြုမိပါသည်။

ကျမ်းကိုး –
၁။ တက္ကသိုလ်များသမိုင်းသုတေသနဌာန (၁၉၉၅)၊ ရန်ကုန်တက္ကသိုလ်သမိုင်း (၁၉၂၀ – ၁၉၉၅)၊ စာ ၈။
၂။ သူရိယသတင်းစာ (၂-၈-၁၉၃၀) ၊“တက္ကသိုလ် ခေါ် ရန်ကုန်ယူနီဘာစီတီနှင့် မြန်မာအခေါ်အဝေါ်”
၃။ University College Magazine, Vol. 20, No.` 1 (December, 1930)

# ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ရာပြည့်တက္ကသိုလ် မြကျွန်းညို ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရွေးချယ်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၇**

ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်မည့် ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား ရာပြည့်တက္ကသိုလ် မြကျွန်းညို ခေါင်းစဉ်ဖြင့် ပြန်ကြား ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဖိတ်ခေါ်ကျင်းပခဲ့သည်။ အဆိုပါ ပြိုင်ပွဲဝင် ဓာတ်ပုံများ ဆုစိစစ်ရွေးချယ်ခြင်းကို ယနေ့မွန်းလွဲ ၁ နာရီ တွင် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာခန်းမ (Recreation Center) ၌ ကျင်းပသည်။

**ပြိုင်ပွဲဝင်ဓာတ်ပုံ ၆၃၂ ပုံ ယှဉ်ပြိုင်**

ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ရန်ကုန်တက္ကသိုလ်၏ ခမ်းနားတင့်တယ်မှု၊ သမိုင်းအစဉ်အလာ ကြီးမြတ်မှုများ၊ ခေတ်အဆက်ဆက် ပြုပြင်ပြောင်းလဲမှုများ၊ ဖွံ့ဖြိုးတိုးတက်မှုများ၊ နိုင်ငံနှင့် လူမျိုးအတွက် အကျိုးပြုပုံရိပ်များ၊ အောင်မြင်ထူးချွန် ထင်ရှားသည့်လူပုဂ္ဂိုလ်များ၊ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် အဆောက်အအုံများ၊ ရန်ကုန်တက္ကသိုလ်နှစ်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်ခဲ့သည့် လှုပ်ရှားမှုများနှင့် ပွဲတော်ပုံရိပ်များ စသည့် ရန်ကုန်တက္ကသိုလ်၏ အနှစ်သာရကို ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရန် ဇွန် ၃၀ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ဖိတ်ခေါ်ခဲ့ပြီး ပညာရှင်၊ ဝါသနာရှင် ၉၇ ဦးက ပြိုင်ပွဲဝင်ဓာတ်ပုံပေါင်း ၆၃၂ ပုံကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**စိစစ်အကဲဖြတ်ရွေးချယ်**

ပြိုင်ပွဲဝင်ဓာတ်ပုံများ ဆုစိစစ်ရွေးချယ်ခြင်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်တက္ကသိုလ်မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ ဓာတ်ပုံပညာရှင်များက ပြိုင်ပွဲဝင်စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အကဲဖြတ် စိစစ်ရွေးချယ်ခဲ့ကြရာ ပထမဆုအဖြစ် ဌေးဝင်း (ရမ္မာဝတီ)၊ ဒုတိယဆုအဖြစ် ဦးထွန်းဝင်းနိုင်၊ တတိယဆုအဖြစ် အောင်မြင့်ထွေး၊ အထူးဆုများအဖြစ် အထူးဆု-၁ ပိုင်ဖြိုး (City News)၊ အထူးဆု-၂ ဦးတင်မြင့်၊ အထူးဆု-၃ မောင်မောင်ညှပ်၊ အထူးဆု-၄ ဦးကိုကိုထွေး၊ အထူးဆု-၅ မောင်မောင်ညှပ်တို့က ဆုများအသီးသီး ရရှိကြသည်။ ဆုပေးပွဲကျင်းပမည့်ရက်အား ထပ်မံအသိပေး အကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။

သတင်း-ရီရီမြင့်၊ ဓာတ်ပုံ-အောင်မြင့်(ပြန်/ဆက်)



**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

# တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းကဏ္ဍ

## အောင်နိုင်(တက္ကသိုလ်)

**ဆရာကြီး ဆရာမကြီးတို့၏ အသိပညာနှင့် အဘိဓမ္မာတို့ ကိန်းဝပ်ရာဘဏ္ဍာတိုက်၊**
**အဋ္ဌာရသ ပညာမိုးတို့ သွန်းဖြိုးရာ ပဒေသာကျွန်း၊**
**တစ်နှစ်တာဖြစ်ရပ်တို့၏ သိုမှီးရာသမိုင်းသိုက်၊**
**အချစ်ပန်းတို့ လှိုင်လှိုင်ပွင့်ရာ ဥယျာဉ်၊**
**စာပေဖန်တီးရှင်လုလင်လုံမတို့ ကလောင်သွေးရာပျိုးခင်း၊**

အထက်ပါအကြောင်းအရာတို့ ဆုံစည်းသိုမှီးရာသည် တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းပါတည်း။ တက္ကသိုလ်နှင့် နှစ်လည်မဂ္ဂဇင်းတို့သည် ကောင်းတူဆိုးဖက် ခရီးဆက်ခဲ့ကြသည်။ ခရီးဆက်နေဆဲ ဖြစ်ကြသည်။ ခရီးဆက်ကြပေဦးမည်။

### စာစောင်သုံးစောင်

ရန်ကုန်တက္ကသိုလ်သည် ခရစ်နှစ် ၁၉၂၀ ပြည့်နှစ်တွင် ပေါ်ထွန်းလာခဲ့သည်။ တက္ကသိုလ်နှစ်လည် မဂ္ဂဇင်းကတော့ ဘယ်ခုနှစ်တွင် မွေးဖွားလာခဲ့သနည်း။ လက်လှမ်းမီသမျှ လေ့လာကြည့်ဖြစ်ပါသည်။ ဤသို့ လေ့လာသောအခါ အဆိုပါစာစောင်သည် အမည်အမျိုးမျိုး ပြောင်းခဲ့သည်ကို တွေ့ရသည်။ နှစ်လည်မဂ္ဂဇင်းနှင့် အချင်းချင်း တည်မှီရာလည်းဖြစ်၊ သွေးသားလည်း တော်စပ်သည့် စာစောင်သုံးစောင်ရှိသည်။ ထိုစာစောင်တို့မှာ အိုးဝေဂျာနယ် (မဂ္ဂဇင်း)၊ တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း၊ ဂန္ထလောကမဂ္ဂဇင်းတို့ ဖြစ်ကြသည်။

ဂန္ထလောကမဂ္ဂဇင်းမှုကား တက္ကသိုလ်ကောလိပ်၊ တက္ကသိုလ်ကျောင်းတိုက်တို့နှင့် ဆက်နွယ်မှုရှိခဲ့သော်လည်း တက္ကသိုလ်ပြင်ပက စာစောင်သာဖြစ်သည်။ တက္ကသိုလ်ကျောင်းသားတို့ ပူးပေါင်းရေးသားကြသောကြောင့်သာ ဆက်နွယ်ခြင်းဖြစ်သည်။ အိုးဝေဂျာနယ်နှင့် တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်းတို့ကမူ တက္ကသိုလ်၏ သွေးရင်းသားရင်းတို့ပါတည်း။

လွတ်လပ်ရေးမရမီကာလက ထုတ်ဝေသော တက္ကသိုလ်စာစောင်ကို ကျောင်းတိုက်မဂ္ဂဇင်းဟု မဂ္ဂဇင်း (Magazine) အင်္ဂလိပ်အသံထွက်ကို ယူသုံးထားသော်လည်း လွတ်လပ်ရေးရပြီးနောက်တွင်မူ တက္ကသိုလ်နှစ်ပတ်လည်စာစောင်ဟု မြန်မာစကားကို ပြောင်းသုံးခဲ့ကြသည်။ သို့ရာတွင် စာစောင်ဟူသောအမည်သည် ယေဘုယျဆန်လွန်းသဖြင့် ရောထွေးနိုင်သောကြောင့်တွင်နေပြီဖြစ်သည့် မဂ္ဂဇင်းအမည်ကိုပင် ပြန်သုံးထားဟန်တူပါသည်။

မင်းသုဝဏ်ဋီကာစာအုပ်တွင် "၁၉၂၉ ခု ဒီဇင်ဘာလထုတ် တက္ကသိုလ်ကျောင်းတိုက်နှစ်ပတ်လည် မဂ္ဂဇင်း အတွဲ ၂၀၊ အမှတ် ၁ တွင် ဆရာကြီးမင်းသုဝဏ်၏ ကဗျာငါးပုဒ် စတင်ဖော်ပြသည်"ဟု မောင်ခင်မင်(ဓနုဖြူ)က ရေးထားသည်။ ပုံမှန်ထုတ်ဝေသည့်ဂျာနယ်၊ မဂ္ဂဇင်းတို့တွင် အတွဲ၊ အမှတ်ဟူသည့် ကိန်းဂဏန်းတို့ ရေးထိုးထားလေ့ရှိရာ အတွဲသည် ခုနှစ်၊ အမှတ်သည် ရက်သတ္တပတ် သို့မဟုတ် လ(month)သတ်မှတ်ခြင်းဖြစ်မည်။

အထက်ဖော်ပြပါ ၁၉၂၉ ဒီဇင်ဘာလထုတ် . . . အတွဲ ၂၀၊ အမှတ် ၁ သည် ကျောင်းတိုက်မဂ္ဂဇင်း၏ စတင်ရာကာလကို ဖော်ပြနိုင်သည်ဟု ယူဆပါသည်။ ထိုမဂ္ဂဇင်းထုတ်ဝေခဲ့သည်မှာ အနှစ် ၂၀ ကြာခဲ့ပြီဟု ဆိုရာရောက်ပါသည်။ ထို့ကြောင့် ကျောင်းတိုက်မဂ္ဂဇင်းထုတ်ခဲ့သည့် ခုနှစ်သည် (၁၉၂၉-၂၀)= ၁၉၀၉ ခုနှစ်ဟု ယူရလိမ့်မည်။

အိုးဝေမဂ္ဂဇင်းနှင့်ပတ်သက်၍မူ မောင်အောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း) အယ်ဒီတာအဖြစ်ဖြင့် ထုတ်ဝေခဲ့သည့် အတွဲ ၅၊ အမှတ် ၁ မဂ္ဂဇင်းကို ၁၉၃၆ ဟု ရေးထိုးထားရာ ထိုမဂ္ဂဇင်းစတင်ထုတ်ဝေခဲ့သည်မှာ ငါးနှစ်ကြာပြီဟု ယူရန်ရှိသည်။ ထို့ကြောင့် ထိုမဂ္ဂဇင်း (Oway or voice of the Peacock) စတင်ထုတ်ဝေသည့် ခုနှစ်မှာ ၁၉၃၁ ခုနှစ်ဟု ယူရန်ရှိသည်။ ဤကြံဆတွက်ချက်မှုသာ မှန်ခဲ့လျှင် တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်းက အိုးဝေမဂ္ဂဇင်းထက် စောသည်ဟု မှတ်ယူရပေမည်။

(မောင်အောင်ဆန်း အယ်ဒီတာအဖြစ် တာဝန်ယူထုတ်ဝေသည့် ၁၉၃၆ ခု၊ အတွဲ ၅၊ အမှတ် ၁ မဂ္ဂဇင်းသည် "ငရဲခွေးကြီးလွတ်လာပြီ" ဆောင်းပါးပါသော မဂ္ဂဇင်းဖြစ်ပါသည်။)

### ကိန်းဂဏန်းများ ကွာဟနေ

နောက်ထုတ်ဝေသည့် မဂ္ဂဇင်းများတွင်လည်း ထုတ်ဝေသည့်စာသင်နှစ် မဂ္ဂဇင်းအတွဲနှင့် အမှတ်များ ဖော်ပြကြသည်။ ထိုဖော်ပြပါ ခုနှစ်၊ အတွဲ၊ အမှတ်တို့ကို တိုက်ဆိုင်ညှိနှိုင်းကြည့်ရာတွင် အစီအစဉ်မကျ ကိန်းဂဏန်းများ ကွာဟနေသည်များ တွေ့ရသည်။ ထိုသို့ ဖြစ်ရသည်မှာ အခြေအနေမပေးသဖြင့် မထုတ်လုပ်ရဘဲ နှစ်ကျော်သွားသောကြောင့်လည်း ဖြစ်နိုင်သည်။ စာသင်နှစ် နှစ်နှစ်၊ သုံးနှစ်ပေါင်း၍ ထုတ်ရသောကြောင့်လည်း ဖြစ်နိုင်သည်။ ယနေ့ခေတ်တိုင်အောင်လည်း အခြေအနေမပေးသဖြင့် နှစ်ကျော်သွားသည်လည်း ရှိပါသည်။ သို့သော် ထွက်ရှိလာသည့် မဂ္ဂဇင်းများကမူ ယခင့်ယခင်နှစ်များက မဂ္ဂဇင်းများထက် အဘက်ဘက်က တိုးတက်လာလျက် ရှိနေပါသည်။

စာမျက်နှာ ၉ သို့ ●

**ဂန္ထလောက မဂ္ဂဇင်းမှုကား တက္ကသိုလ် ကောလိပ်၊ တက္ကသိုလ် ကျောင်းတိုက်တို့နှင့် ဆက်နွယ်မှုရှိခဲ့သော်လည်း တက္ကသိုလ်ပြင်ပက စာစောင်သာဖြစ်သည်။ တက္ကသိုလ် ကျောင်းသားတို့ ပူးပေါင်းရေးသားကြသောကြောင့်သာ ဆက်နွယ်ခြင်း ဖြစ်သည်။ အိုးဝေဂျာနယ်နှင့် တက္ကသိုလ် ကျောင်းတိုက် မဂ္ဂဇင်းတို့ကမူ တက္ကသိုလ်၏ သွေးရင်း သားရင်းတို့ပါတည်း။**












## စာရေးသူ၏ ကိုယ်ရေးအကျဉ်း



- ❖ အမည်ရင်းမှာ ဦးအောင်သောင်း ဖြစ်သည်။
- ❖ ဇာတိမှာ တောင်သာမြို့နယ် အောင်ဇမ္ဗူကျေးရွာဖြစ်သည်။
- ❖ ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ကို ၁၉၆၅ ခုနှစ် မန္တလေးတက္ကသိုလ်နှင့် မဟာဝိဇ္ဇာဘွဲ့ကို ၁၉၇၃ ခုနှစ် ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့သည်။
- ❖ နည်းပြ လုပ်သားများကောလိပ် ရန်ကုန်၊ လက်ထောက်ကထိက မော်လမြိုင်တက္ကသိုလ်၊ ကထိက ရန်ကုန်တက္ကသိုလ်၊ တွဲဖက်ပါမောက္ခ ရန်ကုန်တက္ကသိုလ်၊ ပါမောက္ခ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။
- ❖ ၂၀၀၄ ခုနှစ်တွင် အငြိမ်းစားယူသည်။
- ❖ ၁၉၆၀ ပြည့်နှစ် မန္တလေးတက္ကသိုလ် နှစ်လည်စာစောင်မှစ၍ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ၊ လုံးချင်းစာအုပ် ၁၆ အုပ် ရေးသားခဲ့သည်။
- ❖ ကလောင်ခွဲများအနေဖြင့် အောင်နိုင်(တက္ကသိုလ်)၊ တက္ကသိုလ်တောသား၊ ဇာတ်ဆရာ ငါးပိကြော်+ အခြား ဖြစ်သည်။
- ❖ လက်ရှိတွင် တိုင်းရင်းသားဘာသာစကားဦးစီးဌာန မြန်မာစာအဖွဲ့ အချိန်ပြည့်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

● စာမျက်နှာ ၈ မှ

ယခုဆက်လက်၍ မဂ္ဂဇင်းဖြစ်မြောက်ရန်နှင့် အရည်အသွေးမြင့်စေရန် လက်တွဲကူပံ့ပေးသည့် အသင်းအဖွဲ့များအကြောင်းကို ဖော်ပြပါမည်။ မဂ္ဂဇင်းအတွက် အဓိကအင်အားမှာ ကျောင်းသား ကျောင်းသူများသာ ဖြစ်သည်။ အဓိကစာမူရှင်များ ဖြစ်ကြသည်။ တန်ဖိုးရှိ ဆောင်းပါးများကိုမူ ဆရာ့ ဆရာကြီးတို့က ရေးသားကြသည်။ မှတ်တမ်းများကို ရုံးအဖွဲ့များကလည်း ရေးသားကြသည်။ ထူးထူးခြားခြား ပံ့ပိုးပေးသော အသင်းအဖွဲ့မှာ တက္ကသိုလ်ပန်းချီအသင်းပါတည်း။

မဂ္ဂဇင်းထုတ်လုပ်ရေးလုပ်ငန်းများကို အစောပိုင်းက တာဝန်ယူသောအသင်းမှာ ကျောင်းသားသမဂ္ဂ အမှုဆောင်တို့ ဖြစ်ကြသည်။ ဦးမောင်မောင်ကြီး၊ ဦးတင်ဧ၊ ဦးသိန်းမောင် ဦးစီးလျက် ဦးကျော်ရင် ဥက္ကဋ္ဌအဖြစ် ပါဝင်ကာ ၁၉၅၄ ခုနှစ်တွင် စတင်၍ ကလောင်အသင်း (Penclub) ကို တည်ထောင်ကြသည်။ ၁၉၅၈ – ၁၉၅၉ စာသင်နှစ်တွင် တက္ကသိုလ်ကလောင်အသင်း (penclub) ကို မင်းယုဝေ၊ မင်းကျော်၊ မောင်ဆွေတင်၊ ပုသိမ်လှလှစီ တို့ ဦးဆောင်ကာ အမှုဆောင် ၂၁ ဦးတို့ဖြင့် ဖွဲ့စည်းသည်။ နောက်တစ်ကြိမ်တွင် ဦးကျော်ဦး၊ ဦးသိန်းသန်းထွန်း၊ ဦးခင်မောင်အုန်းတို့ ပါဝင်သည့် အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းသည်။ ထိုကာလမှစ၍ ကလောင်အသင်း အမှုဆောင်တို့ကပင် နှစ်လည်မဂ္ဂဇင်းကို အဓိကတာဝန်ယူကြသည်။ သို့သော် ၁၉၆၃ ခုနှစ်နောက်ပိုင်း၌ အသင်းပျောက်ကွယ်သွားသည်။ နှစ်လည်မဂ္ဂဇင်းသည်ပင် ရပ်တန့်သွားသည်။

### မဂ္ဂဇင်းများကို ကျောင်းသားတို့ကသာ အဓိကတာဝန်ယူ

မဂ္ဂဇင်းပြန်လည်ထွက်လာသောအခါ မဂ္ဂဇင်းကော်မတီအဖွဲ့ ဖွဲ့စည်းလျက် နှစ်လည်မဂ္ဂဇင်းကို ဆရာ၊ ကျောင်းသားတို့ ပူးပေါင်းအကောင်အထည်ဖော်ကြသည်။ ယခင်က မဂ္ဂဇင်းများကို ကျောင်းသားတို့ကသာ အဓိကတာဝန်ယူခဲ့ကြသည်။ မြန်မာစာပါမောက္ခ၊ အင်္ဂလိပ်စာပါမောက္ခတို့ကသာ အကြံပေးအတိုင်ပင်ခံအဖြစ် တာဝန်ယူကြရသည်။ ၁၉၆၀ ပြည့်နှစ်ကျော် ကာလမှစ၍ မဂ္ဂဇင်းကော်မတီတွင် ဆရာများကသာ အဓိကတာဝန်ယူကြရသည်။ အခြေအနေအရ ယူရခြင်းပါတည်း။

စာပေစိစစ်ရေးပေါ်လာကတည်းက ဝန်ထမ်းပုဂ္ဂိုလ်တို့သာ ထုတ်ဝေသူအဖြစ် လက်ခံတော့သည်။ ကျောင်းသားက ထုတ်ဝေသူအဖြစ် စာမူတင်ပြလျှင် ထိုစာမူသည်ပြန်၍ မကျလာတော့ပေ။ စာမူများကို ယခင်က အယ်ဒီတာအဖွဲ့က ဆုံးဖြတ်သည်။ နောင်တွင်မူ တက္ကသိုလ်စိစစ်ရေးအဖွဲ့၊ အဆင့်မြင့်ဦးစီးဌာန စိစစ်ရေးအဖွဲ့၊ ပြည်ထဲရေး စိစစ်ရေးအဖွဲ့များကို ဖြတ်ကျော်ရတော့သည်။

မဂ္ဂဇင်းအဆင်အပြင်လှပရေးကို တက္ကသိုလ် အနုပညာအသင်းကြီး၏ အဖွဲ့စိတ်ဖြစ်သည့် ပန်းချီအသင်းက ပံ့ပိုးပေးသည်။ တက္ကသိုလ်တွင် ပန်းချီကဏ္ဍလည်း အရေးပါသည်။ ဦးဘဉာဏ်၊ ဦးစံဝင်း၊ ဦးအုန်းလွင်၊ ဦးဉာဏ်ရှိန် တို့က ပန်းချီအကြောင်း လာရောက်ဟောပြောကြသည်။ ပညာရေးဝန်ထမ်းဖြစ်သည့် ဦးဗကြည် က ရုံဖန်ရုံခါ သင်ပြသည်။ ၁၉၅၅ ခုနှစ်တွင် ပန်းချီငွေရတုပွဲ ပြုလုပ်သည်ဆိုသဖြင့် အသင်းကို ၁၉၃၀ ပြည့်နှစ်လောက်ကပင် ဖွဲ့စည်းထားဟန်ရှိသည်။ သင်တန်းကို ဦးဗကြည်၊ ဦးစံဝင်း၊ ဦးသုခ၊ ဦးသိန်းဟန်တို့က ပို့ချပေးခဲ့ကြသည်။

မဂ္ဂဇင်းမျက်နှာဖုံးပုံနှင့် စာမူသရုပ်ဖော်ပုံများကို ပန်းချီသင်တန်းသားတို့ကပင် ရေးဆွဲပေးကြရသည်။ မဂ္ဂဇင်း၏ စာမူအင်အားသည် တက္ကသိုလ်အတွင်းမှာသာ ရှိသည်ဟူသော သဘောထားအရ စာမူများကိုလည်းကောင်း၊ ပန်းချီများကိုလည်းကောင်း တက္ကသိုလ်၏ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူတို့၏ လက်ရာများကိုသာ သုံးရသည်။ ပန်းချီမှာလည်း ထိုနည်းအတိုင်းသာ။

မဂ္ဂဇင်း၊ စာစောင်၊ စာအုပ်ကို ကိုင်လိုက်လျှင် အဦးဆုံး တွေ့ရသည်မှာ မျက်နှာဖုံးပုံဖြစ်သည်။ ထိုပုံသည် လှပဖို့လိုသည်။ အဓိပ္ပာယ်လည်း ဆောင်ရမည်။ ထို့ကြောင့် မျက်နှာဖုံးပုံအတွက် ပန်းချီလက်ရာရှင်တို့ ပြိုင်ပွဲဝင်ကြရသည်။ ပြိုင်ပွဲတွင် လက်ရာပေါင်း ၂၀ ကျော်၊ ၃၀ မျှပါဝင်ကြသည်။ မျက်နှာဖုံးပုံကို များသောအားဖြင့် ဘွဲ့နှင်းအဆောက်အအုံ၊ သစ်ပုပ်ပင်၊ ဂျပ်ဆင်မျှော်စင်၊ သိပ္ပံဘာသာရပ် အဆောက်အအုံ၊ အပန်းဖြေရိပ်သာပုံတို့ကို အခြေခံပြီး ရေးဆွဲကြသည်။ အချို့ပန်းချီကျောင်းသားတို့ကမူ အဆိုပါကျောင်းအထိမ်းအမှတ် သင်္ကေတများကို အခြေခံထားပြီး မိမိတို့၏ စိတ်ကူးဉာဏ်ဖြင့် ခြယ်လှယ်မွမ်းမံတတ်ကြသည်။ ထိုအခါ မျက်နှာဖုံးပုံသည် ဆန်းကြယ်လာသည်။ ကြည့်ရှုရသူတို့အဖို့ မိမိအတွေး မိမိဉာဏ်ဖြင့် အနက်ဖော်ခံစားရသည်အထိ အဆင့်မြင့်သွားတတ်သည်။

အချို့ပုံတို့မှာ ကျောင်းတွင်းမှာသာမက ပြင်ပလောကမှာအထိ ဂယက်ရိုက်သွားတတ်သည်။ ထို့ကြောင့် မျက်နှာဖုံးပုံ အဆင့်လည်းမြင့်စေ၊ တွေဝေစရာလည်းမဖြစ်စေရန် မဂ္ဂဇင်းတာဝန်ရှိဆရာများနှင့် ပန်းချီပညာရှင်တို့ ပူးပေါင်းကာ ပြိုင်ပွဲဝင်ပန်းချီများကို စိစစ်ရွေးချယ်ကြရသည်။ စာရေးသူသိမီသလောက်ဆိုပါလျှင် ဦးဗကြည်၊ ဦးသိန်းဟန်၊ လှတင်ထွန်း(ဝင်းပ)၊ ဒေါ်တင်တင်စန်း၊ ဦးစောလွင်တို့ ပါဝင်ရွေးချယ်ကြပါသည်။

စာမူများကိုမူ တက္ကသိုလ်တွင်းရှိ ပညာရှင်၊ ကလောင်ရှင်များက တာဝန်ယူကြသည်။ ပုံမှန်အားဖြင့် သုတစာမူကို ဆရာ ဆရာမတို့က တာဝန်ယူကြလျက် ရသစာမူများကို ကျောင်းသားတို့က တာဝန်ယူကြသည်။ ကျောင်းမဂ္ဂဇင်းဟူသည် ကျောင်း၏ကြေးမုံဖြစ်သဖြင့် အားလုံးက စိတ်ဝင်စားကာ အလေးထားကြသည်။ မဂ္ဂဇင်းကို ကျောင်းသားတိုင်းက ရပိုင်ခွင့်ရှိသည်။ ရလျှင်အမြတ်တနိုးရှိကြသည်။ ထို့ကြောင့် ဂရုစိုက်ကြပါသည်။





### လိုအပ်သည်ထက် များစွာပို

မဂ္ဂဇင်းသို့ရောက်ရှိလာသော စာမူအရေအတွက်မှာ လိုအပ်သည်ထက် များစွာပိုနေမြဲပါတည်း။ ဝတ္ထုတို၊ စာညွှန့်၊ ကဗျာအရေအတွက်မှာ လိုသည်ထက် သုံးလေးဆမှ ဆယ်ဆအထိ ရှိခဲ့သည်။

၁၉၅၀ ပြည့် စာသင်နှစ် မဂ္ဂဇင်းအတွက် ပို့လာသော စာမူအရေအတွက်မှာ ဝတ္ထုတို ၅၀၊ ဆောင်းပါး ၃၁၊ ကဗျာ ၂၉၀၊ စာညွှန့် ၃၆၊ ပြဇာတ် ၁၊ အထွေထွေ ၁၅၊ သရုပ်ပြောင် ၃ စုစုပေါင်း ၄၂၆ ဖြစ်သည်။ စာမူအင်အားမှာ ကောင်းလှသည်။ ၁၉၇၃ ခု စာသင်နှစ် ဝိဇ္ဇာ သိပ္ပံ နှစ်လည်မဂ္ဂဇင်းအတွက်မှာမူ ကဗျာ ၄၈၁၊ ဆောင်းပါး ၉၃၊ ဝတ္ထုတို ၁၄၅၊ ပြဇာတ် ၄၊ စာညွှန့် ၅၊ စာတမ်း ၁၀၊ စာခွေ (ပေးစာ) ၁၆၊ ကာတွန်း ၆၅ပုံ၊ သိမှတ်ဖွယ်ရာ ၂၊ အင်္ဂလိပ်စာမူ ၁၈ အထိ တိုးတက်လာသည်။

နောက်တစ်နှစ်ဖြစ်သည့် ၁၉၇၄ စာသင်နှစ်မဂ္ဂဇင်းအတွက် ကဗျာ ၅၁၀၊ ဆောင်းပါ ၁၀၂၊ ဝတ္ထုတို ၁၃၅၊ ပြဇာတ် ၃၊ စာညွှန့် ၄၁၊ စာတမ်း ၂၂၊ စာခွေ ၁၀၊ ကာတွန်း ၅၆ ကွက်၊ အင်္ဂလိပ်စာမူ ၂၅ စုစုပေါင်း ၉၀၄ စောင်အထိရှိလာသည်။ ကိန်းဂဏန်းများ ဖော်ပြနေခြင်းမှာ မဂ္ဂဇင်း၏ တိုးတက်မှုနှင့် ကဗျာ၏ သဘာဝကို ဖော်ပြလို၍ဖြစ်ပါသည်။

### တက္ကသိုလ်ဘဝဆိုသည်

တက္ကသိုလ်ဘဝဆိုသည် ပျိုရွယ်သူတို့၏ အဘက်ဘက်က ဖွံ့ဖြိုးရာကာလဖြစ်သည်။ အထူးသဖြင့် ရုပ်ပိုင်း၏ ဖွံ့ဖြိုးမှုကား အထွတ်အထိပ်ကာလ၊ အလှပဆုံးကာလ ဖြစ်သည်။ လူ့ဘဝကို ၁၀ နှစ်စီ ၁၀ စု ခွဲထားပေရာ ထိုအရွယ်သည် ဝဏ္ဏဒသကဟု ဆိုသည်။ အလှဆုံးကာလဟု ဆိုလိုသည်။ တက္ကသိုလ်နယ်မြေဖြစ်သဖြင့် အစွမ်းကုန်ခြယ်သသော အရွယ်လည်း ဖြစ်သည်။ လုလင်လေးများရော လုံမလေးများပါ အဆုံးစွန် လှပတင့်တယ် စွဲမက်ဖွယ်အဆင်းကို ဆောင်ထားကြသည်။ ထိုအရွယ်တွင် ဆန့်ကျင်ဘက်လိင်ကို စိတ်အဝင်စားဆုံးဖြစ်ကြသဖြင့် ခံစားမှုတို့လည်း အားအကောင်းဆုံး ဖြစ်လာကြသည်။

စာသင်ခန်းအတွင်း နေ့စဉ်တွေ့မြင်ရင်းနှီးနေကြရသဖြင့် ရင်ထဲ၌ အစိုင်အခဲတို့အုံဖွဲ့နေကြပြီး ရင်ဖွင့်သဖြင့် အဆင်ပြေကြသူတို့လည်း ရှိသည်။ ထိုအခါ သိမ်မွေ့သာယာသော ကဗျာအတိုအထွာလေးတို့ပွင့်အန်လာသည်။ အဆင်မပြေသူတို့မှာမူ လွမ်းစာဆွေးစာတေးကဗျာတို့ မိုးရွာသလိုကျရောက်လာကြတော့သည်။ ဤနည်းဖြင့် တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းတို့သည် အချစ်ဟစ်တိုင်၊ အလွမ်းစိုက်ခင်းတို့ ဖြစ်နေတော့သည်။ မျိုးစေ့ကလည်းမှန်၊ မိုးငွေ့ကလည်း ထန်လာသဖြင့် ကဗျာတည်းဟူသော ပျိုးပင်များ၊ စာညွှန့်တည်းဟူသော သားတက်များ ဖွံ့ထွားတင့်တယ်အလှကြွယ်နေတော့သည်။

တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းတို့သည် လက်သင်ကလောင်ရှင်တို့ မြေစမ်းနိုင်သည့် ကျွန်းမြေဖြစ်သလို ဝါရင့်စာဆိုကြီးတို့၏ အထွက်တိုးစိုက်ကွက်လည်း ဖြစ်သည်။

စာဆိုပညာရှိ ဇော်ဂျီ၏“တြိနမသာ အစချီ” ယူနီဗာစီတီကောလိပ်ဘွဲ့စာထောင့် လေးချိုးကြီးသည် ၁၉၂၅ ခုနှစ် တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်းတွင်လည်းကောင်း၊ စာဆို မင်းသုဝဏ်၏ (အထင်ရှားဆုံးဖြစ်သည့်) “ခါနွေဆန်းတော့ လွမ်းမိတယ်” တမ်းချင်းကဗျာသည် ၁၉၃၀ ပြည့်ထုတ် တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်းတွင် လည်းကောင်း စင်တော်တင်ထားကြသည်။ တက္ကသိုလ်မဂ္ဂဇင်းမှာ ကလောင်သွေးခဲ့ကြသူတို့သည် နောင်တွင် ကဗျာစာဆိုကြီးများ ဖြစ်လာတတ်ပါသည်။

နှလုံးသားဖူငုံတို့ စို့ရွှန်းနေကြသည့် ကျောင်းတော်သူကျောင်းတော်သားတို့၏ ဝတ္ထုတိုများ၌ ရင်လှိုက်ရယ်မောရသည့်ရသများ၊ ချိုမွှေးကြည်အေးရသည့် ရသများ၊ ကြေကွဲလောင်ကျွမ်းရသည့် ရသများ လေးလေးပင် ပါဝင်နေသည်က များသည်။ ထို့ကြောင့်လည်း ကျောင်းတိုက်မဂ္ဂဇင်းများသည် ကျောင်းတွင်း လုလင်၊ လုံမေတို့၏ သည်းခြေခိုက်များနှင့် ဆားများဖြစ်နေကြတော့သည်။

ဆောင်းပါးများကို ဆရာတို့က အရေးများကြသည်။ ဆရာဟူသည် ထာဝရကျောင်းသားများ ဖြစ်ကြသည်။ သင်တန်းပို့ချရင်း သုတေသနပြုနေကြသည်။ အသစ်လေ့လာမှုမှ အသစ်တွေ့လာမှုများကို ကျောင်းမဂ္ဂဇင်းမှ တစ်ဆင့် အသစ်ပေးကြသည်။ အဆစ်ပေးကြသည်။ ထို့ကြောင့် မဂ္ဂဇင်းသည် ဝိတ်တက်လာတော့သည်။

တက္ကသိုလ်၌ လှုပ်ရှားမှုများ အမြဲရှိနေသည်။ သစ်လွင်ကြိုဆိုပွဲ၊ ဆရာပူဇော်ပွဲ၊ ညစာစားပွဲ၊ စာတမ်းဖတ်ပွဲ၊ ဟောပြောပွဲ၊ အားကစားပြိုင်ပွဲ၊ ကထိန်ပွဲ၊ ဘွဲ့နှင်းပွဲစသည် သဘင်ပွဲ၊ အရှင်ပွဲတို့ကို မှတ်တမ်းပြုကြသည်။ ထိုမှတ်တမ်းတို့သည် မဂ္ဂဇင်း၌ ဆုံစည်းကြသည်။ ထို့ကြောင့် မဂ္ဂဇင်းများသည် တက္ကသိုလ်အတ္ထုပ္ပတ္တိ၏ ကျောက်စာတိုင် ဖြစ်နေတော့သည်။

ရန်ကုန်တက္ကသိုလ်၏ နှစ်လည်မဂ္ဂဇင်းများနှင့် အလားတူပင် မြေး မြစ်ကောလိပ်၊ တက္ကသိုလ်များ၌လည်း နှစ်လည်မဂ္ဂဇင်းတို့ ရွက်တူရိုးမျှရှိနေကြသည်။ အစဉ်အလာအားဖြင့် ရန်ကုန်စက်မှုတက္ကသိုလ်မဂ္ဂဇင်းမှုကား ဗိသုကာများလည်းရှိ၊ အသိပညာများလည်း ပြည့်သဖြင့် မဂ္ဂဇင်းအရည်အသွေးမှာ ထူးခြားနေပေသည်။ အဖေတူသားပေကိုး။

တက္ကသိုလ်တိုင်းလည်း ဆက်လက်ဖွံ့ဖြိုးပါစေသတည်း၊ မဂ္ဂဇင်းများလည်း တိုးတက်ပါစေသတည်း။

**(နှစ်လည်မဂ္ဂဇင်းများကို ကိုးကားပြီး ဤဆောင်းပါးကို ရေးရပါသည်။)**

# အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ယှဉ်ပြိုင်နိုင်

**နေပြည်တော် နိုဝင်ဘာ ၁၇**

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပါဝင်ယှဉ်ပြိုင်နိုင်**

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "ပိုမိုကောင်းမွန်သည့် COVID-19 အလွန် ကမ္ဘာတည်ဆောက်ဖို့ မသန်စွမ်းသူများ လက်လှမ်းမီ ပါဝင်ပြီး၊ ရေရှည်တည်တံ့စေရန် ကြိုးစားစို့" "Building Back Better: toward a disability-inclusive, accessible and sustainable post COVID-19 World" အဖြစ် သတ်မှတ်ထားရှိပြီး ဝန်ကြီးဌာနအသီးသီးရှိ စာပေဝါသနာရှင်များ၊ ပြင်ပပုဂ္ဂိုလ် စာပေဝါသနာရှင်များအနေဖြင့် ယခုနှစ်အတွက် သတ်မှတ်ထားရှိသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်းပါး ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖိတ်ခေါ်ထားသည်။

**ထည့်သွင်းရေးသား**


ဆောင်းပါးတွင် မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ လှုပ်ရှားဆောင်ရွက်မှုများ၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ပေါ်ပေါက်လာပုံ၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ကျင်းပရသည့် ရည်ရွယ်ချက်၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းတွင် ဖော်ပြပါရှိသော တန်းတူအခွင့်အရေးများ၊ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊ မသန်စွမ်းသူများ ကြုံတွေ့နေရသည့် အတားအဆီးတို့နှင့်စပ်လျဉ်း၍ ထင်မြင်ယူဆချက် (ဥပမာ- မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ နေထိုင်ရှင်သန်နိုင်ရေးအတွက် ကြုံတွေ့နေရသည့် အခြေခံအဆောက်အအုံဆိုင်ရာ၊ လူ့အဖွဲ့အစည်းဆိုင်ရာ အတားအဆီးများ၊ မသန်စွမ်းသူများအပေါ် ၎င်းအတားအဆီးတို့၏ အကျိုးသက်ရောက်မှုနှင့် အတားအဆီးကင်းသော ပတ်ဝန်းကျင်၏ အဓိပ္ပာယ်)၊ ကိုဗစ်-၁၉ ကာလအတွင်း မသန်စွမ်းသူများ ကြုံတွေ့နေရသည့် အတားအဆီးတို့ကို ဖယ်ရှားပြီး မသန်စွမ်းသူများ အကျုံးဝင်ပါဝင်မှုကို သေချာစေခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်မည့် အခွင့်အလမ်းများ၊ အကြံပြုချက်များ စသည့်အချက်များကို ထည့်သွင်းရေးသားရမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်သူများသည် မိမိတို့ရေးသားယှဉ်ပြိုင်မည့် ဆောင်းပါးကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲမှ ဦးစွမ်းရည်ရ ညွှန်ကြားရေးမှူး ဖုန်း-၀၆၇-၃၄၀၄၆၀၂ နှင့် ဦးရဲမျိုးဝင်း ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၆၇-၃၄၀၄၆၀၃ တို့ထံ ဆက်သွယ်၍ နိုဝင်ဘာ ၂၇ ရက် (သောကြာနေ့) ညနေ ၅ နာရီအထိ နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။

ပေးပို့လာသော ဆောင်းပါးစာမူများကို စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ရွေးချယ်ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု နှစ်ဆုအထိ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းတို့ပူးပေါင်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းတို့ ပူးပေါင်းကျင်းပသော လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**နှောင့်နှေးမှုဖြစ်ပေါ်စေ**

အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ကမ္ဘာလုံးဆိုင်ရာ ကူးစက်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားခြင်းကြောင့် မြန်မာနိုင်ငံတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နှောင့်နှေးမှုများ ဖြစ်ပေါ်စေပါကြောင်း၊ လက်ရှိအခြေအနေအရ မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ထိခိုက်နစ်နာမှုများကို လျော့ပါးစေရန် စီးပွားရေးကုစားမှုအစီအစဉ် COVID-19 (CERP)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နှစ်စဉ် ပျမ်းမျှအားဖြင့် ကျေးလက်ရေပေးရေးလုပ်ငန်းများကို ကျေးရွာပေါင်း ၂၀၀၀ တွင်လည်းကောင်း၊ အသေးစားနှင့် ဆိုလာစနစ်တို့ဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းများကို ကျေးရွာပေါင်း ၈၀၀ တွင်လည်းကောင်း၊ ကုန်ထုတ်လမ်းမိုင် ၇၉၀ ကို လည်းကောင်း၊ တံတား ၉၂၁ ခုကို လည်းကောင်း၊ မြစိမ်းရောင်စီမံကိန်းကို ကျေးရွာပေါင်း ၄၀၀ တွင်လည်းကောင်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ကျေးရွာပေါင်း ၃၅၀၀ နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများကို ၉၂၈ ကြိမ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် ကမ္ဘာ့ဘဏ်၏ ရန်ပုံငွေနှင့် နည်းပညာအထောက်အပံ့တို့ဖြင့် Cash for Work စီမံကိန်းနှင့် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP)များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

Cash for Work စီမံကိန်းသည် ဆင်းရဲနွမ်းပါးသူများနှင့် ထိခိုက်လွယ်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ ချက်ချင်းရရှိစေရန် ရည်ရွယ်၍ မြို့နယ် ၂၅၉ မြို့နယ်ရှိ ကျေးရွာပေါင်း ၂၅၀၅ ရွာ၌ လူမှုရေးအခြေခံအဆောက်အအုံများကို အလုပ်သမား ၄၄၀၂ ဦးဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း။

ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းသည် လုပ်ကွက်ငယ်တောင်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများတိုးတက်လာခြင်းနှင့် ဝင်ငွေတိုးမြှင့်လာစေရန် ရည်ရွယ်ပြီး ကျေးရွာပေါင်း ၁၇၁၀ ရှိ အိမ်ထောင်စုပေါင်း ၁၃၄၀၀၀ တွင် အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများ ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ထို့ပြင် ကျေးလက်ဦးစီးဌာနနှင့် UNICEF တို့ ပူးပေါင်း၍ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အားလုံးရှိ ကျေးရွာပေါင်း ၂၇၈၇ ရွာ၊ မြို့နယ်ပေါင်း ၃၃၉ မြို့နယ်ရှိ ဈေးများ၊ ကျောင်းများ၊ Quarantine Center တို့တွင် လက်ဆေးဘေစင် ၄၀၆၃ ခုကို တပ်ဆင်ပေးခဲ့ပါကြောင်း၊ ကျေးလက်ပြည်သူများ၏ ငွေကြေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများ လျှော့ချစေရန် အသေးစားလျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လျှပ်စစ်ဓာတ်အားခ လျှော့ချပေးခြင်းနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းတွင် အတိုးနှုန်းများ လျှော့ချပေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ အစည်းအဝေးသို့ တက်ရောက်သည့် အဖွဲ့အစည်းများမှ ကိုဗစ်-၁၉ တုံ့ပြန်နိုင်ရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အစီအစဉ်များရှိပါက ယခုအစည်းအဝေးတွင် မျှဝေပေးစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ တာဝန်ရှိသူများက မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှု၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်ထိုမြို့နယ်၌ စီမံကိန်းကျေးရွာများ ရွေးချယ်

**ကျိုက်ထို နိုဝင်ဘာ ၁၇**

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျိုက်ထိုမြို့နယ်အတွင်း ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းကျေးရွာနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကျေးရွာများ ရွေးချယ်ခြင်းကို ကျိုက်ထိုမြို့နယ်ခန်းမ၌ ယနေ့ ကျင်းပသည်။

အဆိုပါ စီမံကိန်းကျေးရွာ ရွေးချယ်ခြင်းအခမ်းအနားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ပြီး ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက စီမံကိန်းများ၏ ရည်ရွယ်ချက်၊ ရွေးချယ်ရေးမူများ၊ ဆောင်ရွက်မည့်နည်းလမ်းများကို ဆွေးနွေးတင်ပြရာ တက်ရောက်လာသည့် ပုဂ္ဂိုလ်များ၏ သဘောတူညီချက်ဖြင့် စီမံကိန်းလက်စွဲနှင့်အညီ မြစိမ်းရောင်စီမံကိန်းကျေးရွာတစ်ရွာနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကျေးရွာ ကိုးရွာ ရွေးချယ်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# မြန်မာဆယ်မာအူးလ်ဂွန်ဂို(ကျေးရွာငွေတိုက်) အွန်လိုင်းသင်တန်းဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၁၇**

မြန်မာဆယ်မာအူးလ်ဂွန်ဂို(ကျေးရွာငွေတိုက်) အွန်လိုင်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော် ရေဆင်းရှိစိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း AERDTC သင်တန်းခန်းမမှ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။




အခမ်းအနားတွင် ကိုရီးယားသမ္မတနိုင်ငံ ဆယ်မာအူးလ်ဂွန်ဂို အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Park Cha Hoon က ပေးပို့သည့် အဖွင့်မိန့်ခွန်းကို Video Clip ဖြင့်ပြသပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသူရစိုးက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

မြန်မာနိုင်ငံ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ ဆယ်မာအူးလ်ဂွန်ဂိုအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်သော ကျေးရွာငွေစုဆောင်းခြင်းစနစ် တည်ထောင်ရေးစီမံကိန်း (Village Saving System Project)အရ တိုင်းဒေသကြီး/ပြည်နယ်များ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြန်မာဆယ်မာအူးလ်(ကျေးရွာသစ်စီမံကိန်း) ကျေးရွာများတွင် ကျေးရွာငွေတိုက်ပေါင်း ၃၄ ခုကို တည်ထောင်ထားပြီးဖြစ်သည်။ စီမံကိန်းဝင်ကျေးရွာ မိသားစုများအနေဖြင့် မလိုအပ်သော အသုံးစရိတ်များကို ကိုယ်တိုင်လျှော့ချကာ ချွေတာသုံးစွဲပြီး ရရှိလာသော ငွေပိုငွေလျှံများကို ကျေးရွာငွေတိုက်၌ စုဆောင်းနိုင်ကြမည်ဖြစ်ကာ စုဆောင်းငွေကို ကျေးရွာငွေတိုက်ကော်မတီ၏ စီမံကြီးကြပ်မှုဖြင့် ကျေးရွာအတွင်း စီးပွားရေးလုပ်ငန်းဆောင်ရွက်လိုသူ၊ ဝင်ငွေတိုးပွားရေးလုပ်ငန်း ဆောင်ရွက်လိုသူများ၏ လိုအပ်သော အရင်းအနှီးများကို ကျေးရွာငွေတိုက်မှ ထုတ်ချေးပေးသွားမည်ဖြစ်သည်။ ရရှိလာသည့် အကျိုးအမြတ်ကို အဖွဲ့ဝင်အသင်းသားများအား ပြန်လည်ခွဲဝေပေးခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည်တို့ဖြင့် ဖွံ့ဖြိုးမှုပိုမိုအားကောင်းလာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ကျေးရွာငွေတိုက်များအား ဦးဆောင်နေကြသည့် ကျေးရွာခေါင်းဆောင်များ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန် ရည်ရွယ်၍ ကျေးရွာငွေတိုက်သင်တန်းများကို ၂၀၁၈ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၉ ခုနှစ်တွင် နှစ်ကြိမ် သင်တန်းပို့ချပေးခဲ့ရာ ကျေးရွာခေါင်းဆောင် ၁၉၀ နှင့် စိုက်ပျိုးရေးဝန်ထမ်း ကျေးရွာတာဝန်ခံ ၆၂ ဦးတို့ကို သင်တန်းပေးနိုင်ခဲ့ပြီးဖြစ်သည်။ ယခုအခါ ကိုဗစ်ကာလ ကျန်းမာရေးဆိုင်ရာ စည်းကမ်းချက်များကြောင့် အွန်လိုင်းသင်တန်းအဖြစ် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သင်တန်းကျောင်းတာဝန်ခံ ဒေါက်တာ ညီညီထံမှ သိရသည်။

ယနေ့ဖွင့်လှစ်သည့် ကျေးရွာငွေတိုက် အွန်လိုင်းသင်တန်းကို နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံ ဆယ်မာအူးလ်ဂွန်ဂိုအဖွဲ့ချုပ်မှ အကြီးတန်းမန်နေဂျာ မစ္စတာရှင်းဝူဂျုန်းက ကျေးရွာငွေတိုက် သဘောတရားများ ပို့ချခဲ့ကာ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း AERDTC သင်တန်းနည်းပြများက သက်ဆိုင်ရာ အကြောင်းအရာများအလိုက် ပို့ချဆွေးနွေးပေးသွားမည်ဖြစ်သည်။

သင်တန်းသို့ ကိုရီးယားသမ္မတနိုင်ငံ ဆယ်မာအူးလ်ဂွန်ဂိုအဖွဲ့ချုပ် Executive Director Mr. Lee Yong Woo၊ Senior Manager Mr. Sim Woo Jong၊ AERDTC သင်တန်းကျောင်းတာဝန်ခံနှင့် သင်တန်းနည်းပြများ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ စီမံကိန်းဝင်ကျေးရွာများမှ သင်တန်းသားသင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# ပဋိဇီဝဆေးယဉ်ပါးခြင်းဆိုသည့် ဆေးမတိုးခြင်းပြဿနာ

## ပါမောက္ခ ဒေါက်တာဌေးဌေးတင်

**ပဋိဇီဝဆေးယဉ်ပါးခြင်းအပါအဝင် ဆေးမတိုးခြင်း ဆိုသည်မှာ**

ပဋိဇီဝဆေး ဆိုသည်မှာ ဗက်တီးရီးယားပိုးမွှားများကြောင့်ဖြစ်သော ရောဂါများကို ကုသနိုင်သော ဆေးဖြစ်သည်။ ပဋိဇီဝဆေးယဉ်ပါးခြင်းဆိုသည်မှာ ပဋိဇီဝဆေးများကို ဗက်တီးရီးယားပိုးများက ခံနိုင်ရည်ရှိလာခြင်းဖြစ်သည်။ ပဋိဇီဝဆေးယဉ်ပါးခြင်းကြောင့် ကူးစက်ရောဂါများကို ကုသနိုင်စွမ်းလျော့နည်းလာသည်။ တစ်နည်းအားဖြင့် ဆေးမတိုးတော့ခြင်း ဖြစ်ပါသည်။

**ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးပြဿနာ**

ပဋိဇီဝဆေးယဉ်ပါးခြင်းသည် တစ်ဦးတစ်ယောက်၊ မိသားစုတစ်ခု၏ ပြဿနာဖြစ်သလို ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးပြဿနာတစ်ခုအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းက သတ်မှတ်ထားပါသည်။ တစ်ဦးချင်းလိုက်နာရန် ပျက်ကွက်မှုမှအစပြု၍ ဖြစ်ပေါ်လာသော ပဋိဇီဝဆေးယဉ်ပါးခြင်းကိစ္စသည် တစ်နှစ်လျှင် ကမ္ဘာအနှံ့ရှိ လူသားပေါင်း ခုနစ်သိန်းကို သေဆုံးစေသည့် ဒုက္ခတစ်မျိုးဖြစ်လာနေပါပြီ။ ကျွမ်းကျင်သူများ၏ ခန့်မှန်းတွက်ချက်မှုအရ လာမည့် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူသား သိန်းတစ်ရာ၊ (၁၀)သန်းအထိ သေဆုံးလိမ့်မည်ဟု ဟောကိန်းထုတ်ထားပါသည်။ အဆိုပါ (၁၀)သန်းဆိုသော အရေအတွက်သည် တစ်နှစ်လျှင် သေဆုံးမည့်နှုန်းထားဖြစ်နေသဖြင့် ကင်ဆာရောဂါကြောင့် သေဆုံးမှုထက် ကျော်လွန်သွားမည်ဖြစ်ပါသည်။ ၂၀၅၀ ပြည့်နှစ်တွင် ကင်ဆာရောဂါကြောင့် သေဆုံးမှုမှာ (၈.၂)သန်းရှိနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းတွက်ချက်မှုအရ သိရှိရပါသည်။ ၂၀၅၀ ပြည့်နှစ်ဆိုသည်မှာ မကြာခင်အတွင်း ရောက်လာတော့မှာဖြစ်၍ အဝေးကြီးပါလို့ ပြော၍ မဖြစ်ပါ။ လွန်ခဲ့သော ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်က ကမ္ဘာတစ်ခုလုံး Year 2000 လုပ်ခဲ့ကြသည်ကို ပြန်စဉ်းစားကြည့်ပါက ၂၀၂၀ ကို ခဏလေး ရောက်လာသလို ထင်ရပါသည်။ နေ့စဉ်နှင့်အမျှ စားဝတ်နေရေးအတွက် လှုပ်ရှားရုန်းကန်နေရသဖြင့် အနှစ် ၂၀ ဆိုတာ ဝုန်းခနဲရောက်လာသလို ဖြစ်နေတတ်ပါသည်။ သို့ဖြစ်၍ ၂၀၅၀ ဆိုသည်မှာလည်း ဝေးပါသေးသည်ဆိုပြီး ပေါ့ဆ၍ မနေသင့်ပါ။ အသိတရားများကိုယ်စီဖြင့် ပေါ်ပေါက်လာမည့် ဘေးအန္တရာယ်များကို အနည်းဆုံး၊ အသက်သာဆုံးဖြစ်စေရန် လူတိုင်း လုပ်ဆောင်ရပါမည်။ ၂၀၅၀ အတွက် ဆေးမတိုးခြင်းကြောင့် သေဆုံးနိုင်မည့် လူပေါင်း (၁၀)သန်းတွင် အာရှတိုက်မှ (၄.၇)သန်း ဖြစ်နေကြောင်း သိရသဖြင့် ပို၍ထိတ်လန့်မိပါသည်။ အမှန်အားဖြင့် ဆင်းရဲနွမ်းပါးမှုများသည့် ဒေသများတွင် သေဆုံးမှု ပို၍များမည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ အဆိုပါ ၂၀၅၀ ပြည့်နှစ်တွင် ပဋိဇီဝဆေးယဉ်ပါးခြင်းအတွက် ကုန်ကျစရိတ်မှာ တစ်ကမ္ဘာလုံးအနေဖြင့် ၆၆ ထရီလီယံ (စတာလင်ပေါင်) ရှိမည်ဟု ခန့်မှန်းထားကြပါသည်။ ယခုနှစ်၏ ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေး ရက်သတ္တပတ် လှုပ်ရှားမှုဆောင်ပုဒ်ထူးခြားချက်မှာ Handle Antibiotics With Care နေရာတွင် Handle Antimicrobials with care ဟူ၍ ဖော်ပြထားသည့်အတွက် ပဋိဇီဝဆေးအပြင် ဗိုင်းရပ်စ်အတွက်ဆေးများ၊ မှိုရောဂါအတွက်ဆေးများ ဆေးယဉ်ပါးမှုတို့ကိုပါ ကျယ်ကျယ်ပြန့်ပြန့် ဂရုစိုက်ရမည်ဆိုသည့် သဘော သက်ရောက်ပါသည်။

**မြန်မာနိုင်ငံ၏ ရင်ဆိုင်ဖြေရှင်းမှု**

မြန်မာနိုင်ငံအနေဖြင့်လည်း ပဋိဇီဝဆေးယဉ်ပါးခြင်း ပြဿနာသည် နိုင်ငံ၏ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာကြီးမားသော ခြိမ်းခြောက်မှုတစ်ခု ဖြစ်လာပါသည်။ သို့ဖြစ်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လတွင် အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးဆိုင်ရာစီမံကိန်း (National Action Plan for Containment of Antimicrobial Resistance) ရေးဆွဲအကောင်အထည်ဖော်ခဲ့ပါသည်။ နိုင်ငံအတွင်း ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးညှိနှိုင်းမှုဗဟိုဌာန (National Coordinating Center / NCC)ကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (NHL) ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားရှိခဲ့ပါသည်။ NCC ၏ ဦးဆောင်မှုအောက်တွင် အသိပေးနှိုးဆော်ခြင်း (Awareness)၊ စောင့်ကြပ်ကြည့်ရှုခြင်း (Surveillance)၊ ရောဂါကူးစက်မှုကာကွယ်ထိန်းချုပ်ခြင်း (Infection Prevention and Control)၊ ပဋိဇီဝဆေးသုံးစွဲမှု (Antimicrobial Usage)၊ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်း (Research and Development) ဆိုပြီး ပညာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့ (၅)ဖွဲ့ကို ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါသည်။ ပဋိဇီဝဆေးဝါးသုံးစွဲမှု အချိုးအစားအရ တိရစ္ဆာန်များတွင် ၆၀ % ခန့် ရှိနေပြီး၊ လူတွင် ၄၀% ခန့်ရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။ သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အခြားသော နီးနွယ်ဝန်ကြီးဌာနများနှင့်လည်းကောင်း၊ WHO ၊ FAO ၊ OIE အစရှိသော အဖွဲ့အစည်းများနှင့်လည်းကောင်း၊ International Partners များနှင့်လည်းကောင်း၊ NGO များ၊ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများနှင့်လည်းကောင်း လုပ်ငန်းစဉ်များကို ပူးပေါင်းလုပ်ဆောင်လျက်ရှိပါသည်။

NCC အနေဖြင့် အမျိုးသားအဆင့်ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ခြင်း၊ နည်းဗျူဟာမြောက် လုပ်ဆောင်ခြင်း၊ ပြီးစီးမှု၊ တိုးတက်မှု၊ အကောင်အထည်ဖော်မှု စသည်များကို စောင့်ကြည့်အကဲဖြတ်ခြင်း၊ လုပ်ငန်းပြီးစီးမှုအခြေအနေအား တင်ပြခြင်း၊ ဆက်စပ်အဖွဲ့အစည်းများထံ ဖြန့်ဝေခြင်း၊ Guideline (လမ်းညွှန်ချက်) ရေးဆွဲဖြန့်ဝေခြင်း၊ ပညာရပ်ဆိုင်ရာအဖွဲ့များထံမှ အကြံဉာဏ်ရယူခြင်း၊ အထောက်အကူရယူခြင်းများကို စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိပါသည်။

**❖ ၂၀၅၀ ပြည့်နှစ်တွင် ပဋိဇီဝဆေးယဉ်ပါးခြင်းအတွက် ကုန်ကျစရိတ်မှာ တစ်ကမ္ဘာလုံး အနေဖြင့် ၆၆ ထရီလီယံ (စတာလင်ပေါင်)ရှိမည်ဟု ခန့်မှန်းထား။**

**❖ မြန်မာနိုင်ငံအနေဖြင့်လည်း ပဋိဇီဝဆေးယဉ်ပါးခြင်း ပြဿနာသည် နိုင်ငံ၏ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ကြီးမားသောခြိမ်းခြောက်မှုတစ်ခု ဖြစ်လာ။**

**တစ်ခုတည်းသောကျန်းမာရေး(One Health Approach)**

ပဋိဇီဝဆေးယဉ်ပါးခြင်းကို တိုက်ဖျက်ရာတွင် မွေးမြူရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများနှင့်လည်း ပူးပေါင်းဆောင်ရွက်မှသာ ထိရောက်အောင်မြင်မည်ဖြစ်ပါသည်။ လူတို့နေ့စဉ်အမျှစားသုံးနေသော အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံများတွင် ပဋိဇီဝဆေးသုံးစွဲမှုကြောင့် လူ၏ ခန္ဓာကိုယ်အတွင်းသို့ ရောက်ရှိလာပါသည်။ အထူးသဖြင့် ကြက်၊ ဝက်၊ နွား၊ ငါး မွေးမြူရေးလုပ်ငန်းများတွင် အသားတိုးရန်အတွက် လည်းကောင်း၊ ရောဂါကာကွယ်ရန်အတွက်လည်းကောင်း၊ ပဋိဇီဝဆေးဝါးများကို အစာများနှင့် ရောနှော၍ ကျွေးမွေးလေ့ရှိကြပါသည်။ အဆိုပါ အသားငါးများကို စားသုံးသည့် လူတို့တွင်လည်း ပဋိဇီဝဆေးယဉ်ပါးမှုကို ဖြစ်စေပါသည်။

လူတို့ နေ့စဉ်စားသုံးနေသော အစားအစာများတွင်လည်း ပဋိဇီဝဆေးများ မည်မျှပါဝင်နေသည်ကို သတိပြုဆင်ခြင်သင့်ပါသည်။ မွေးမြူရေးလုပ်ငန်းရှင်များကလည်း ကိုယ်ကျိုးစီးပွားတစ်ခုတည်းကို မကြည့်ဘဲ အများအတွက် ထည့်သွင်းစဉ်းစားလုပ်ဆောင်သင့်ပါသည်။ တာဝန်ရှိသူများကလည်း ပဋိဇီဝဆေးယဉ်ပါးခြင်း၏ အန္တရာယ်များကိုလည်း အသိပညာပေးထားရပါမည်။ အကြောင်းအကျိုးကိုမသိ၍ လုပ်မိခြင်း၊ သိလျက်နှင့်လုပ်မိခြင်း စသည့်လုပ်ဆောင်မှုများသည် စားသုံးသူ လူသားများအတွက် ကျန်းမာရေးအန္တရာယ်ရှိလာမှာဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပဋိဇီဝဆေးယဉ်ပါးခြင်း တိုက်ဖျက်ရေးတာဝန်ရှိသူများသည် လမ်းညွှန်ချက်များကို အသိပေးခြင်း၊ ပညာပေးခြင်းများအား အလွှာပေါင်းစုံ သိရှိလိုက်နာစေရန် ဆောင်ရွက်ရပါမည်။ အသိပညာပေးပြီးနောက် လိုက်နာရန် ပျက်ကွက်နေသူများကိုလည်း စောင့်ကြည့်လေ့လာ၍ တည့်မတ်ပေးရပါမည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်သူများက မွေးမြူရေးလုပ်ငန်းရှင်များအား Good Animal husbandary Practice (ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်)များကို လမ်းညွှန်ပြသခြင်း၊ ကြပ်မတ်စောင့်ကြည့်ခြင်း၊ ပံ့ပိုးကူညီခြင်းများ မျက်ခြည်မပြတ် လုပ်ဆောင်လျက်ရှိပါသည်။

လူသားများ၏ ကျန်းမာရေးသည် တိရစ္ဆာန်မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးများနှင့် တွဲလျက်ဆက်စပ်နေသဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က One Health Approach (တစ်ခုတည်းသော ကျန်းမာရေး)ကို အထူးအလေးပေး အကောင်အထည်ဖော်သွားရန် တိုက်တွန်းလျက်ရှိပါသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုနည်းပါးသောနိုင်ငံများတွင် အရေးတကြီး ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ခံယူလုပ်ဆောင်သွားသင့်ကြောင်း ထောက်ပြလျက်ရှိပါသည်။

**ပဋိဇီဝဆေးဆိုင်ရာ အသိပေးရက်သတ္တပတ် သတ်မှတ်ကျင်းပခြင်း**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ပဋိဇီဝဆေးဆိုင်ရာ အသိပေးရက်သတ္တပတ်အား ၂၀၁၇ ခုနှစ်မှစတင်၍ နှစ်စဉ် နိုဝင်ဘာလ(၁၈)ရက်မှ (၂၄)ရက်နေ့အထိ သတ်မှတ်ပေးပြီး နိုင်ငံတကာမှာ အခမ်းအနားများ၊ လှုပ်ရှားမှုများ ကျင်းပရန် လမ်းညွှန်မှုပေးပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ် အခမ်းအနားများကို နေပြည်တော်တွင် ကျင်းပခဲ့ပြီး ၂၀၁၉ ခုနှစ် အခမ်းအနားကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ အဆိုပါ အခမ်းအနားများတွင် ကျန်းမာရေးအသိပညာပေး စကားဝိုင်းများ ကျင်းပခြင်း၊ ပဋိဇီဝဆေးယဉ်ပါးခြင်းနှင့်ပတ်သက်သော အသိပညာပေး ပြခန်းများပြသခြင်း၊ လက်ကမ်းစာစောင်နှင့် IEC material (Information, Education, Communication) များ ဖြန့်ဝေခြင်း၊ ပိုစတာနှင့် ကာတွန်းပြိုင်ပွဲများကျင်းပခြင်း၊ တေးသရုပ်ဖော်အကဖြင့် တင်ဆက်ခြင်း၊ ပြည်သူများသိရှိစေရန် ပိုစတာများစိုက်ထူခြင်းများ လုပ်ဆောင်ခဲ့ပါသည်။ ယခုနှစ်သည် Covid-19 ရောဂါအခြေအနေအရ ပဋိဇီဝဆေးဆိုင်ရာ အသိပေးရက်သတ္တပတ် လှုပ်ရှားမှုများအား Online မီဒီယာကို အသုံးပြု၍ လုပ်ဆောင်သွားပါမည်။ လူထုလူတန်းစားအသီးသီးက ပဋိဇီဝဆေးယဉ်ပါးခြင်း၏ ဆိုးကျိုးများနှင့် လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများကို ပိုမိုတိုးတက်သိရှိလာစေရန် လူထုဆက်သွယ်ရေး နည်းလမ်းများစွာဖြင့် လုပ်ဆောင်သွားပါမည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ယခုနှစ်ဆောင်ပုဒ်မှာ “United to Preserve antimicrobials” ပဋိဇီဝဆေးအာနိသင်ကြာရှည်အစွမ်းထက်ဖို့ အားလုံး ထိန်းသိမ်းသုံးစွဲစို့" ဖြစ်ပါသည်။ ပဋိဇီဝဆေးက ရောဂါပိုးကို မသတ်နိုင်ပါက အာနိသင်မရှိသောဆေး၊ အစွမ်းမထက်သောဆေး ဖြစ်သွားပါမည်။ သို့ဖြစ်၍ ပဋိဇီဝဆေးအာနိသင် ကြာရှည်အစွမ်းထက်ဖို့ ကျန်းမာရေးဝန်ထမ်းများ၊ စီမံခန့်ခွဲသူများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ဆေးဝါးရောင်းချသူများ၊ လုပ်သားပြည်သူများအားလုံးက ဝိုင်းဝန်းထိန်းသိမ်းသွားရပါမည်။ ပိုမိုအစွမ်းထက်သော ပဋိဇီဝဆေးများကိုလည်း ကမ္ဘာတစ်ဝန်းက ထပ်မံထုတ်လုပ်လာနိုင်ခြင်းလည်း မရှိသေးသဖြင့်လည်း လက်ရှိသုံးစွဲနေသော ပဋိဇီဝဆေးများ၏ အာနိသင်ကို ထိန်းသိမ်းထားရန် လိုအပ်ပါသည်။

**ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးဝါးရောင်းချသူများ၏ကဏ္ဍ**

လက်ရှိကျင့်သုံးနေသော လမ်းညွှန်ချက်များအရ ပဋိဇီဝဆေးများကို လိုအပ်သည့်အခါမှသာပေးရန် (သို့မဟုတ်)ရောင်းချရန် ဖြစ်ပါသည်။ ပဋိဇီဝဆေးလာဝယ်သူအား ဆရာဝန်ညွှန်ကြားချက်ပါရှိမှသာ ရောင်းချခြင်းအပြင် သင့်လျော်သော ဆေးဝါး/ပမာဏ/ ဆေးသောက်ရမည့်ကာလတို့ကို တိတိကျကျ သတ်မှတ်ပေးရပါမည်။ ဆေးဝယ်လာသူ/လူနာကို သာမန်အအေးမိခြင်း၊ တုပ်ကွေးဖြစ်ခြင်းတို့အတွက် ပဋိဇီဝဆေးဝါး မလိုအပ်ကြောင်း ရှင်းလင်းပြောဆိုပေးရပါမည်။ လူနာများအား ပဋိဇီဝဆေးဝါးများကို မှန်ကန်စွာ သုံးစွဲနည်းနှင့် လွဲမှားစွာ အသုံးပြုပါက ဆေးယဉ်ပါးပြီး အန္တရာယ်ရှိနိုင်ကြောင်း အချိန်ပေး၍ ရှင်းလင်းပြောဆိုပေးရပါမည်။ ရောဂါမသက်သာပါက နားလည်တတ်ကျွမ်းသော ကျန်းမာရေးစောင့်ရှောက်သူထံ ပြန်လည်ပြသမေးမြန်းရန် သတိပေးရပါမည်။ ကာကွယ်ဆေးထိုးခြင်း၊ လက်ဆေးခြင်း၊ ဘေးကင်းသော လိင်ဆက်ဆံခြင်းနှင့် နှာချေချောင်းဆိုးချိန်တိုင်းတွင် ပါးစပ်နှင့် နှာခေါင်းကို ဖုံးအုပ်ထားခြင်းတို့သည် ရောဂါပိုးကူးစက်ခြင်းကို ကာကွယ်နိုင်ကြောင်း ရှင်းပြပေးရပါမည်။ အရေးကြီးဆုံးအချက်မှာ စပ်ဆေးများ၊ ရက်လွန်ဆေးများ၊ လုံးဝမရောင်းချရန်ဖြစ်ပြီး မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)မှ ခွင့်ပြုချက်ရပြီးသော ဆေးများကိုသာ ရောင်းချရန်ဖြစ်ပါသည်။

**အထူးသတိပေးလိုခြင်း**

လူတိုင်းသည် နေ့စဉ်နှင့်အမျှ ရောဂါပိုးများနှင့် ထိတွေ့နေကြရပါသည်။ မိမိ၏ ခန္ဓာကိုယ်အတွင်းသို့ နည်းလမ်းမျိုးစုံဖြင့် ရောဂါပိုးများ ဝင်ရောက်လာပါက အာနိသင်ရှိပြီး အစွမ်းထက်သော ပဋိဇီဝဆေးဝါးသောက်သုံးရန် သက်ဆိုင်ရာ ဆရာဝန်က ညွှန်ကြားပါလိမ့်မည်။ ဆရာဝန်နှင့်ပြသရန် အခက်အခဲရှိနေပါက ကျွမ်းကျင်သူနှင့်လည်း တိုင်ပင်ဆွေးနွေးနိုင်ပါသည်။ ရောဂါပိုးအတွက် ဆေးဝယ်သောက်ရာတွင် အရေးကြီးသည်မှာ ဆေးစွမ်းပြဖို့ဖြစ်ပါသည်။ ဆေးက ရောဂါပိုးကို မနိုင်ဘူးဆိုပါက ဒုက္ခတွေ့ရပါတော့မည်။ ဓာတ်ခွဲခန်းမှ ပိုးမွေးမြူရလဒ်အဖြေ၌ ပဋိဇီဝဆေးများအားလုံးလိုလို Resistance (R) လက္ခဏာအမှတ်အသားများ ပြလာပါက လူနာအတွက် ဝမ်းနည်းစရာပါ။ ကုသပေးမည့် ဆရာဝန်နှင့် ကုန်ကျစရာ ငွေကြေးရှိသော်လည်း ဆေးမတိုးတော့သည့်အတွက် ဆက်လက်အသက်ရှင်ဖွယ်ရာ အခွင့်အလမ်းမရှိနိုင်တော့ကြောင်း အထူးသတိပေးလိုပါသည်။ ပြည်သူအပေါင်း ဆေးမတိုးခြင်းဒုက္ခမှ ကင်းဝေးကြပါစေ။

**❖ တစ်ဦးချင်းလိုက်နာရန် ပျက်ကွက်မှုက အစပြု၍ ဖြစ်ပေါ်လာသော ပဋိဇီဝဆေး ယဉ်ပါးခြင်းကိစ္စသည် တစ်နှစ်လျှင် ကမ္ဘာ့ အနှံ့ရှိ လူသားပေါင်း ခုနစ်သိန်းကို သေဆုံးစေသည့် ဒုက္ခတစ်မျိုးဖြစ်လာနေ။**

**❖ ကျွမ်းကျင်သူများ၏ ခန့်မှန်းတွက်ချက်မှု အရ လာမည့် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့ လူသား သိန်းတစ်ရာ၊ (၁၀)သန်းအထိ သေဆုံးလိမ့်မည်ဟု ဟောကိန်းထုတ်ထား။**

# ရုရှားနိုင်ငံက အုပ်ချုပ်မှုဆိုင်ရာပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်ရန် ထုတ်ပြန်ကြေညာ



**မော်စကို နိုဝင်ဘာ ၁၇**

ရုရှားနိုင်ငံသည် အုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအစီအစဉ်တစ်ရပ်ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်ရန် ရုရှားဝန်ကြီးချုပ် မီရှူစတင်က နိုဝင်ဘာ ၁၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါအုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ယခင်က ရပ်ဆိုင်းထားခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် အချိန်ကြာကြာရွှေ့ဆိုင်းတော့မှာ မဟုတ်ကြောင်း ရုရှားဝန်ကြီးချုပ် မီရှူစတင်က ဒုတိယဝန်ကြီးချုပ်များနှင့် ပြုလုပ်သည့် အစည်းအဝေးတစ်ခုတွင် ပြောကြားခဲ့သည်။

ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုသည် ဝန်ကြီးဌာနများအတွင်း ရာထူးနေရာ ၂၀ ရာခိုင်နှုန်း လစ်လပ်မှုများ ရှိနေခြင်းကြောင့် အစိုးရအဖွဲ့တာဝန်ရှိသူတိုင်းက သတ်မှတ်ထားသော တာဝန်ဝတ္တရားများကို ကတိကဝတ်ပြုရန် ပိုမိုသေချာစေမည်ဖြစ်ပြီး ပိုမိုကောင်းမွန်သော တည်ဆောက်မှုကို အထောက်အကူ ပြုလိမ့်မည်ဖြစ်ကြောင်း မီရှူစတင်က ပြောကြားခဲ့သည်။

ဗဟိုအုပ်ချုပ်ရေးရုံးရှိ ဝန်ထမ်းများကို ငါးရာခိုင်နှုန်းအထိ လျှော့ချမည်ဖြစ်ကြောင်းနှင့် နယ်မြေအစိုးရရုံးများရှိ ဝန်ထမ်းများကို ၁၀ ရာခိုင်နှုန်းအထိ လျှော့ချမည်ဖြစ်ကြောင်းလည်း သိရသည်။ အုပ်ချုပ်မှုဆိုင်ရာ ပြန်လည်ဖွဲ့စည်းရေးကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်မည်ဖြစ်ပြီး ဧပြီ ၁ ရက်တွင် အပြီးသတ်ဆောင်ရွက်နိုင်ရန် စီစဉ်ထားကြောင်း ရုရှားဝန်ကြီးချုပ် မီရှူစတင်က ပြောကြားခဲ့သည်။

အစိုးရအဖွဲ့ အပြောင်းအလဲပြုလုပ်မှု အနေဖြင့် ဒုတိယဝန်ကြီးချုပ်အရေအတွက်ကို ကိုးဦးမှ ၁၀ ဦးအထိ တိုးမြှင့်မည့် အမိန့်ညွှန်ကြားချက်တစ်ရပ်ကို ရုရှားနိုင်ငံ သမ္မတ ဗလာဒီမာပူတင်က မကြာသေးသည့်ကာလအတွင်းက လက်မှတ်ရေးထိုးပေးခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အာဖဂန်နှင့် အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ ထပ်မံရုပ်သိမ်းရန် သမ္မတထရမ့် ညွှန်ကြားလိမ့်မည်ဟု အမေရိကန်စစ်ဘက် မျှော်လင့်

**ဝါရှင်တန် နိုဝင်ဘာ ၁၇**

အာဖဂန်နစ္စတန်နှင့် အီရတ်နိုင်ငံတို့မှ အမေရိကန်တပ်ဖွဲ့ဝင်များကို ထပ်မံရုပ်သိမ်းရန် သမ္မတထရမ့် ညွှန်ကြားလိမ့်မည်ဟု အမေရိကန်စစ်ဘက်က မျှော်လင့်ထားကြောင်း ကာကွယ်ရေးတာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကား၍ အမေရိကန်မီဒီယာများက သတင်းဖော်ပြခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်ကို ၅၀၀၀ ခန့်မှ ၂၅၀၀ ခန့်အထိ လျှော့ချမည်ဖြစ်ကြောင်းနှင့် အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်ကို ၃၀၀၀ မှ ၂၅၀၀ အထိ လျှော့ချမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ခရစ္စမတ်ကာလတွင် အမေရိကန်တပ်ဖွဲ့ဝင်အားလုံး အမေရိကန်နိုင်ငံသို့ ပြန်လည်ရောက်ရှိရန် ဆန္ဒရှိကြောင်း ယခင်က ပြောကြားခဲ့ကြောင်းသိရသည်။ သို့ရာတွင် သမ္မတထရမ့်သည် နိုဝင်ဘာ ၃ ရက်က ကျင်းပခဲ့သည့် သမ္မတရွေးကောက်ပွဲတွင် ပြိုင်ဘက်ဖြစ်သူ ဂျိုးဘိုင်ဒင်အား အရေးနိမ့်ကြောင်း ဝန်ခံပြောကြားရန် ငြင်းဆိုလျက်ရှိသည်။

ရွေးကောက်ခံသမ္မတလောင်း ဂျိုးဘိုင်ဒင်အား အမေရိကန်သမ္မတအဖြစ် ရာထူးမအပ်နှင်းမီ ရက်ပိုင်းအလို ဇန်နဝါရီ ၁၅ ရက်တွင် အာဖဂန်နှင့် အီရတ်တို့ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းမှုပြီးစီးသင့်ကြောင်းလည်း အမေရိကန်မီဒီယာများက သတင်းဖော်ပြသည်။ ပင်တဂွန်သည် အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ၏ သုံးပုံတစ်ပုံကျော် (၅၂၀၀ ခန့်ရှိရာမှ ၃၀၀၀ အထိ)ကို ရုပ်သိမ်းမည်ဖြစ်ကြောင်း စက်တင်ဘာလအတွင်းက ကြေညာခဲ့ကြောင်း သိရသည်။



**ကိုးကား-ဘီဘီစီ၊ ဘာသာပြန်-အလင်းသစ်**

# အေပက်နိုင်ငံများက ဒေသတွင်းစီးပွားရေးတိုးတက်စေရေး အတူတကွ ပူးပေါင်းဆောင်ရွက်ရန် ကတိကဝတ်ပြု

**ကွာလာလမ်ပူ နိုဝင်ဘာ ၁၇**

အာရှ-ပစိဖိတ်ဒေသမှ နိုင်ငံများသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုနှင့် ရင်ဆိုင်နေရစဉ် ဒေသတွင်းစီးပွားရေး တိုးတက်စေရေး အတူတကွပူးပေါင်းဆောင်ရွက်ရန် ကတိကဝတ်ပြုခဲ့ကြောင်း သိရသည်။

အေပက်သို့မဟုတ် အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်မှ အဖွဲ့ဝင် ၂၁ နိုင်ငံ၏ ဝန်ကြီးများသည် နိုဝင်ဘာ ၁၆ ရက်တွင် တယ်လီကွန်ဖရင့်တစ်ရပ် ကျင်းပခဲ့ပြီးနောက် ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

ကိုဗစ်-၁၉ ကပ်ရောဂါက အာရှ-ပစိဖိတ်ဒေသကို ပြင်းပြင်းထန်ထန်ရိုက်ခတ်လျက်ရှိကြောင်းနှင့် ယခုကဲ့သို့ စိန်ခေါ်မှုနှင့် ရင်ဆိုင်နေရချိန်တွင် စီးပွားရေးပြန်လည်ဦးမော့လာစေရေးကို လုပ်ဆောင်ရန် လွတ်လပ်၍ တရားမျှတသော ကုန်သွယ်ရေးသည် အရေးကြီးပါကြောင်း အေပက်အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများက ပြောကြားခဲ့သည်။

ယခုထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်သည် သုံးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ်ထုတ်ပြန်ခဲ့သည့်ထုတ်ပြန်ချက်ဖြစ်သည်။ လွတ်လပ်သောကုန်သွယ်ရေးဆိုင်ရာ စကားရပ်နှင့်စပ်လျဉ်း၍ အမေရိကန်နှင့် တရုတ်တို့အကြား အငြင်းပွားမှုဖြစ်ပွားခဲ့ပြီးနောက် ၂၀၁၈ ခုနှစ်အတွင်းက နောက်ဆုံးကျင်းပခဲ့သည့် အေပက်အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများသည် ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ရေးသဘောတူညီချက်ရရှိခဲ့ခြင်းမရှိခဲ့ပေ။

နိုဝင်ဘာ ၁၆ ရက်တွင် ကျင်းပခဲ့သည့် အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်သည် ကမ္ဘာ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်ကို လွှမ်းခြုံနိုင်သော ကြီးမားသည့် ကုန်သွယ်ရေးအသိုက်အဝန်းတစ်ရပ်ကို ဖန်တီးရန် အာရှ-ပစိဖိတ်ဒေသ ၁၅ နိုင်ငံက သဘောတူညီခဲ့ပြီးနောက်တစ်ရက်တွင် ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**

# အစ္စရေးက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ် တက္ကသိုလ်ကျောင်းသားများအား အမေရိကန်ဒေါ်လာ ၂၃၇ သန်း အထောက်အပံ့ပေးမည့် အစီအစဉ်စတင်

**ဂျေရုဆလင် နိုဝင်ဘာ ၁၇**

အစ္စရေးနိုင်ငံသည် တက္ကသိုလ်နှင့် ကောလိပ်ကျောင်းသားများအား စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၃၇ သန်း(ရှီကယ် သန်း ၈၀၀) ကုန်ကျမည့် အထောက်အပံ့ပေးရေးအစီအစဉ်တစ်ရပ်ကို စတင်ခဲ့ကြောင်း အစ္စရေးဘဏ္ဍာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁၆ ရက်တွင် ပြောကြားခဲ့သည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက စတင်ဆောင်ရွက်ခဲ့သည့် အဆိုပါအစီအစဉ်ကို ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဒဏ်ခံခဲ့ရသည့် ကျောင်းသားများကို ကူညီရန်နှင့် အဆိုပါကျောင်းသားများအား ကျောင်းထွက်ခြင်းမှ ကြိုတင်ကာကွယ်ရန် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

ယင်းအစီအစဉ်တွင် အဓိကအားဖြင့် လူမှုရေးလှုပ်ရှားမှုများပြုလုပ်မည့် ကျောင်းသားများအတွက် ပညာသင်ဆုများ တိုးမြှင့်ရေးနှင့် လုပ်ငန်းနယ်ပယ်အမျိုးမျိုးတွင် ကျောင်းသားများ အလုပ်အကိုင် တိုးမြှင့်ရရှိရေးတို့ ပါဝင်သည်။

ထို့ပြင် ကျောင်းသားများက ပညာရေးအဖွဲ့အစည်းများသို့ ပေးဆောင်ရသည့် လုံခြုံရေးစရိတ်ကိုလည်း ၅၀ ရာခိုင်နှုန်းအထိ လျှော့ချသွားမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် နိုင်ငံတော်က ကျောင်းသားများကို တစ်နှစ်လျှင် ရှီကယ် သန်း ၅၀၀ ကျော် ထောက်ပံ့ပေးလျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

**ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ**
**၅၅၄၆၄၅၄၅ ဦး**

**သေဆုံးသူ**
**၁၃၃၄၆၁၁ ဦး**

**ပြန်လည်ကျန်းမာလာသူ**
**၃၆၈၂၁၉၈၈ ဦး**

# ဘယ်လ်ဂျီယံပြည်သူ ၇၀ ရာခိုင်နှုန်းကို ဗိုင်းရပ်စ်ကာကွယ်ဆေး အခမဲ့ ထိုးပေးမည်

**ဘရပ်ဆဲလ် နိုဝင်ဘာ ၁၇**

နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းဝန်းကျင်ဖြစ်သော ပြည်သူ ရှစ်သန်းခန့်ကို ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး အခမဲ့ထိုးပေးရန် ရည်ရွယ်ကြောင်း ဘယ်လ်ဂျီယံအစိုးရက ပြောကြားလိုက်သည်။


"နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းထက် မနည်းကို ဗိုင်းရပ်စ်ကာကွယ်ဆေး ထိုးပေးဖို့ ရည်ရွယ်ပါတယ်။ သိပ္ပံနည်းကျ အချက်အလက်တွေကိုအခြေခံပြီး ဦးစားပေးအုပ်စုတွေ သတ်မှတ်သွားမှာဖြစ်ပါတယ်" ဟု ဘယ်လ်ဂျီယံ ကျန်းမာရေးဝန်ကြီး ဖရန့်ခ်ဗန်ဒန်ဘရော့ကဲက ပြောကြားသည်။ ဗိုင်းရပ်စ်ကာကွယ်ဆေးက နိုင်ငံသားအားလုံးအတွက် အခမဲ့ဖြစ်မည်ဟု ၎င်းက ဆိုသည်။ လူဦးရေ ၁၁ ဒသမ ၅ သန်းရှိသော ဘယ်လ်ဂျီယံနိုင်ငံတွင် လက်ရှိအချိန်ထိ ကိုဗစ်-၁၉ ကူးစက်လူနာ ၅၄၀၀၀၀ နီးပါးနှင့် သေဆုံးသူ ၁၄၀၀၀ ရှိပြီး ဥရောပတိုက်တွင် သေဆုံးမှုနှုန်း အမြင့်ဆုံးဖြစ်သည်။

**ဝယ်ယူရန်လက်မှတ်ရေးထိုး**

ဘယ်လ်ဂျီယံနိုင်ငံက ဂျာမနီဆေးဝါးကုမ္ပဏီ CureVac ထံမှ အလားအလာကောင်းသော ဗိုင်းရပ်စ်ကာကွယ်ဆေးတစ်မျိုး ဝယ်ယူရန် လက်မှတ်ရေးထိုးမည်ဟု ပြောကြားခဲ့ရာ ဥရောပသမဂ္ဂအတွင်း သဘောတူညီမှုရရှိခဲ့သည့် ပဉ္စမမြောက် ကာကွယ်ဆေးဖြစ်သည်။ အမေရိကန်ဆေးဝါးကုမ္ပဏီ Moderna ထံမှ ဗိုင်းရပ်စ်ကာကွယ်ဆေး ဝယ်ယူရန်လည်း လုပ်ဆောင်လျက်ရှိသည်။ ဘယ်လ်ဂျီယံနိုင်ငံက AstraZeneca ကုမ္ပဏီထံမှ ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ ၇ ဒသမ ၇ သန်းနှင့် Johnson & Johnson ထံမှ နောက်ထပ် အလုံးရေ ၅ ဒသမ ၅ သန်း ဝယ်ယူရန် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

**ခွင့်ပြုချက်ရရှိမှ ရှေ့ဆက်လုပ်ဆောင်မည်**

ဘေးအန္တရာယ်ကင်းမှုနှင့် ထိရောက်မှုရှိကြောင်း ဥရောပဆေးဝါးအေဂျင်စီထံမှ ခွင့်ပြုချက်ရရှိမှသာ ဥရောပသမဂ္ဂနိုင်ငံများအတွင်း ဗိုင်းရပ်စ်ကာကွယ်ဆေးများဖြန့်ဖြူးမှု ရှေ့ဆက်လုပ်ဆောင်မည်ဖြစ်သည်။




**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# သတင်းအမှားများပျံ့နှံ့မှုအမြင့်ဆုံး ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့် လိုအပ်နေပြီဖြစ်သည့် လူမှုကွန်ရက်ဥပဒေသစ်

မေလဲ့သင်း

ကမ္ဘာ့လူဦးရေ ၇ ဒသမ ၈ ဘီလီယံထဲမှာ ၅၅ သန်းနီးပါးက ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုခံခဲ့ရပြီး တစ်သန်းခွဲ နီးပါး သေဆုံးခဲ့ပြီးဖြစ်တာကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဟာ ကမ္ဘာ့လူသားများအတွက် ကျန်းမာရေး၊ စီးပွားရေးနဲ့ လူမှုရေးတွေအားလုံး ပုံမှန်အခြေအနေကို ပြန်ရောက်ဖို့ တစ်ခုတည်းသော ထွက်ပေါက်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်း ဖိုက်ဇာ (Pfizer)က သူတို့ကုမ္ပဏီနဲ့ ဘိုင်အိုအန်တက်ချ် (Bio NTech) တို့ ပေါင်းပြီးစမ်းသပ်နေတဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဟာ ၉၀ ရာခိုင်နှုန်းကျော် ထိရောက်ကြောင်း အတည်ပြုခဲ့တာကြောင့် ဒီဆေးကို ဘယ်အချိန်ရနိုင်မလဲဆိုတဲ့ ကိစ္စရပ်က လူစိတ်ဝင်စားမှု အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။ မနေ့ကပဲ Moderna(မာဒါးနား) ကုမ္ပဏီက ထပ်ပြီး သူတို့စမ်းနေတဲ့ ကာကွယ်ဆေးဟာ ၉၅ ရာခိုင်နှုန်းအထိ ကိုရိုနာဗိုင်းရပ်စ်ကို ကာကွယ်နိုင်ကြောင်း ထပ်မံကြေညာခဲ့ပါတယ်။

**နောက်ဆက်တွဲ ဂယက်**

ဒါပေမယ့်ဖိုက်ဇာနဲ့ မာဒါးနားတို့ရဲ့ကြေညာချက်အပြီး မရှေးမနှောင်းမှာပဲ ဒီကာကွယ်ဆေးက လူသားမျိုးဗီဇ ပြောင်းလဲမှု ဖြစ်စေနိုင်တယ်ဆိုတဲ့ သတင်းအမှားတွေဟာ ဖေ့စ်ဘွတ်၊ တွစ်တာလို အသုံးများတဲ့ လူမှုကွန်ရက်တွေမှာ တစ်မဟုတ်ချင်း ပျံ့နှံ့လာခဲ့ပါတယ်။ ကာကွယ်ဆေးအောင်မြင်ကြောင်း သတင်းတက်လာပြီး နာရီပိုင်းအကြာမှာပဲ ရောဘတ်ဆန်ဆိုသူက "စမ်းသပ်နေတဲ့ဆေးတွေ အားလုံးဟာ အစကတော့ စမ်းတဝါးဝါးပါပဲ၊ နောက်တော့ ကိုယ်ခံစွမ်းအားပိုကောင်းလာဖို့နဲ့ မျိုးဗီဇကိုပြုပြင်ပြီး ရောဂါပိုးကို တိုက်ထုတ်ဖို့ ဖန်တီးလာကြပါတယ်။ ဒီတော့ ကာကွယ်ဆေးသုံးမယ်ဆိုရင် မျိုးဗီဇပြောင်းလဲခြင်းပါ ရှိလာတော့မှာပါ" လို့ ဖေ့စ်ဘွတ်ပေါ်ကနေ စတင်ရေးသားခဲ့ပါတယ်။ ဒီလိုအခြေအမြစ်မရှိတဲ့ ရေးသားမှုကိုပဲ သန်းနဲ့ချီအသုံးပြုသူတွေက ပြန်လည်ဝေမျှလာတာကြောင့် အချို့က ကာကွယ်ဆေး အသုံးပြုရမှာကို စိုးရိမ်နေကြသလို အချို့ကဆို ကာကွယ်ဆေးကို လုံးဝ လျစ်လျူရှုဖို့အထိတောင် စဉ်းစားလာကြပြီ ဖြစ်ပါတယ်။

တကယ်တော့ ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်ပြီး သတင်းအမှားတွေ တောက်လျှောက်ထွက်ခဲ့တာက အချိန်အတော်ကြာမြင့်နေပါပြီ။ အသွားအလာကန့်သတ်ချက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူဦးရေ၊ ကျန်းမာရေး ဝန်ထမ်းတွေနဲ့ပတ်သက်တဲ့ သတင်းမှားတွေကို လူမှုကွန်ရက်မှာ နေ့စဉ်တွေ့မြင်နေရပြီး အဲဒီထဲမှာမှ အဆိုးဆုံးက စိတ်ဝင်စားမှုအမြင့်ဆုံးဖြစ်တဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးနဲ့ ဆက်စပ်ပြီး ထွက်နေတဲ့ သတင်းမှားတွေပါ။ ဖေ့စ်ဘွတ်ရဲ့ အမှုဆောင်ချုပ် မက်ဇူကာဘတ်က ကပ်ရောဂါကာလအတွင်း ကာကွယ်ဆေးဆန့်ကျင်တဲ့ပို့စ်တွေကို ဆင်ဆာလုပ် ဖြတ်ချသွားမှာမဟုတ်ကြောင်းဆိုခဲ့တာကြောင့်လည်း ကာကွယ်ဆေးနဲ့ပတ်သက်လို့ သတင်းမှားတွေဟာ လူမှုကွန်ရက်ပလက်ဖောင်းပေါ်မှာ ဖောဖောသီသီ နေရာယူလာတာဖြစ်တယ်လို့ သုံးသပ်ရပါတယ်။ ဒီလို သတင်းတွေထဲမှာ ကာကွယ်ဆေး အစမ်းသပ်ခံပုဂ္ဂိုလ်များရဲ့ ၇၅ ရာခိုင်နှုန်းကျော်ဟာ ဘေးထွက်ဆိုးကျိုးခံစားရကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ လူ့ခန္ဓာကိုယ်ထဲ မိုက်ခရိုအချပ်ကလေးတွေ ထည့်သွင်းဖို့အတွက် ကြိုတင်ကြံစည်ထားတဲ့ အစီအမံဖြစ်တာကြောင့် ကိုဗစ်-၁၉ ဖြစ်ပွားမှုကို အဓိကကြိုးကိုင်တာက ဘီလျံနာသူဌေးကြီး ဘီလ်ဂိတ်ဖြစ်ပါတယ်။ ဒါကြောင့်လည်း သူက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအတွက် ဒေါ်လာ သန်းပေါင်းများစွာ ထည့်ဝင်နေတာဖြစ်ကြောင်း စသဖြင့် သတင်းအမှားတွေဟာ လူမှုကွန်ရက်စာမျက်နှာတွေပေါ် တောက်လျှောက်နေရာယူခဲ့တာဖြစ်ပါတယ်။ ကာယကံရှင် ဘီလ်ဂိတ်ကိုယ်တိုင်က လုံးဝမဟုတ်မမှန်တဲ့သတင်းဖြစ်ကြောင်း အတိအလင်း ငြင်းဆိုခဲ့ပေမယ့် အမေရိကန်နိုင်ငံသား ၂၈ ရာခိုင်နှုန်းက ဒီသတင်းကို ယုံကြည်ကြောင်း ဂေါ့ဗ်ကွန်းက လုပ်ဆောင်တဲ့ လူထုစစ်တမ်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။

အထူးသဖြင့် အွန်လိုင်းပေါ်မှာ အခြေပြုလှုပ်ရှားလာတဲ့ ကာကွယ်ဆေးဆန့်ကျင်ရေး လှုပ်ရှားမှုတွေဟာ လူအများရဲ့ ကာကွယ်ဆေးလိုအပ်ချက်အာရုံကို ထွေပြားအောင် ထိထိမိမိ စွမ်းဆောင်လာနိုင်တာ တွေ့ရပါတယ်။ အမေရိကန်လူမျိုး ၁၄ ဒသမ ၂ ရာခိုင်နှုန်းက ဘေးထွက်ဆိုးကျိုးရှိမှာ စိုးရိမ်တာကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေးရလာချိန်မှာ ကလေးငယ်တွေကို ကာကွယ်ဆေးထိုးပေးဖို့ ဆန္ဒမရှိကြောင်း တုံ့ပြန်ထားပြီးဖြစ်ပါတယ်။ အလားတူ ၁၇ ဒသမ ၉ ရာခိုင်နှုန်းကလည်း သူတို့အနေနဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးဖို့ ဆန္ဒမရှိကြောင်း ဆိုခဲ့ပါတယ်။




**ပိုမိုနက်ရှိုင်းတဲ့ ပြဿနာ**

ကာကွယ်ဆေးနဲ့ပတ်သက်လို့ သတင်းအမှားတွေ လွယ်လွယ်ကူကူ ပျံ့နှံ့လာခြင်းအတွက် လူမှုကွန်ရက်လုပ်ငန်းတွေအပေါ် ဝေဖန်ပြစ်တင်မှုတွေ ရှိနေပေမယ့် ပြဿနာဟာ ထင်ထားတာထက် ပိုမိုနက်ရှိုင်းနေတယ်ဆိုတာ နှစ်ပေါင်းများစွာ အောင်မြင်လာတဲ့ ဗြိတိန်ရဲ့ ရောဂါစုံကာကွယ်ဆေး ထိုးနှံပေးရေး စီမံချက်ဟာ ၂၀၁၉ ခုနှစ်အရောက်မှာ မအောင်မမြင် ဖြစ်ခဲ့တာက သက်သေပါပဲ။ ကာကွယ်ဆေးတွေဟာ နောက်ဆက်တွဲ သက်ရောက်မှုတွေ ဖြစ်စေကြောင်း သတင်းမှားတွေ အွန်လိုင်းပေါ်မှာဆက်တိုက်ဆိုသလိုတက်လာပြီးနောက် မိဘအချို့က ကလေးတွေကို ကာကွယ်ဆေး ထိုးနှံပေးခြင်းမရှိတာကြောင့် ဗြိတိန်ဟာ ဝက်သက်ကင်းစင်တဲ့ နိုင်ငံအဆင့်ကနေ လျော့ကျခဲ့ရပါတယ်။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးကတော့ ကိုဗစ်-၁၉ ရောဂါဟာ လူမှုကွန်ရက်နဲ့ နည်းပညာအသုံးပြုမှု အမြင့်ဆုံးဖြစ်နေတဲ့ အချိန်မှာ ပေါ်လာတဲ့ ကမ္ဘာ့ပထမဆုံး ကပ်ရောဂါဖြစ်တာကြောင့် သတင်းအချက်အလက် လျင်မြန်စွာ စီးဆင်းမှုနဲ့အတူ အန္တရာယ်ကင်းရှင်းအောင် နေထိုင်နည်းလို အကျိုးရှိတဲ့ သတင်းအချက်အလက်တွေ လူထုကြား မြန်မြန်ဆန်ဆန် ရောက်ရှိနိုင်ပေမယ့် တစ်ဖက်မှာလည်း သတင်းအမှားတွေ ပျံ့နှံ့လွယ်တာ၊ ကာကွယ်ဆေး ဆန့်ကျင်ရေးလှုပ်ရှားမှုတွေကို ဖော်ဆောင်ဖို့ လွယ်ကူလာတာ၊ လူသားတွေရဲ့ ရှိရင်းစွဲ အကြောက်တရားကို အခြေခံပြီး အစိုးရနဲ့ ပြည်သူ့ကျန်းမာရေး ဆောင်ရွက်ပေးနေတဲ့ အင်စတီကျုးရှင်းတွေကို အယုံအကြည်မဲ့အောင် ဖန်တီးရေးမှာ အလွယ်ကူဆုံး ဆောင်ရွက်ရာနေရာ ဖြစ်လာတာတွေအတွက် အထူးစိုးရိမ်မိကြောင်း သတိပေးထားပါတယ်။ ဒါကြောင့် သတင်းအချက်အလက်ဖောင်းပွမှုနဲ့ လျင်မြန်စွာပျံ့နှံ့လွယ်မှုတို့ကို စနစ်တကျဖြစ်စေရေး စီမံခန့်ခွဲမှုစနစ်သစ် အမြန်ဆုံး ဆောင်ရွက်စေဖို့ နိုင်ငံအသီးသီးကို တိုက်တွန်းကြောင်းအဆိုပြုချက်ကို ကုလသမဂ္ဂ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ အခြားကုလသမဂ္ဂလက်အောက်ခံအဖွဲ့တွေက ပူးတွဲကြေညာခဲ့ပါတယ်။ ဆက်လက်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးနဲ့ပတ်သက်ပြီး ထွက်ပေါ်နေတဲ့ သတင်းအချက်အလက်အမှားတွေနဲ့ လိုရာဆွဲ ဖော်ပြနေမှုတွေဟာ လူထုကျန်းမာရေးကိုသာမက တိုင်းပြည်စီးပွားရေးဆိုင်ရာ လုံခြုံရေးအပိုင်းကိုပါ ဆိုးရွားတဲ့သက်ရောက်မှုတွေဆီ ဦးတည်နေကြောင်း ကုလသမဂ္ဂက ထပ်လောင်း သတိပေးထားပါသေးတယ်။

**ဥပဒေသစ်ဖြင့် ထိန်းကျောင်းသင့်**

လူမှုကွန်ရက်အများစုကတော့ ဒီလို သတင်းမှားတွေကို အယူအဆမှားယွင်းနိုင်တဲ့ အန္တရာယ်ရှိ အချက်အလက်အမှားများဖြစ်ကြောင်း သင်္ကေတပြ သတိပေးဖော်ပြခြင်း၊ ဖယ်ရှားပစ်ခြင်း နည်းလမ်းတွေနဲ့ ထိန်းချုပ်လေ့ရှိပါတယ်။ ဒါပေမယ့် နည်းပညာကုမ္ပဏီတွေရဲ့ ဆောင်ရွက်မှုက သတင်းမှားတွေ စီးဆင်းမှုကိုတော့ အလုံးစုံ တားဆီးနိုင်ခြင်း မရှိခဲ့ဘဲ လူမှုကွန်ရက်မှာ တက်နေတဲ့ သတင်းတွေရဲ့ သုံးပုံတစ်ပုံလောက်က သတင်းအမှားတွေနဲ့ သတင်းကိုပုံဖျက်ပြီး လိုရာဘက်ရေးသားနေတာမျိုးတွေ ဖြစ်နေတတ်ပါတယ်။

ဗြိတိန်အစိုးရကတော့ သတင်းမှားတွေဟာ အင်မတန် စိုးရိမ်ဖွယ်ကောင်းကြောင်း၊ ဒီလို သတင်းမှားတွေ ဖန်တီးမှုကို ဖေ့စ်ဘွတ်၊ တွစ်တာနဲ့ ဂူဂဲလ်တို့ဘက်က တားဆီးနိုင်ရေး ကတိကဝတ်တစ်ခု အနေနဲ့ ဆောင်ရွက်ပေးဖို့ အလျင်အမြန်လိုအပ်နေပြီလို့ သတိပေးခဲ့ပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်ကပဲ ဗြိတိန်အစိုးရက လူမှုကွန်ရက်ကုမ္ပဏီအားလုံးအနေနဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေး သတင်းအမှားတွေနဲ့ပတ်သက်ပြီး အကျိုးအမြတ် တစ်စုံတစ်ရာ ရယူခြင်းမရှိစေရဆိုတဲ့ အချက်အပါအဝင် အချက်အလက်များစွာ ပါဝင်တဲ့ သဘောတူညီချက်တစ်ရပ်ကို ထုတ်ပြန် ကြေညာနိုင်ခဲ့ပါတယ်။

ဒါပေမယ့် ဗြိတိန်ရဲ့ လေဘာပါတီကတော့ ယခုသဘောတူညီချက်နဲ့ နည်းပညာကုမ္ပဏီတွေရဲ့ ဆောင်ရွက်ချက်တွေက လူထုကြား သတင်းမှားများ စိမ့်ဝင်မှုကို ထိထိရောက်ရောက် တားနိုင်တဲ့နည်းလမ်းလို့ မပြောနိုင်သေးဘဲ သတင်းအမှားတွေကို ချက်ချင်းဖယ်ရှားဖို့ ပျက်ကွက်တဲ့ လူမှုကွန်ရက်တွေကို ငွေဒဏ်နဲ့ ပြစ်မှုပြစ်ဒဏ် နှစ်ရပ်လုံးချမှတ်နိုင်မယ့် ဥပဒေသစ်တစ်ခုရေးဆွဲပြီး ထိန်းကျောင်းခြင်းကသာ သတင်းမှားတွေကို တားဆီးနိုင်မယ့် နည်းလမ်းဖြစ်ကြောင်း အစိုးရကို သတိပေးခဲ့ပါတယ်။

**ခိုင်မာတိကျသည့် သတင်းအချက်အလက်များ အမြန်ဆုံးရရှိရေး အရေးကြီး**

ကိုဗစ်-၁၉ ကာကွယ်ဆေးနဲ့ပတ်သက်ပြီး သတင်းအမှားတွေ လျော့ချဖို့အတွက် ခိုင်မာတိကျတဲ့သတင်းတွေ လူထုဆီ အချိန်နဲ့တစ်ပြေးညီရောက်ရှိရေးက သတင်းအမှားများ ထိန်းချုပ်ဖို့ နည်းလမ်းတွေထဲက အထိရောက်ဆုံး နည်းဖြစ်မယ်လို့ ဗြိတိန်ကျန်းမာရေးဆိုင်ရာ အတွင်းရေးမှူးအဖြစ် တာဝန်ယူထားတဲ့ ဂျိုနသန်က ဆိုပါတယ်။ ဂျိုနသန်က "လူတွေက ကာကွယ်ဆေးနဲ့ပတ်သက်ပြီး ဥပဒေအတိုင်းဖြစ်ရဲ့လားဆိုတဲ့ မေးခွန်းတွေ ရှိကြမှာပါ။ ဥပမာအားဖြင့် ကာလရှည်နာမကျန်းဖြစ်နေတဲ့ လူနာတွေ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရရဲ့လား၊ ဆေးထိုးလိုက်ရင် ကိုယ်ခံအား ဘယ်လောက်တက်လာမလဲ ဆိုတာမျိုးတွေပေါ့။ အချက်အလက်တွေကို ပွင့်လင်းမြင်သာ ချမပြရင်တော့ အွန်လိုင်းက လျင်လျင်မြန်မြန်တက်လာတဲ့ သတင်းအမှားတွေကနေ လူတွေ ကာကွယ်ဆေးကို ကြောက်လာအောင် ဖန်တီးလာနိုင်တာပေါ့" လို့ သူ့အယူအဆကို ပြောပါတယ်။

အမေရိကန်နိုင်ငံ သတင်းအချက်အလက် အမှားများ တိုက်ဖျက်ရေး အမှုဆောင် အရာရှိချုပ် မစ္စဝင်ဒယ်လ်ကလည်း "နည်းပညာပိုင်း လုပ်ဆောင်ချက်တွေနဲ့ပတ်သက်ရင် သတင်းအချက်အလက် ထုတ်ပြန်ခြင်း နည်းပါးတာကြောင့် သတင်းအမှားတွေက သတင်းအမှန်နေရာမှာ အစားဖြည့်လာခြင်းက သတင်းအမှားတွေဖြစ်ပေါ်လာခြင်းရဲ့ ရင်းမြစ်ဖြစ်လာရတာပါ။ လူတစ်ဦးဟာ လူမှုကွန်ရက်စာမျက်နှာတစ်ခုထက်မက ဖွင့်လှစ်သုံးစွဲနေကြတဲ့ ဒီဘက်ခေတ်မှာ လူတိုင်းက အချက်အလက်တွေကို လွယ်လွယ်ကူကူ အွန်လိုင်းပေါ်တင်နေကြပြီး ဒီသတင်းတွေကို ပြန်ဝေမျှကြ၊ မှတ်ချက်တွေ ရေးကြရင်းနဲ့ သတင်းအမှားက အမှန်လို တွင်တွင်ကျယ်ကျယ်နဲ့ လူထုကြား ရောက်ရှိလာတာပေါ့" လို့ မှတ်ချက်ပြုပါတယ်။

စာရေးဆရာ ဂျိမ်းစ်အိုဝင်ကတော့ ၂၀၁၉ ခုနှစ်နှောင်းပိုင်းမှာ ထုတ်ဝေခဲ့တဲ့ သူ့ရဲ့ "သတင်းအချက်အလက်အမှားများခေတ်" ဆိုတဲ့ စာအုပ်ထဲမှာ "လူသားတွေက လူမှုဆက်ဆံရေးနဲ့ ဆက်သွယ်ရေးတွေကို အွန်လိုင်းက တစ်ဆင့် ပြုလုပ်လာခြင်းရဲ့ ဆိုးကျိုးတစ်ခုကတော့ သတင်းအချက်အလက်အမှားတွေ လျင်လျင်မြန်မြန် ပျံ့နှံ့နိုင်တာ၊ အဲဒီကနေ လူတွေရဲ့ ယုံကြည်ချက်ကိုပါ လွှမ်းမိုးသွားတာမျိုး ဖြစ်လာတာပါ၊ ဒီအတွက် စနစ်ကျတဲ့ စီမံခန့်ခွဲမှုတွေကို လိုအပ်ပြီး ဥပဒေတွေ၊ မူဝါဒတွေ ခိုင်ခိုင်မာမာ ပြဋ္ဌာန်းပေးနိုင်ရေးက နိုင်ငံတွေအားလုံးမှာ လိုအပ်နေပါပြီ" လို့ ရေးသားခဲ့ပြီးဖြစ်ပါတယ်။

**မှန်ကန်တဲ့ အဖြေမဟုတ်**

ဆော်လမွန်ကျွန်းနိုင်ငံနဲ့ အရှေ့အလယ်ပိုင်းက နိုင်ငံအချို့မှာတော့ လူမှုကွန်ရက်တွေ အသုံးပြုတာကို တင်းကျပ်ထားတာ၊ လုံးဝတားမြစ်ထားတာမျိုး လုပ်ဆောင်ထားတာကြောင့် လူမှုကွန်ရက်က သတင်းအမှားတွေ လူထုကြား စိမ့်ဝင်တဲ့ပြဿနာမျိုး ဒီနိုင်ငံတွေမှာ မရှိနိုင်ပါဘူး။ ဒါပေမယ့် ဒီလို ဆောင်ရွက်ချက်တွေက ဒစ်ဂျစ်တယ်လိုက်ဖေးရှင်းပြောင်းလဲမှုဖြစ်စဉ်ကို ဟန့်တားရာ ရောက်တာကြောင့် ကောင်းမွန်တဲ့ အဖြေတစ်ရပ် မဟုတ်တာ သေချာပါတယ်။

**ခိုင်မာတဲ့ မူဝါဒလိုအပ်**

ကမ္ဘာ့တစ်ဝန်းနိုင်ငံတွေမှာ လူမှုကွန်ရက်အသုံးပြုမှု များပြားလာခြင်းနဲ့အတူ အွန်လိုင်းပေါ်ကတွေ့တဲ့ သတင်းအချက်အလက်တွေကို အသေအချာစစ်ဆေးခြင်းမရှိဘဲ မိမိတို့ရဲ့ ကိုယ်ပိုင်စာမျက်နှာပေါ် မျှဝေကြတဲ့ အလေ့အထကြောင့်ပဲ သတင်းအချက်အလက်အမှားတွေ ပျံ့နှံ့မှုဟာ မျှော်မှန်းထားတာထက် ပိုပြီး လျင်မြန်နေသလို လူထုအကျိုးစီးပွားတွေ ထိခိုက်မှု ဖြစ်လာစေတာဖြစ်ပါတယ်။

ဒီအတွက် အဖြေကတော့ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်ကောင်း ပေါ်ထွန်းလာရေးဖြစ်ပြီး ဒီစီမံခန့်ခွဲမှုအတွက် အုတ်မြစ်ဖြစ်တဲ့ မူဝါဒတစ်ရပ် လိုအပ်ပါတယ်။ မူဝါဒချမှတ်ရာမှာလည်း အခြားနိုင်ငံတွေ အောင်မြင်ပြီးသားမူဝါဒကို မိတ္တူပွားတဲ့ပုံစံနဲ့ ကူးယူတာမျိုးမလုပ်ဆောင်ဘဲ နိုင်ငံတိုင်းက မိမိတို့နိုင်ငံနဲ့ အကိုက်ညီဆုံးဖြစ်မယ့် မူဝါဒတစ်ရပ် ဖော်ဆောင်နိုင်ဖို့ လိုအပ်တာဖြစ်ပါတယ်။ ဒီအတွက် လိုအပ်မယ့် ဥပဒေသစ်တွေ၊ အကောင်အထည်ဖော်မှုတွေအပြင် ရလဒ်ပိုင်းကို ရေတို၊ ရေရှည်မျှော်မှန်းရလဒ်တွေနဲ့ ကိုက်ညီခြင်း ရှိ၊ မရှိ အကဲဖြတ်ဆောင်ရွက်ထိန်းညှိပေးမှသာလျှင် ဒစ်ဂျယ်တယ်လိုက်ဖေးရှင်း ပြောင်းလဲမှုဖြစ်စဉ်ရဲ့ နောက်ဆက်တွဲ ဆိုးကျိုးတစ်ရပ်ကို ထိထိရောက်ရောက် တားဆီးနိုင်မှာ ဖြစ်ပါတယ်။

ကိုးကား-ဘီဘီစီ၊
ဝါရှင်တန်ပို့စ်

# ကိုဗစ် - ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ နိုဝင်ဘာ ၁၇ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် - ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

ထက်လျှံ၊ ဓာတ်ပုံ - ဇော်မင်းလတ်

**အစီအစဉ်မှူး။** ။ မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာတစ်ဝန်းမှာ ကူးစက်ဖြစ်ပွားလျက်ရှိနေတဲ့ ကိုဗစ် - ၁၉ ကမ္ဘာ့ကပ်ရောဂါဟာ အသက်အရွယ်မရွေး၊ လူတန်းစားမရွေး ကူးစက်ဖြစ်ပွားနိုင်တဲ့ ရောဂါဆိုးကြီးဖြစ်သလို ဒီနေ့အချိန်အထိ ရောဂါကုသဖို့ ဆေးရော၊ ကြိုတင်ကာကွယ်ဖို့ဆေးပါ တရားဝင်မတွေ့ရှိရသေးတာကို မိဘပြည်သူများ အသိပဲဖြစ်ပါတယ်။

ဒီရောဂါကို မဖြစ်ပွားရအောင်၊ ကူးစက်မခံရအောင် အထိရောက်ဆုံး ကာကွယ်နိုင်တဲ့ နည်းလမ်းတွေကလက်ကို မကြာခဏဆေးတာ၊ Mask ကို စနစ်တကျ အသုံးပြုတာနဲ့ လူထူထပ်တဲ့ နေရာတွေကို ရှောင်ကျဉ်ပြီး အိမ်မှာပဲနေတာ အစရှိတဲ့ အချက်တွေပဲဖြစ်ပါတယ်။

ရောဂါဖြစ်ပွားလာမှုဟာ အချိန်ကြာလာတာနဲ့အမျှ လူသားတွေအနေနဲ့ မိမိတို့ နေ့စဉ်ပုံမှန်သွားလာလှုပ်ရှားမှုတွေကနေ Stay at Home နေထိုင်နေရတဲ့ အခြေအနေတွေကို ငြီးငွေ့စိတ်ပျက်လာတာ၊ အလိုမကျအားငယ်လာတာမျိုးတွေလည်း ဖြစ်လာနေကြပြီဆိုတာကိုလည်း တွေ့မြင်နေရပါတယ်။

သို့သော် ရောဂါကူးစက်နိုင်မှု အရှိန်အဟုန်ကို ထိန်းချုပ်နိုင်ဖို့အတွက် လတ်တလောမှာ ဒီနည်းလမ်းတွေက အထိရောက်ဆုံးနဲ့ အကောင်းဆုံးဖြစ်တာကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားတဲ့ ကိုဗစ် - ၁၉ ကာကွယ်ရေးလမ်းညွှန်ချက်တွေကို လိုက်နာရင်း ဆက်လက်သတိပြုနေထိုင်ကြဖို့ စဉ်ဆက်မပြတ် တိုက်တွန်းနှိုးဆော်နေကြတာ ဖြစ်ပါတယ်။

### ဆောင်ရန် / ရှောင်ရန်ဖြေကြား

| ၅၀၁ | 13041.38.1.2.485 | Silver Moon Hotel | ၆ | ၃၄၅,၆၀၀.၀၀ |
| ၅၀၂ | 13041.38.1.2.518 | ချမ်းသာပါစေမဃ(ဆေးပေါ့လိပ်) | ၈ | ၁၈၀,၀၀၀.၀၀ |
| ၅၀၃ | 13041.38.1.2.586 | ကိုမောင်မောင်နှင့်ညီအစ်ကိုများ | ၆ | ၂၁၆,၀၀၀.၀၀ |
| ၅၀၄ | 13041.38.2.2.146 | HQS Co.Ltd | ၁၀ | ၁,၀၂၀,၀၀၀.၀၀ |
| ၅၀၅ | 13041.38.6.2.96 | Myanmar Paradign Health | ၁၃ | ၉၃၆,၀၀၀.၀၀ |
| ၅၀၆ | 13041.38.7.2.27 | Tour 24 Company Limited | ၃ | ၃၆၀,၀၀၀.၀၀ |
| ၅၀၇ | 13041.38.7.2.28 | 24 Hour Mining & Insustry Company Limited | ၂၄ | ၂,၃၂၄,၀၀၀.၀၀ |
| ၅၀၈ | 13041.38.7.2.119 | ဘေဘီဇော်ဂျီကုမ္ပဏီလီမိတက် | ၉ | ၆၅၆,၀၀၀.၀၀ |
| ၅၀၉ | 13041.38.7.2.130 | Wai Sithu International Co., Ltd. | ၁၇ | ၁,၂၆၀,၀၀၀.၀၀ |
| ၅၁၀ | 13041.38.7.2.135 | Yangon Metropolitan Development Public Co.,Ltd | ၁၇ | ၁,၅၈၈,၀၀၀.၀၀ |
| ၅၁၁ | 13041.38.7.2.170 | SMI Food Concepts Limited | ၇၂ | ၄,၅၃၇,၈၆၈.၄၀ |
| ၅၁၂ | 13041.38.7.2.187 | Cyber City | ၄၁ | ၄,၂၃၇,၆၀၀.၀၀ |
| ၅၁၃ | 13041.38.7.2.196 | Sann Thit Oo Int'l Co,Ltd | ၄ | ၂၆၀,၀၀၀.၀၀ |
| ၅၁၄ | 13041.38.8.2.50 | Vinarco Myanmar Co,Ltd | ၅ | ၆၀၀,၀၀၀.၀၀ |
| ၅၁၅ | 13041.38.8.2.71 | Nippon Koei Co.,Ltd(AIIP Project) | ၆ | ၇၂၀,၀၀၀.၀၀ |
| ၅၁၆ | 17001.31.1.2.1 | သစ်ဆန်းပရိဘောဂ | ၁၀ | ၅၇၆,၀၀၀.၀၀ |
| ၅၁၇ | 17001.31.1.2.10 | Good Brother's Co.,Ltd | ၁၀၀ | ၇,၂၅၁,၇၇၆.၀၀ |
| ၅၁၈ | 17001.31.1.2.100 | သစ်လွင်ဒေါက် | ၅ | ၁၆၀,၀၀၀.၀၀ |
| ၅၁၉ | 17001.31.1.2.113 | ရန်ပြေရွှေပြည်ဆားစက် | ၃ | ၉၆,၀၀၀.၀၀ |
| ၅၂၀ | 17001.31.2.2.162 | Sky Net Media | ၅ | ၅၄၆,၄၀၀.၀၀ |
| ၅၂၁ | 17001.31.3.2.129 | ရောဝတီဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီ | ၉၃ | ၈,၃၂၄,၀၀၀.၀၀ |
| ၅၂၂ | 17001.31.4.2.3 | Sun Mobile (1 ) | ၆ | ၃၆၂,၀၀၀.၀၀ |
| ၅၂၃ | 17001.31.4.2.31 | Sun Mobile (2 ) | ၁၁ | ၆၈၄,၀၀၀.၀၀ |
| ၅၂၄ | 17001.31.4.2.32 | Sun Mobile (3 ) | ၃၆ | ၂,၂၇၄,၀၀၀.၀၀ |
| ၅၂၅ | 17001.31.4.2.33 | Sun Electronic | ၅ | ၃၀၄,၀၀၀.၀၀ |

(ဆက်လက်ဖော်ပြပါမည်)

## ရွှေကူ၊ ပင်လောင်း၊ နမ္မတူမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရွှေကူမြို့နယ် စီမော်-မိုးကင့်ကျေးရွာသွား ကားလမ်းတွင် သူဇင်အောင် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၁၁ ကီလိုငွေကျပ် ၁၅၀၀၀ တို့ကိုလည်းကောင်း၊ အလားတူ နိုဝင်ဘာ ၁၅ ရက် ညပိုင်းတွင် ပင်လောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ပင်လောင်းမြို့နယ် လိန့်ညားကျေးရွာအုပ်စု တခါးရင်ကျေးရွာနေ လှဘိ၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၉၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေပိုင်းက နမ္မတူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နမ္မတူမြို့ ပန်ဟိုက်ရပ်ကွက် သင်္ချိုင်းဟောင်းအနီးရှိ လူမနေသည့် နေအိမ်ရှေ့တွင် အိုက်နောင့်တဲအိမ်အတွင်းမှ ဗျာလေးနှင့် ခွန်ဆိုင်တို့အား ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၆၅၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား







## မြေပြင်သို့ကျရောက်လာသည့် ဆောင်းခို လင်းယုန်ငှက်ကို ထိန်းသိမ်းစောင့်ရှောက်ထား

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်တွင် မြေပြင်သို့ ကျရောက်လာသည့် လင်းယုန်ငှက်တစ်ကောင်ကို ဒေသခံတစ်ဦးက မြို့နယ်သစ်တောဦးစီးဌာနသို့ လာရောက်အပ်နှံသဖြင့် တာဝန်ရှိသူများက လင်းယုန်ငှက် လာရောက်အပ်နှံသည့်အတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်ငါးသောင်းကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သစ်တောဦးစီးဌာနဝန်ထမ်းများသည် လာရောက်အပ်နှံသည့် လင်းယုန်ငှက်ကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဆရာဝန်နှင့်ပြသ၍ ကျန်းမာရေးစစ်ဆေးခြင်း ဆောင်ရွက်ပေးပြီး လိုအပ်သည့် အစာရေစာ ကျွေးမွေးပြုစုထားကာ အင်အားပြည့်ဖြိုးလာသည့်အချိန်တွင် မူလပျံသန်းလမ်းကြောင်းအတိုင်း ဆက်လက်ပျံသန်းနိုင်ရေး လွှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လင်းယုန်မျိုးစိတ်မှာ Eastern Imperial Eagle (Aquila heliacal) ဖြစ်ပြီး ဥရောပ အရှေ့တောင်ပိုင်းဒေသ၊ အနောက်အာရှနှင့် အလယ်အာရှဒေသများတွင် အဓိက သားပေါက်ကာ ရွှေ့ပြောင်းပျံသန်းငှက်မျိုးစိတ်(Migratory Bird) ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် ကောင်ရေကျဆင်းလျက်ရှိကာ IUCN သတ်မှတ်ချက်အရ မျိုးသုဉ်းအန္တရာယ်ကျရောက်နိုင်သော မျိုးစိတ် (Vulnerable-VU)ဖြစ်ကြောင်း၊ ဆောင်းရာသီတွင် အာဖရိက အရှေ့မြောက်ပိုင်းဒေသ၊ အရှေ့အလယ်ပိုင်းဒေသ၊ အရှေ့အာရှနှင့် တောင်အာရှဒေသများသို့ ရွှေ့ပြောင်းပျံသန်း၍ ဆောင်းခိုလေ့ရှိပြီး မြန်မာနိုင်ငံသို့ လာရောက်မှုနည်းပါးကာ တစ်ခါတစ်ရံမှသာ တွေ့ရှိရသည့် မျိုးစိတ်တစ်မျိုးဖြစ်ကြောင်း ကျွမ်းကျင်သူများထံမှ သိရသည်။

လင်းယုန်၊ ဟိမဝန္တာလင်းတ စသည့် အရွယ်ကြီးသည့် ဆောင်းခိုငှက်များသည် အချိန်ကာလကြာမြင့်စွာ ပျံသန်းလာရာတွင် အစာပြတ်လပ်ခြင်း သို့မဟုတ် အတောင်ညောင်းခြင်းကြောင့် မြေပြင်သို့ ကျရောက်လေ့ရှိပြီး အစာရေစာကောင်းမွန်စွာ စားသောက်ပြီး အားအင်ပြည့်ဖြိုးလာသည့်အချိန်တွင် မူလပျံသန်းမည့် လမ်းကြောင်းအတိုင်း ဆက်လက်ပျံသန်းလေ့ရှိသည်။

ယင်းငှက်မျိုးများ မြေပြင်သို့ ကျရောက်လာရာတွင် ဒေသခံများက ဖမ်းယူခြင်းများ ဖြစ်ပေါ်လျက်ရှိရာ ၎င်းဆောင်းခိုငှက်များကို အစာရေစာကျွေးမွေးစောင့်ရှောက်ပြီး အားအင်ပြည့်ဖြိုးသည့်အချိန်၌ မူလပျံသန်းမည့် လမ်းကြောင်းအတိုင်း ဆက်လက်ပျံသန်းနိုင်ရေး လိုအပ်သည့် ပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် သစ်တောဦးစီးဌာနများသို့ သတင်းပေးပို့သွားရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

သတင်းစဉ်



## မောင်တောမြို့နယ်၌ ARSA အကြမ်းဖက်အဖွဲ့ ထောင်ထားသည့် ကားမိုင်းအား အရပ်ဘက်မော်တော်ယာဉ်တစ်စီး နင်းမိပေါက်ကွဲမှုကြောင့် အရပ်သား သုံးဦးသေဆုံး၊ ခြောက်ဦး ဒဏ်ရာရရှိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ယနေ့မွန်းလွဲပိုင်းက သာယာကုန်းရွာဘက်မှ မောင်တောမြို့သို့ မောင်းနှင်လာသော အရပ်ဘက်မော်တော်ယာဉ်တစ်စီးက လိပ်ရလမ်းဆုံနှင့် ထန်းချောင်းတံတားကြားအရောက် ကားမိုင်းနင်းမိ ပေါက်ကွဲခြင်းကြောင့် အရပ်သား သုံးဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီကျော်ခန့်တွင် မောင်တောမြို့နယ် သာယာကုန်းကျေးရွာဘက်မှ မောင်တောမြို့ဘက်သို့ ကျော်ရဲအောင်(စိစစ်ဆဲ) မောင်းနှင်ပြီး ခရီးသည် ရခိုင်တိုင်းရင်းသားရှစ်ဦး လိုက်ပါလာသော အရပ်ဘက်ယာဉ်သည် လိပ်ရလမ်းဆုံနှင့် ထန်းချောင်းတံတားအကြား၌ ARSA အကြမ်းဖက်အဖွဲ့ ထောင်ထားသော ကားမိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့သဖြင့် မော်တော်ယာဉ်မှာ လမ်းယာဘက် ပေ ၅၀ ခန့်သို့ လွင့်စဉ်သွားပြီး ကားလမ်းအလယ်၌ ၁၅ ပေပတ်လည် အနက်ခုနစ်ပေခန့်ရှိ မြေကျင်းတစ်ခု ဖြစ်ပေါ်ခဲ့ကြောင်းနှင့် ကားမိုင်းပေါက်ကွဲမှုကြောင့် ယာဉ်ပေါ်လိုက်ပါလာသည့် ယာဉ်မောင်း/ ခရီးသည် ကိုးဦးအနက် ယာဉ်မောင်း အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး၊ ကလေးငယ်တစ်ဦး စုစုပေါင်း သုံးဦးသေဆုံးခဲ့ပြီး ကျန်ခရီးသည် ခြောက်ဦး(အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး၊ အမျိုးသမီးကလေးငယ်လေးဦး) ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သေဆုံး/ ဒဏ်ရာ ရရှိသူများအား မောင်တောမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသလျက်ရှိကြောင်း။

ARSA အကြမ်းဖက်အဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းနယ်မြေအတွင်း အများပြည်သူအသုံးပြုနေသော အဓိကဆက်သွယ်သည့် လမ်းမကြီးများပေါ်တွင် အရပ်ဘက်သုံး ခရီးသည်တင်ယာဉ်များနှင့် ဒေသခံပြည်သူလူထုအား ဒုက္ခရောက်စေရန် အဖျက်လုပ်ငန်းများ ကျူးလွန်လျက်ရှိသဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

သတင်းစဉ်



## ကြော်ငြာ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**ဧရာဝတီတိုင်းဒေသကြီး**
**မြောင်းမြခရိုင်၊ လမ်းဦးစီးဌာန**
**တင်ဒါအမှတ်စဉ်(၁/၂၀၂၀-၂၀၂၁) အိတ်ဖွင့်တင်ဒါဖွင့်ပွဲ**

**ကျင်းပမည့်ရက်အား အသိပေးကြော်ငြာခြင်း**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ လမ်းဦးစီးဌာန၏ တင်ဒါအမှတ်စဉ် (၁/၂၀၂၀-၂၀၂၁) အိတ်ဖွင့်တင်ဒါဖွင့်ပွဲအား(၂၀-၁၁-၂၀၂၀)ရက် မွန်းလွဲ ၁:၀၀နာရီ၌ မြောင်းမြခရိုင်၊ လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး (ညွှန့်ရိပ်သာ)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြောင်းမြခရိုင်၊ လမ်းဦးစီးဌာန**
(ဖုန်း-၀၄၂-၇၀၁၅၃၊ ၀၉-၄၂၄၉၁၁၂၄)

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်ခင် (ကသဲကုန်း)**
**အသက်(၈၇)နှစ်**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ ဗဟိုအလုပ်အမှုဆောင် ဦးတင်မောင်နိုင် (MD-KOL Global Co., Ltd.)၏ မိခင်ကြီး **ဒေါ်ခင်(ကသဲကုန်း)** အသက်(၈၇)နှစ်သည် ၁၅-၁၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ဒါယကာကြီး**
**ဦးမျိုးဝေ (ပုသိမ်) (ဦးချိုဆန်စက်)**
**အသက် (၇၉)နှစ်**

ရတနာစုကုမ္ပဏီလီမိတက် မန်နေးဂျင်းဒါရိုက်တာ ဦးရဲဝင်း + ဒါရိုက်တာ Dr.ဝင်းသီတာလွင်တို့၏ ချစ်လှစွာသော ဖခင်ဖြစ်သူ ဦးမျိုးဝေ အသက်(၇၉)နှစ်သည် (၁၆-၁၁-၂၀၂၀) ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စက်ရုံမှူး ဦးကြည်တိုးဝင်း၊ ဦးအောင်စိုးနိုင်နှင့် ဝန်ထမ်းမိသားစုများ**
**အမှတ်(၂)ရေနံဓာတ်ငွေ့ရည်စက်ရုံ(ညောင်တုန်း)**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ဒါယကာကြီး**
**ဦးမျိုးဝေ (ပုသိမ်) (ဦးချိုဆန်စက်)**
**အသက် (၇၉)နှစ်**

ရတနာစုကုမ္ပဏီလီမိတက် မန်နေးဂျင်းဒါရိုက်တာ ဦးရဲဝင်း + ဒါရိုက်တာ Dr.ဝင်းသီတာလွင်တို့၏ ချစ်လှစွာသော ဖခင်ဖြစ်သူ ဦးမျိုးဝေ အသက်(၇၉)နှစ်သည် (၁၆-၁၁-၂၀၂၀) ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စက်ရုံမှူး ဦးမောင်မောင်ဦးနှင့် ဝန်ထမ်းမိသားစုများ**
**အမှတ်(၃)ရေနံဓာတ်ငွေ့ရည်စက်ရုံ(ညောင်တုန်း)**

# တည်ဆောက်မှုလုပ်ငန်းကန်ထရိုက်အတွက် တင်ဒါခေါ်ယူခြင်း
# မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်

ဘီးလင်းမြို့နယ်တွင် မြို့နယ်ဖွံ့ဖြိုးမှု အထောက်အပံ့ရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းအတွက် တင်ဒါခေါ်ယူလိုပါသည်။ အသေးစိတ်အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | |
|---|---|
| ဝယ်ယူသည့်ဌာန | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အမှတ်(၅)လမ်း၊ အောင်ဇေယျ ကွက်သစ်၊ အောင်ချမ်းသာရပ်ကွက်၊ ဘီးလင်းမြို့။ |
| တာဝန်ခံအရာရှိ | ဦးမင်းထောစံ ၀၉-၉၇၂၃၁၁၇၂၇ |
| တည်ဆောက်မှုလုပ်ငန်းဖော်ပြချက် | (၃၀ပေx ၁၄ပေx၁၄ပေ)၊ (၂၅ပေx၁၄ပေx၁၄ပေ)၊ (၂၀ပေx၁၄ပေx၁၄ပေ)၊ သံကူကွန်ကရစ်တံတား (၃)စင်းတည်ဆောက်ခြင်းလုပ်ငန်း |
| တည်ဆောက်မည့်နေရာ | ကြာစီအောင်နှင့် ကိုးတဲစုကျေးရွာအကြား ကုန်ထုတ်လမ်းပေါ်ရှိတံတားများ၊ ဝင်းကကျေးရွာအုပ်စု၊ ဘီးလင်းမြို့နယ်။ |
| အရည်အသွေးစံချိန်စံညွှန်းများ | တံတားကွန်ကရစ် ခံနိုင်ရည်အား အဆောက်အဦ သုတေသနမှ သတ်မှတ်ထားသောစံညွှန်းနှင့်ကိုက်ညီစေရန် ကုမ္ပဏီမှတာဝန်ယူ၍ အစစ်ဆေးခံပြီးတင်သွင်းပေးရမည်။ |
| ဝယ်ယူမှုနည်းလမ်း | အကြီးစားဝယ်ယူမှု |
| အရည်အချင်းသတ်မှတ်ချက်များ | * ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ကုမ္ပဏီဖြစ်ရမည်။<br>* လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃) နှစ်ရှိရမည်။<br>* အရည်အချင်းမီ အင်ဂျင်နီယာဝန်ထမ်းများ ရှိရမည်။<br>* အလားတူကန်ထရိုက် အနည်းဆုံး(၂)ခုကို ဆောင်ရွက်ဖူးရမည်။<br>* ဘဏ္ဍာရေးတည်ငြိမ်မှုရှိရမည်။<br>* ၂၀၁၈-၂၀၁၉ နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၏ ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ ပေးဆောင်ထားရမည်။<br>* တင်ဒါစာရွက်စာတမ်းထဲရှိ အခြားလိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရမည်။ |
| တင်ဒါစာရွက်စာတမ်းကို ကြည့်ရှုစစ်ဆေး၊ ဝယ်ယူနိုင်မည့်နေရာ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ဆရာစံရပ်ကွက်၊ ဘီးလင်းမြို့။ |
| တင်ဒါစာရွက်စာတမ်းကို ကြည့်ရှုစစ်ဆေး၊ ဝယ်ယူနိုင်မည့်အချိန် | ၁၈-၁၁-၂၀၂၀ ရက်မှ ၂-၁၂-၂၀၂၀ ရက်ထိ (ရုံးဖွင့်ရက်) နံနက် ၉:၃၀ နာရီမှ ညနေ ၁၆:၀၀ နာရီထိ |
| တင်ဒါစာရွက်စာတမ်းကျသင့်ငွေ | ၁၀၀၀၀ ကျပ် |
| တင်ဒါတင်သွင်းရမည့်နေရာ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ဆရာစံရပ်ကွက်၊ ဘီးလင်းမြို့ |
| တင်ဒါတင်သွင်းရမည့်သတ်မှတ်ထားသော နောက်ဆုံးအချိန် | ၁၀-၁၂-၂၀၂၀ ရက်၊ နံနက် ၁၀:၀၀ နာရီ ထိ |

**ဦးမင်းထောစံ(မြို့နယ်ဦးစီးမှူး)**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဘီလင်းမြို့**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ပါမောက္ခဒေါက်တာအေးအေးမြင့်**
**ဌာနမှူး(ငြိမ်း)**
**ဓာတုဗေဒဌာန၊ ဒဂုံတက္ကသိုလ်**
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လိပ်ကန်လမ်း၊ အမှတ်(၇၀)၊ ပထမထပ်(ညာ)နေ ပါမောက္ခ ဒေါက်တာအေးအေးမြင့် သည် ၁၆-၁၁-၂၀၂၀ ရက်၊ နံနက် ၆:၄၅ နာရီတွင် ရန်ကုန်အထွေထွေ ရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ(ဌာနမှူး)နှင့်ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ**
**ဓာတုဗေဒဌာန၊ ဒဂုံတက္ကသိုလ်**

**မီးဘေးရှောင်**
**မလောင်ခင်တား**




## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ထူပါရုံ (၁)ရပ်ကွက်၊ စုပေါင်းအိမ်ရာ၊ မိုးသောက်ပန်းလမ်း၊ အမှတ်(၈၅) ရှိ Hap Eye Co.,Ltd ၏ မန်နေးဂျင်းဒါရိုက်တာ ဦးဇေညီအောင်(ခ)ဦးသစ်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

Hap Eye Co.,Ltd သည် စီးပွားရေးလုပ်ငန်းများအတွက် ဒီဇိုင်းများ ဖန်တီးရေးဆွဲပေးခြင်း၊ ကြော်ငြာစာသားများ ဖန်တီးရေးသားပေးခြင်း၊ ဈေးကွက်ချဲ့ထွင်ခြင်းဆိုင်ရာနည်းပညာ Website ရေးဆွဲခြင်းတို့ကို နည်းပညာဝန်ဆောင်မှုပေးသည့်လုပ်ငန်းဖြစ်ပါသည်။ ယခုအခါ ဈေးကွက်တွင် Hap Eye Co.,Ltd ထံမှ ဝယ်ယူပိုင်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများမဟုတ်ဘဲ လိုဂို၊ ဒီဇိုင်းများကို အတုအပပြုလုပ်ခြင်း၊ ပုံတူကူးခြင်းနှင့် ရောင်းချခြင်းတို့ကို တွေ့ရှိရပါသည်။ Facebook Business Page များတွင်လည်း ကုမ္ပဏီပိုင် ဒီဇိုင်းများကို ၎င်းတို့ပိုင်ဆိုင်သကဲ့သို့ တင်ပြထားကြသည်များကို တွေ့ရှိနေရပါသည်။

သို့ဖြစ်ပါ၍ နောင်အနာဂတ်ကာလတွင် ကုမ္ပဏီထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများမဟုတ်ဘဲ Hap Eye Co.,Ltd မှ ပြုလုပ်ဖန်တီးပေးထားသည့် လိုဂို၊ ဒီဇိုင်းများ၊ ကြော်ငြာစာသားများကို သုံးစွဲခြင်း၊ Facebook Business Page များတွင် မိမိတို့ပိုင်ဆိုင်သကဲ့သို့ တင်ထားခြင်းများ မပြုလုပ်ကြပါရန် အလေးအနက် မေတ္တာရပ်ခံအပ်ပါသည်။ အကယ်၍ ကုမ္ပဏီ၏ခွင့်ပြုချက်မရဘဲ အသုံးပြုနေသည်ကို တွေ့ရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်ပါမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရန်နိုင်ထွန်း LL.B**
**အထက်တန်းရှေ့နေ (စဉ်- ၅၃၁၆၀)**
**ဖုန်း-၀၉-၄၅၀၆၉၂၂၅၇**

**အစုရှယ်ယာရှင် ဒါရိုက်တာများအား အစည်းအဝေးဖိတ်ကြားခြင်း**
**မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)၊ ပုဒ်မ ၁၁၆(c) (၂) အရ**

Themis Services Company Limited ၏ အထွေထွေ အစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အစုရှယ်ယာရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် အကြောင်းကြားအပ်ပါသည်-

ကျင်းပမည့်နေ့ရက် - ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်
ကျင်းပမည့်အချိန် - နံနက် ၉:၀၀ နာရီ
ကျင်းပမည့်နေရာ - ကုမ္ပဏီအစည်းအဝေးခန်းမ

**အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့**
**Themis Services Co.,Ltd.**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၉/B) အကောက်ခွန်(၇)လမ်း၊ အမှတ်(၂၀၃)၊ အကျယ်အဝန်း အလျား(၂၀)ပေx အနံ(၆၀)ပေရှိ (ဂရန်မူရင်းခြမ်း)ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက် ဦးမြင့်သောင်း [၁၂/ဥကမ(နိုင်)၀၅၈၁၆၇]၏ စာချုပ်စာတမ်းအထူးကိုယ်စားလှယ်စာရရှိသူ ဒေါ်ပို့ပို့ထွန်း [၁၂/ရကန(နိုင်)၀၆၃၈၂၁]စာချုပ်အမှတ်(၉၁၂၁/၂၀၂၀)(၅-၈-၂၀၂၀)ထံမှ ကျွန်တော် ဦးတင်ထွန်းအောင်[၁၂/ဗဟန(နိုင်) ၁၀၄၇၃၅]သည် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ထွန်းအောင်**
**[၁၂/ဗဟန(နိုင်)၁၀၄၇၃၅]**
**ဖုန်း-၀၉-၆၈၃၅၂၉၄၀၄၊ ၀၉-၇၈၁၉၇၅၁၇၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ်(၁၄၂၇)၊တပင်ရွှေထီးလမ်း၊အကျယ်အဝန်း(၀. ၀၅၆၈ဧက)ရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်သီတာဇော်(၁၂/ဥကတ(နိုင်) ၁၃၄၃၁၈)အမည်ဖြင့်တည်ရှိပြီး အမည်ပေါက်သူကိုယ်တိုင်မှ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုရောင်းချပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်စိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၇၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

**မင်္ဂလာဒုံမြို့နယ်နေ ဦးမင်းဦး(ခ) ဦးအောင်ဆန်းအေး [၁၀/ကထန(နိုင်)၀၅၇၅၈၉]နှင့်သက်ဆိုင်သူများသိစေရန်**

ဦးတင့်ဇော် [၁၂/မဂဒ(နိုင်)၀၉၇၉၃၉]၏လွှဲအပ်ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

လူကြီးမင်း ဦးမင်းဦး(ခ)ဦးအောင်ဆန်းအေးသည် ဦးတင့်ဇော်၏မော်တော်ကားအား အငှားစနစ်ဖြင့် မောင်းနှင်နေသော ယာဉ်မောင်းတစ်ဦးဖြစ်ပြီး လူကြီးမင်းသည် ငွေကြေးလိုအပ်သဖြင့် မိမိပိုင်ဆိုင်သော မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၉)၊ သစ္စာလမ်းသွယ်(၁)၊ ရေကြည်အိုင်၊ ပလရ ရပ်ကွက်၊ ပေ(၃၂x၇၂)ရှိမြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်ရှေ့ဈေးဆိုင်ခန်း(၃)ခန်း၊ နောက်ဘက်ရှိ (၂)ထပ်၊ အုတ်ပတ်ကားအဆောက်အအုံ(တစ်လုံး)တို့အား ကာလတန်ဖိုးငွေကျပ် သိန်း(၃၀၀)ဖြင့် (၁၁-၅-၂၀၁၉)၊ (၄-၆-၂၀၁၉) ရက်စွဲပါ စာချုပ်တို့ဖြင့် ဦးတင့်ဇော်အား ရောင်းချခဲ့ပါသည်။ ထိုသို့ရောင်းချခဲ့ပြီး ဆိုင်ခန်းရှိလူများကိုဖယ်ရှားရန် ၃၁-၁-၂၀၂၀ ရက်အထိ စောင့်ဆိုင်းပေးရန်တောင်းဆိုသဖြင့် ဦးတင့်ဇော်က သဘောတူခွင့်ပြုခဲ့ပါသည်။ လူကြီးမင်းသည် သတ်မှတ်ထားသည့်နေ့ရက်တွင် အိမ်နှင့်မြေအရောင်းအဝယ်ကိစ္စရပ်အား ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေပြီး ယခုအခါ မိသားစုလိုက် ထွက်ပြေးတိမ်းရှောင်နေကြောင်း စုံစမ်းသိရှိရပါသည်။

သို့ဖြစ်ပါ၍ အိမ်/မြေအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ၃၀-၁၁-၂၀၂၀ ရက်နောက်ဆုံးထား၍ လာရောက်ဖြေရှင်းပေးပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ခဲ့ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးတင့်ဇော်၏လွှဲအပ်ချက်အရ**

| | |
|---|---|
| **ဒေါ်နှင်းယုအောင်(တရားလွှတ်တော်ရှေ့နေ)** | **ဦးစိုးအောင်(တရားလွှတ်တော်ရှေ့နေ)** |
| **(စဉ်-၁၆၄၉၄)LL.B, D.B.L, (Dip in English)** | **(စဉ်-၆၉၁၄)(B.A, R.L, D.B.L, B.D.S)** |

**အမှတ်(၁၆၀)၊ ငုဝါလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၂၃၇၉၆၊ ၀၉-၄၄၃၀၀၂၆၀၇၊ ၀၉-၄၅၀၀၂၄၀၃၇**

## သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းပြေ၏

## ဝမ်းနည်းကြောင်း သဝဏ်လွှာ

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း၏ ဩဝါဒါစရိယဖြစ်တော်မူသော ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅) ရပ်ကွက်၊ နာဂလိုဏ်ဂူ ကလေးဝတောရကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ မူလအာဘိဓမ္မိက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ လယ်တီဝိပဿနာပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ်ကြီး၏ ဩဝါဒါစရိယဖြစ်တော်မူသော **ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇာဂရာဘိဝံသ သိက္ခာတော် (၆၁)ဝါ၊ သက်တော် (၈၁)နှစ်**သည် ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁) ရက် ၁၅-၁၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၀၁:၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ပါသောကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို) ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အသီးသီးရှိ သာသနာနုဂ္ဂဟအသင်းဝင်များအားလုံးမှ အထူးဝမ်းနည်းကြေကွဲ နှမြောတသ ဖြစ်ရပါကြောင်း…

**ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ**
**ဥက္ကဋ္ဌ**
**မဟာသဒ္ဓမ္မဇောတိကဓဇ၊**
**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးဘဌေးကြည်**
**(ပန်းချီဘဌေးကြည်)**
**အသက်(၅၈)နှစ်**

ပန်းချီဆရာ ဘဌေးကြည်သည် ၁၅-၁၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**ပြည်သူ့အရေးဂျာနယ်အယ်ဒီတာအဖွဲ့**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးထွန်းမြင့်(ခ)အင်ခေ့ဝမ်**
**အသက်(၈၅)နှစ်**

ဦးကြည်လွင် (တွဲဖက်စာရင်းစစ် - မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း)-ဒေါ်သီသီဆန်းတို့၏ ဖခင် ဦးထွန်းမြင့် (ခ)အင်ခေ့ဝမ်သည် ၁၆-၁၁-၂၀၂၀ ရက်၊ နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ဒါယိကာမကြီး**
**ဒေါ်တင့်ဟန်(သံတွဲ)**
**အသက်(၉၆)နှစ်**

ဦးတိုးအောင်မြင့်(အကြံပေးပုဂ္ဂိုလ်၊ မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်)-ဒေါ်မာလာဟန်တို့၏မိခင် ဒေါ်တင့်ဟန်သည် ၁၅-၁၁-၂၀၂၀ ရက်၊ မွန်းလွဲ ၂:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့**
**မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်**

---

ရတနာ
သစ်တော
ပြည့်သွေး
ကြော
သစ်တော
ရတနာ
ထိန်း
သိမ်း
ပါ

---

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးမျိုးဝေ အသက်(၇၉)နှစ်**
**ဒုတိယဥက္ကဋ္ဌ၊ မြန်မာဧရာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**
**MYANMAR IRRAWADDY DEVELOPMENT PUBLIC COMPANY LIMITED**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၁၀၀၄)၊ ကွမ်းခြံရပ်နေ မြန်မာဧရာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဒုတိယဥက္ကဋ္ဌ ဦးမျိုးဝေ အသက်(၇၉)နှစ်သည် ၁၆-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ မြန်မာဧရာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏အစုရှယ်ယာရှင်များကိုယ်စား ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒါရိုက်တာအဖွဲ့**
**မြန်မာဧရာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၊ ပုသိမ်မြို့**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ဒါယကာကြီး**
**ဦးမျိုးဝေ (ပုသိမ်) (ဦးချိုဆန်စက်)**
**အသက် (၇၉)နှစ်**

ရတနာစုကုမ္ပဏီလီမိတက် မန်နေးဂျင်းဒါရိုက်တာ ဦးရဲဝင်း + ဒါရိုက်တာ Dr.ဝင်းသီတာလွင်တို့၏ ချစ်လှစွာသော ဖခင်ဖြစ်သူ ဦးမျိုးဝေ အသက်(၇၉)နှစ်သည် (၁၆-၁၁-၂၀၂၀) ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာ ချိုဝင်းမော်နှင့် ဇနီးဒေါ်ချိုချိုဝင်း**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ဒါယကာကြီး**
**ဦးမျိုးဝေ (ပုသိမ်) (ဦးချိုဆန်စက်)**
**အသက် (၇၉)နှစ်**

ရတနာစုကုမ္ပဏီလီမိတက် မန်နေးဂျင်းဒါရိုက်တာ ဦးရဲဝင်း + ဒါရိုက်တာ Dr.ဝင်းသီတာလွင်တို့၏ ချစ်လှစွာသော ဖခင်ဖြစ်သူ ဦးမျိုးဝေ အသက်(၇၉)နှစ်သည် (၁၆-၁၁-၂၀၂၀) ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရတနာစုကုမ္ပဏီဝန်ထမ်းများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ဒါယကာကြီး**
**ဦးမျိုးဝေ (ပုသိမ်) (ဦးချိုဆန်စက်)**
**အသက် (၇၉)နှစ်**

ပုသိမ်မြို့၊ ကွမ်းခြံရပ်နေ (ဦးစွန်မိုင်း+ဒေါ်စိန်စိန်)တို့၏သား၊ (ဦးထွန်းအောင်+ဒေါ်ကြင်မြိုင်)တို့၏ သားသမက်၊ ဒေါ်အေးအေးလွင် (ခ) ဒေါ်အုန်းကြည်၏ ခင်ပွန်း၊ ဦးရဲဝင်း+Dr.ဝင်းသီတာလွင်၊ ဦးမျိုးကျော်ကျော်ဦး+ဒေါ်နွေဦးခိုင်၊ ဦးဇော်မျိုးလွင်+Dr.သဇင်ဦး၊ ဦးသက်နိုင်ထွန်း+Dr.မြထွေးယဉ်တို့၏ ကျေးဇူးရှင် မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးဖြစ်သူ ဦးမျိုးဝေသည် (၁၆-၁၁-၂၀၂၀) ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(ဦးထွဋ်လတ်) + သုဓမ္မသိင်္ဂီ ဒေါ်မြရွှေမိသားစု**
**ပြည့်စုံချမ်းသာအောင်ကုမ္ပဏီလီမိတက်**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ဒါယကာကြီး**
**ဦးမျိုးဝေ (ပုသိမ်) (ဦးချိုဆန်စက်)**
**အသက် (၇၉)နှစ်**

ရတနာစုကုမ္ပဏီလီမိတက် မန်နေးဂျင်းဒါရိုက်တာ ဦးရဲဝင်း + ဒါရိုက်တာ Dr.ဝင်းသီတာလွင်တို့၏ ချစ်လှစွာသော ဖခင်ဖြစ်သူ ဦးမျိုးဝေသည် (၁၆-၁၁-၂၀၂၀) ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စက်ရုံမှူး ဦးအေးဟန်နှင့် ဝန်ထမ်းမိသားစုများ**
**နဝရတ်ပလတ် စတစ်လုပ်ငန်းနှင့် တံဆိပ်ရိုက်လုပ်ငန်း**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ဒါယကာကြီး**
**ဦးမျိုးဝေ (ပုသိမ်) (ဦးချိုဆန်စက်)**
**အသက် (၇၉)နှစ်**

သူငယ်ချင်း ဦးမျိုးကျော်ကျော်ဦး (ခ) ကျော်ကြီး၏ ချစ်လှစွာသော ဖခင်ဖြစ်သူ ဦးမျိုးဝေသည် (၁၆-၁၁-၂၀၂၀) ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြင့်ဌေးနှင့် YIT-1996 BATCH မှ သူငယ်ချင်းများ**

---

## ဥတုရာသီ တောကိုမှီ၏

မူးယစ်ကို
ပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

## တန်ရှရော့ (ခ) ဒေါ်တင်တင်မြ
### အသက်(၉၈)နှစ်

ရန်ကုန်မြို့ အမှတ်(၄၃)(တတိယထပ်)၊ (၆)လမ်း၊ လမ်းမတော်မြို့နယ်နေ (ဦးစောချိန်ဘန်) ၏ ဇနီး၊ (စောကာဟင်း)၊ ဦးစောထွန်းနိုင်-ဒေါ်ကြည်ကြည် (သစ္စာထွန်း ထရေးဒင်း ကုမ္ပဏီလီမိတက်)၊ ဒေါ်ခင်ညိုဝင်း - ဦးနိုင်ဝင်းအောင်၊ ဒေါ်ခင်ဆွေဝင်း-ဦးအောင်လွင်၊ ဒေါ်ခင်မျိုးဝင်း - ဦးတင်ထွဋ်အောင်တို့၏ ချစ်လှစွာသောမိခင်၊ ကိုကျော်စိုးဝင်း-မမိုးမိုးမြင့်၊ မောင်ဟန်လင်းအောင်၊ ဒေါက်တာစုသီရိအောင်၊ ဒေါက်တာသန်းဇော်လင်း၊ ဒေါက်တာပွင့်ပွင့်ဖြိုး၊ မောင်အောင်ဇော်လင်း၊ မအိပ်ဖူးပွင့် တို့၏ချစ်လှစွာသော အဘွား၊ မြစ် မောင်ထက်ဦးဝေယံ၏ အဘေးသည် ၁၅-၁၁-၂၀၂၀ (တနင်္ဂနွေနေ့)တွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၂၀ (တနင်္လာနေ့)တွင် ရေဝေးသုသာန်၌ မီးသဂြိုလ်ပြီးစီးပါကြောင်း၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇ
အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊

## ဘဒ္ဒန္တသြဘာသ
### နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ (အနားယူ)
### သိက္ခာတော် (၆၈) ဝါ၊ သက်တော် (၈၈) နှစ်
### (သီရိမင်္ဂလာဆရာတော်)

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ကက္ကူကျေးရွာအုပ်စု၊ ချုံအင်းရွာ၊ သီရိမင်္ဂလာစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တသြဘာသသည် (၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်) ၁၅-၁၁-၂၀၂၀ (တနင်္ဂနွေနေ့) ည ၈ နာရီတွင် (၉၆)ပါးရောဂါဖြင့် ချုံအင်းကျေးရွာသီရိမင်္ဂလာကျောင်းတိုက်၌ ဘဝနတ်ကျောင်းစံပြောင်းရွှေ့တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေး အပ်ပါသည်။ ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်အား ၂၁-၁၁-၂၀၂၀ ရက်တွင် စံကျောင်းတော်ပေါ်သို့ ပင့်ဆောင်ပူဇော်ထားပါမည်။ အန္တိမစျာပနကျင်းပပူဇော်မည့်ရက်အား ထပ်မံအသိပေးပါမည်။

တပည့် သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများ

အဂတိ ပယ်ခွာ
ပြည်သာယာ

## ဦးသန်းလှိုင် (အင်ဂျင်နီယာ)
### ဆောက်လုပ်ရေးဝန်ကြီးဌာန (ငြိမ်း)
### အသက် (၆၉) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဦးကွိန်-ဒေါ်ဗားကြီးတို့၏သား၊ ဒေါ်မြင့်မြင့် (ဆောက်လုပ်ရေးဝန်ကြီးဌာန-ငြိမ်း)၏ ခင်ပွန်း၊ ဒေါ်သင်းသင်းလှိုင်၏ဖခင်သည် ၁၆-၁၁-၂၀၂၀ ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

တောတောင်
ပျက်ပြုန်း
မြေဆီ
သုဉ်း၏

### ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၁၁-၂၀၂၀ ရက် ကြေးမုံသတင်းစာ၊ ကြော်ငြာစာမျက်နှာ(၃၀)ပါ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ဆရာတော်ဘဒ္ဒန္တဇာဂရာဘိဝံသ (ကလေးဝဆရာတော်)အား ဦးခိုက်ပူဇော်ကန်တော့ခြင်းကြော်ငြာ တွင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား ဒါယကာကြီး

## ဦးမျိုးဝေ(ပုသိမ်)(ဦးချိုဆန်စက်ပိုင်ရှင်)
### အသက်(၇၉)နှစ်

ပုသိမ်မြို့၊ အမှတ်(၁)နယ်မြေ၊ ကမ်းနားလမ်း၊ ကွမ်းခြံရပ်နေ (ဦးစွန်းမိုင်း-ဒေါ်စိန်စိန်)တို့၏သား၊ (ဦးထွန်းအောင်-ဒေါ်ကြင်မြိုင်)တို့၏သားသမက်၊ ဒေါ်အေးအေးလွင်(ခ)ဒေါ်အုန်းကြည်၏ခင်ပွန်း၊ ဦးရီထွန်း၊ ဦးမျိုးအောင်၊ ဒေါ်ရင်ရင်တို့၏ညီ/မောင်၊ (ဦးမျိုးအောင်ရှိန်)၊ (ဦးမျိုးဆွေ)တို့၏အစ်ကို၊ ဦးရဲဝင်း-ဒေါက်တာဝင်းသီတာလွင်၊ ဦးမျိုးကျော်ကျော်ဦး-ဒေါ်နွေဦးခိုင်၊ ဦးဇော်မျိုးလွင်-ဒေါက်တာသဇင်ဦး၊ ဦးသက်နိုင်ထွန်း-ဒေါက်တာ မြထွေးယဉ်တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးဖြစ်သူ ဦးမျိုးဝေသည် ၁၆-၁၁-၂၀၂၀ရက် မွန်းလွဲ ၁း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃း၅၅နာရီတွင် သရောင်းချောင်းမီးသဂြိုဟ်စက်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် အလှူရှင်ဒါယိကာမကြီး

### ဒေါ်မြစိုး (ခ) ဒေါ်မြနွဲ့ (ပြည်)
### အသက် (၉၆) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ်(၂၅-က)နေ [ဦးမောင်မောင်(ပေါင်းတည်)]၏ ဇနီး၊ ဦးကျော်သူ(နိုင်ငံခြားရေး)-ဒေါက်တာခေမာရီ၊ ဦးကြီးမြင့်၊ ဒေါ်နှင်းဆီတို့၏ အဒေါ်/အမေသည် ၁၀-၁၁-၂၀၂၀ ရက်တွင် လူကြီးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ခဲ့ပြီး ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် မီးသဂြိုဟ်ပြီးစီးခဲ့ပါသည်။

မိခင်ကြီးနာတာရှည်နာမကျန်းဖြစ်နေသည့်ကာလအတွင်း အကြိမ်ကြိမ်ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သော နှင်းဆီကုန်းဆေးရုံ၊ အာရှတော်ဝင်ဆေးရုံတို့မှ အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့်တကွ အဆုတ်နှင့် ရင်ခေါင်းအထူးကုပါရဂူ ပါမောက္ခဦးဝင်းနိုင်၊ စိတ်ကျန်းမာရေးပါရဂူဆရာကြီးဒေါက်တာဦးဇော်စိန်လွင်နှင့် တာဝန်ကျဆရာဝန်များ၊ သူနာပြုများအားလည်းကောင်း၊ နှင်းဆီကုန်းဆေးရုံမှ ရောဂါဗေဒနှင့် သွေးဌာနတာဝန်ခံဆရာဝန်ကြီး ပါမောက္ခဒေါက်တာဒေါ်သီတာအောင်နှင့်ဆေးရုံအုပ်ဒေါက်တာဒေါ်ညွှန့်ညွှန့်စိန်၊ ဒေါက်တာဒေါ်ဝင်းဝင်းမြင့်၊ ဒေါက်တာဒေါ်အေးအေးနွဲ့တို့နှင့်တကွ တာဝန်ကျဆရာဝန်သူနာပြုများအားလည်းကောင်း၊ အိမ်တိုင်ရာရောက်လာရောက်ကြည့်ရှုပေးသော မျက်စိရောဂါပါရဂူပါမောက္ခဒေါက်တာဒေါ်မြင့်ခိုင် အားလည်းကောင်း၊ အရေပြားရောဂါအထူးကုပါရဂူဒေါက်တာဦးရှိန်မြင့်အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

မိခင်ကြီးအား နှစ်ရှည်လများ အိမ်တွင်ပြုစုပေးခဲ့သောသူနာပြုများကိုလည်း ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ သင်္ကန်းများ၊ လှူဖွယ်ပစ္စည်းများပေးပို့လှူဒါန်းကြသော၊ အာရှတော်ဝင် အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့၊ တော်ဝင်ဆေးခန်းအုပ်ချုပ်မှုဒါရိုက်တာအဖွဲ့၊ တော်ဝင်ဆေးခန်းမှ ဝန်ထမ်းများ လုပ်ဖော်ကိုင်ဖက်ဆရာဝန်များ၊ ဆေးကုမ္ပဏီများ၊ ဝမ်းနည်းကြောင်း ဖုန်းဖြင့်သော်လည်းကောင်း၊ E Mail/ Viber/Messenger စသည်တို့ဖြင့် အားပေးနှစ်သိမ့်ကြသော မိတ်ဆွေတို့အားလည်းကောင်း၊ အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

ရက်လည်ဆွမ်းကျွေးတရားနာကိစ္စအဝဝတို့ကို ဦးစီးကျင်းပပြုလုပ်ပေးသော ကျေးဇူးရှင် ပြည်သာယာ ဆရာတော်ဘဒ္ဒန္တကုမာရ သာသနဓဇ၊ ဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနစရိယ စတုဘုမ္မိကမဂ္ဂင်ရိပ်သာ၊ သင်္ဃန်းကျွန်းမြို့နယ်အားလည်းကောင်း၊ ဒါးပိန်မြို့ စတုဘုမ္မိကသမိဒ္ဓေါဒယသဒ္ဓမ္မဝံသသီလရှင်စာသင်တိုက်မှ ဆရာကြီး ဒေါ်ဝဏ္ဏာသိင်္ဂီနှင့် သီလရှင်ဆရာလေးများအားလည်းကောင်း အထူးကျေးဇူးတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဝင်း
### အသက်(၇၂)နှစ်

ရန်ကုန်မြို့နေ (ဦးဘင်ကင်း-ဒေါ်နု)တို့၏ သမီးကြီး၊ ဦးစိန်ဝင်း-ဒေါ်တင်ဝင်းတို့၏ညီမ၊ ဒေါ်စန်းစန်းဝင်း၊ ဦးမောင်မောင်၊ ဦးဌေးဝင်း-ဒေါ်မာမာအေး၊ (ဦးအောင်မြင့်)-ဒေါ်ခင်သန်းလင်း၊ ဦးအောင်ဝင်း-ဒေါ်အေးအေးမြင့်၊ ဦးအောင်တင်-ဒေါ်ချင်းချင်း၊ (ဦးခင်စိုး)-ဒေါ်ခိုင်ဝါ၊ ဦးမျိုးညီ-ဒေါ်ထူးထူးအောင်တို့၏အစ်မကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ်(၃၀)နေ (ဦးတင်ဦး)၏ဇနီး၊ အမေရိကန်နိုင်ငံနေ ဦးသန်းမင်းလင်း(ခ) Kevin Lin & Joyce Fronda Lin၊ အမေရိကန်နိုင်ငံနေ ဦးအောင်ဇာခိုင်-ဒေါ်အေးအေးမော်၊ ဦးစည်သူထွန်းတို့၏မိခင်၊ Kiara Jade Lin, Jacob Jeremiah Lin တို့၏အဘွား ဒေါ်ခင်ဝင်း (၇၂)နှစ်သည် ၁၆-၁၁-၂၀၂၀ ရက် ည ၈ နာရီတွင် ကွယ်လွန်အနိစ္စရောက်ပြီး ၁၇-၁၁-၂၀၂၀ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ဒါယကာကြီး

### ဦးမျိုးဝေ (ပုသိမ်) (ဦးချိုဆန်စက်)
### အသက် (၇၉)နှစ်

ပုသိမ်မြို့၊ ကွမ်းခြံရပ်နေ (ဦးစွန်မိုင်း+ဒေါ်စိန်စိန်)တို့၏သား၊ (ဦးထွန်းအောင်+ဒေါ်ကြင်မြိုင်)တို့၏ သားသမက်၊ ဒေါ်အေးအေးလွင် (ခ) ဒေါ်အုန်းကြည်၏ ခင်ပွန်း၊ ဦးရဲဝင်း+Dr.ဝင်းသီတာလွင်၊ ဦးမျိုးကျော်ကျော်ဦး+ဒေါ်နွေဦးခိုင်၊ ဦးဇော်မျိုးလွင်+Dr.သဇင်ဦး၊ ဦးသက်နိုင်ထွန်း+Dr.မြထွေးယဉ်တို့၏ ကျေးဇူးရှင် မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးဖြစ်သူ ဦးမျိုးဝေသည် (၁၆-၁၁-၂၀၂၀) ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်စီစီ၊ ဒေါ်သီတာကြည်

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်လှ
**အသက် (၇၉)နှစ်**
**မြန်အောင်မြို့**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး(စီမံခန့်ခွဲရေး) ဦးစောမြင့်ဇော်-ဒေါ်နန်းခင်မြင့်အေးတို့၏ မိခင်ဖြစ်သူ ဒေါ်ခင်လှ (ရှားကုန်းကျေးရွာ၊ မြန်အောင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး)သည် ၁၇-၁၁-၂၀၂၀ ရက်နေ့ နံနက် ၀၀:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် နှင့်**
**ဝန်ထမ်းမိသားစုများ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးခင်အောင်
**BE Petroleum**
**အသက်(၆၈)နှစ်**

ပခုက္ကူမြို့နေ (ဦးဖိုးလုံ-ဒေါ်လှစိန်)တို့၏သား၊ အမှတ်(၅၆၅/B)၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ကြည်ကြည်ယဉ်၏ခင်ပွန်း၊ ကိုဝေဘုန်းအောင်-မမေမိုးသူ၊ မဟန်တီတီစိုး၊ ကိုပြည့်ဘုန်းအောင်တို့၏ ဖခင်၊ မိုးစက်သစ်၊ ရှင်းခန့်အောင်တို့၏ ချစ်လှစွာသောအဘိုး ဦးခင်အောင်သည် ၁၅-၁၁-၂၀၂၀ (တနင်္ဂနွေနေ့)ည ၇:၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှအောင်၊ ဇနီးနှင့်မိသားစု**

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်အင်ခွမ်ကော့
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ ပြည်ထောင်စုရိပ်မွန်၊ အိမ်အမှတ်(၁၆)၊ ခရေလမ်းနေ (ဦးအင်ခွမ်နော်-ဒေါ်အင်ဂေါင်မနောင်ထု)တို့၏သမီးကြီး၊ (ဦးဖေရမ်ဖုန်-ဒေါ်ဖုန်အဒါန္ဒန်)တို့၏ချွေးမ၊ (ဦးအင်ခွမ်ဂမ်)၊ (ဦးအင်ခွမ်နော်ဘောက်)တို့၏ညီမ၊ (ဒေါ်အင်ခွမ်လု)တို့၏အစ်မ၊ ဒေါ်ဖေရမ်ခေါ်ရ်ဆား၏- MASAHIRO TASAKA၊ ဒေါ်ဖေရမ်နင်ရမ်-ဦးလန်ဝမ်ဒီးဇီ၊ ဦးဖေရမ်ဇော်နန်-ဒေါ်အင်ချုပ်ချန်ဘိုင်း၊ ဒေါ်ဖေရမ်ချန်ဆိုင်းတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မဂျူလီယာနန်ဇီ-အင်ဂန်ဆိုင်းမွန်း၊ မောင်လန်ဝမ်ဖုန်ရှင်းအောင်၊ မလန်ဝမ်မေရီအောင်၊ မောင်လန်ဝမ်မျိုးရမ်၊ မောင်ဖေရမ်မျိုးရှား၏၊ မောင်ဖေရမ်ထင်ရှားရ်ရမ်၊ မောင်ဖေရမ်ခင်မျိုးအောင်တို့၏အဘွား၊ မောင်အင်ဂန် ADAM ဂမ်ထွယ်၏ ဘွားဘွားကြီးသည် ၁၆-၁၁-၂၀၂၀ ရက် မွန်းလွဲ ၁၂:၃၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၈-၁၁-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့)၊ နံနက် ၁၁ နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးစိုးမြင့်
**USM Engineering Co.,Ltd**
**အင်းလေး၊ အင်းပေါ်ခုံ**
**အသက် (၆၁) နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးလွန်း)-ဒေါ်ကျင်ရွှေ (အင်းလေး၊ အင်းပေါ်ခုံ)တို့၏ သားကြီး၊ ဦးမောင်-ဒေါ်ခင်လေးတင့်၊ ဦးအောင်မြင့်-ဒေါ်ညို့ဝင်းမြင့်၊ ဦးသိန်းအောင်-ဒေါ်ခင်လေးတင့်၊ ဦးသက်နိုင်-ဒေါ်သူဇာထွေး၊ ဦးဉာဏ်လင်း-ဒေါ်ခင်ချိုချိုမိုးတို့၏အစ်ကို၊ ကိုမြတ်ကိုအေး-ဒေါက်တာကေဇင်ဟန်၊ မခိုင်ဇာသွင်တို့၏ချစ်လှစွာသောဖခင်၊ မောင်ဟန်မြတ်ထွဋ်၏ ချစ်လှစွာသောအဘိုး၊ ဒေါ်မြအေးခိုင်၏ချစ်လှစွာသောခင်ပွန်း ဦးစိုးမြင့်သည် ၁၇-၁၁-၂၀၂၀ ရက် မွန်းလွဲ ၁:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုဒ်ဦး ဒါယကာကြီး**
## ရဲ ၅၂၃၇ ဒုရဲမှူး သက်နိုင်ဦး
**ဒုရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၂၃/၉၆)**
**အသက် (၅၂) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဒေးစွန်ပါသာသနာ့နယ်မြေ ဝေါဝေဠုဝန်ကျောင်းဆရာတော် ဦးမာဃိန္ဒကိုအမှူးထား၍ ပဲခူးမြို့နေ ဦးသောင်းတင်-ဒေါ်မူမူနွဲ့တို့၏သား၊ ဝေါမြို့နေ ဦးအေးထွန်း-ဒေါ်သန်းသန်းနွဲ့တို့၏ သားသမက်၊ ရန်ကုန်မြို့နေ ဒေါ်နွယ်နီအောင်(ကထိက၊ ဆေးတက္ကသိုလ်-၁)၊ ဦးကျော်စိုး (တပ်ကြပ်ကြီးစာရေး၊ တပ်မတော်-ရေ၊ ရန်ကုန်)-ဒေါ်သီတာမြင့်၊ ဦးမင်းကျော်ထင် (လ/ထ ညွှန်မှူး၊ ရေအရင်းအမြစ်ဌာန၊ ပုသိမ်မြို့)-ဒေါ်လဲ့လဲ့ထွေး (ဦးစီးအရာရှိ၊ ရေအရင်းအမြစ်ဌာန၊ ပဲခူး)၊ ဒေါ်နီလာလှိုင်(Chief Accountant-OKS)၊ ဦးသီဟအောင် (လူဝင်မှုကြီးကြပ်ရေးမှူး၊ လဝက၊ ညောင်လေးပင်)-ဒေါ်ဖြူစင်ဝင်း၊ ဦးရဲကျော်အောင် (ဒုလူဝင်မှုကြီးကြပ်ရေးမှူး၊ လဝက၊ ဝေါမြို့)-ဒေါ်ခင်မျိုးလှိုင်တို့၏ အစ်ကို၊ တူ/တူမ ရှစ်ယောက်တို့၏ ဦးလေး၊ ဝေါမြို့၊ အေးချမ်းသာယာရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်းနေ မချစ်စုဟန်၊ မောင်အောင်ငြိမ်းချမ်းတို့၏ဖခင်၊ ဒေါ်ဝေဝေနွယ် (လူဝင်မှုကြီးကြပ်ရေးမှူး၊ လဝက၊ ဝေါမြို့)၏ချစ်လှစွာသောခင်ပွန်း ဒုရဲမှူးသက်နိုင်ဦးသည် ၁၇-၁၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၀၀:၁၅ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်ခန်းမ(၁/က)၌ ကြွင်းကျန်နေသောရုပ်ကလာပ်အား မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးခင်မောင်သောင်း
**(မြန်မာ့အသံ-ငြိမ်း)**
**အသက် (၈၈) နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရိပ်သာတိုက်(၂၉)၊ အခန်း(၁၂)နေ (ဒေါ်ခင်သန်းနွဲ့)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းဝင်း-(ဒေါ်မေဖြူထွေး)၊ ဦးသစ်လွင်(တရားလွှတ်တော်ရှေ့နေ)-ဒေါ်မာလာသန်း၊ ဒေါ်ချယ်ရီသောင်း(လယ်ပြ-ငြိမ်း)၊ ဗိုလ်မှူးကြီးခင်မောင်လေး-ဒေါ်ရွှေစင်မင်းမြင့်၊ ဦးခင်မောင်ထွေး-ဒေါ်မေသိင်္ဂီ၊ ဒေါက်တာသဇင်သောင်း(တောင်ငူတက္ကသိုလ်)တို့၏ချစ်လှစွာသောဖခင်ကြီး၊ မြေး ကိုးယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၆-၁၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၁:၅၀ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၂၀ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးမြပို
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၅၇၀)၊ ကရဝိတ်(၄)လမ်း၊ ဆ ရပ်ကွက်၊ မြောက်ဥက္ကလာနေ (ဦးအောင်စ-ဒေါ်မြသိန်း)တို့၏ သား၊ (ဒေါ်သန်းနွဲ့)၏ခင်ပွန်း၊ ဦးတင်ထွဋ် (OIS COLTT)-ဒေါ်သန္တာအောင် (MD-BANK)၏ ဖခင်၊ မောင်မင်းသစ်ထင်၊ မောင်ရဲထက်နောင်တို့၏ ဘိုးဘိုးကြီးသည် ၁၇-၁၁-၂၀၂၀ ရက်၊ နံနက် ၆:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ကျင်ဖုန်း
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ (ဦးအောင်ဂျင်-ဒေါ်ကွန်ဟိုင်)တို့၏ သမီး၊ (ဦးဇော်ဝင်း)၏ချစ်လှစွာသောဇနီး၊(ဦးမျိုးမြင့်)-ဒေါ်သန်းသန်းဆွေ၊ ဦးဖေဝင်း-ဒေါ်သီတာလှိုင်၊ ဒေါ်ရှောင်မေ-ဦးသိန်းအောင်တို့၏ ချစ်လှစွာသောမိခင်၊ ဒေါ်သန်းကြည်၏ညီမ၊ ချန်အလိုင်၊ ချန်စုမင်တို့၏အစ်မ၊ မြေးခုနစ်ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၁၆-၁၁-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြင့်မြင့် (သိမ်ကြီးဈေး-Dရုံ)
**အသက် (၇၈) နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၇၇)၊ (၅၁) လမ်း၊ အလယ်ဘလောက်နေ (ဦးကြည်တင်)၏ဇနီး၊ ဦးဇော်မင်း-ဒေါ်သန္တာမွန်၊ (ဦးမျိုးမင်း)၊ ဒေါ်နုနုယဉ်-ဦးမြကြိုင်တို့၏ ချစ်လှစွာသောမိခင်၊ မောင်ခန့်သီဟ၊ မောင်ညီမင်းသန့်တို့၏အဘွား ဒေါ်မြင့်မြင့်သည် ၁၇-၁၁-၂၀၂၀ ရက် မွန်းလွဲ ၂:၄၅ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်သန်းမြင့် (BPI/DCPT-ငြိမ်း)
**အသက် (၇၇) နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ (ဦးဘသန်း-ဒေါ်ခင်ရွှေ)တို့၏သမီး၊ ဦးထွန်းသန်း၊ ဦးစိုးသန်းတို့၏အစ်မ၊ ဦးသန်းရင်(BPI-ငြိမ်း)၏ဇနီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၇၅)၊ (၈)လမ်း၊ မြေညီထပ်နေ ဒေါ်အိရွှေဇင်၊ ဦးကိုကိုလတ်တို့၏ကျေးဇူးရှင်မိခင်၊ မောင်မြတ်မင်းသန်း၏အဘွား ဒေါ်ခင်သန်းမြင့် (BPI/DCPT-ငြိမ်း)သည် ၁၇-၁၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၃:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၁၉-၁၁-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (အထက်ပါ နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမျိုးမြင့်
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ (ဦးဇော်ဝင်း)-ဒေါ်ကျင်ဖုန်းတို့၏သားကြီး၊ ဒေါ်သန်းသန်းဆွေ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဖေဝင်း-ဒေါ်သီတာလှိုင်၊ ဒေါ်ရှောင်မေ-ဦးသိန်းအောင်တို့၏အစ်ကို၊ မကြည်ကြည်မေဦး၊ မသက်သက်ဟန်၊ မောင်မြတ်မင်းတို့၏ ဖခင်သည် ၆-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဓမ္မဝဏ္ဏာသိဒ္ဓိ(မြို့နယ်သြဝါဒါစရိယ)
**သိက္ခာတော်(၈၂)ဝါ၊ သက်တော်(၁၀၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ ငါးထပ်ကြီးပလူကျောင်း၏ **ဦးစီးပဓာန မဟာနာယက ဖြစ်တော်မူသော သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မဝဏ္ဏာသိဒ္ဓိ**(သာကေတမြို့နယ်-မြို့နယ်သြဝါဒါစရိယ)၊သိက္ခာတော်(၈၂)ဝါ၊ သက်တော်(၁၀၁)နှစ်ရှိ မဟာထေရ်မြတ်ကြီးသည် (၁၃၈၂-ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့) ၁၄-၁၁-၂၀၂၀ ရက် (စနေနေ့)၊ ဒေသစံတော်ချိန်၊ ညနေ ၄:၂၃ နာရီတွင် ရန်ကုန်မြို့၊ ပြည်သူ့ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇ ရုပ်ကလာပ်တော်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ညွှန်ကြားချက်၊ ကိုဗစ်(၁၉)ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးကော်မတီ၏ လျှောက်ထားချက်တို့အရ ၁၅-၁၁-၂၀၂၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ(၁:၃၀)နာရီတွင် လှိုင်သာယာမြို့နယ် ထိန်ပင်သုသာန်၌ အန္တိမအဂ္ဂိစျာပန ပူဇာသဘင် ဆင်ယင်ကျင်းပပြီးဖြစ်ပါကြောင်းနှင့် ၁၄-၁၂-၂၀၂၀ ရက်တွင် ဆရာတော်ကြီးအားရည်စူး၍ (၁)လပြည့်အထိမ်းအမှတ်အဖြစ် သံဃာတော် အရှင်မြတ်တို့အား အရုဏ်ဆွမ်းနှင့် သက်န်းစသော ဒါတဗ္ဗဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ တရားတော်နာယူမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်သံဃာတော်များနှင့် ဒကာ/ဒကာမများ၊ ရဟန်းဒကာ/ဒကာမ၊ ကျောင်းဒကာ/ဒကာမများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**တပည့် အရှင်နန္ဒောဘာသနှင့်**
**ဆရာတော်ကြီး၏ တူ၊ တူမများ**

**အာနိစ္စ** | **သင့် သွေး ဖြင့် အ သက် ကယ် ပါ**

## အင်ခေ့ဝမ်(ခ)ဦးထွန်းမြင့်
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၁၇၉)၊ အနော်ရထာလမ်း၊ ငါးလွှာ၊ လမ်းမတော်မြို့နယ်နေ လူဘီးတင်း(ခ)ဒေါ်မြင့်မြင့်ဝင်း၏ ခင်ပွန်း၊ ဦးကြည်လွင်-ဒေါ်သီသီဆန်း (Tun Myat Thu Int'l Co.,Ltd.)၊ (မောင်သန်းထွန်း)၊ မောင်ထွန်းထွန်းတို့၏ ကျေးဇူးရှင်ဖခင်၊ ဦးခင်ဝင်း(ခ)ဦးအန်းကီး-ဒေါ်ခင်စန်းဝင်း၊ ငေါ်စုန်းစင်း-ဒေါ်ထွေးတို့၏ ညီ/အစ်ကို၊ တူ/တူမ ၁၉ယောက်တို့၏ ဦးလေး၊ (မောင်အောင်မျိုးခန့်)၊ မကြည်လင်းသန့်၊ မောင်ဉာဏ်မင်းခန့်၊ မောင်ပြည့်စုံခန့်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၆-၁၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးဖူကျန်သုသာန်၌ ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ခင်နှင်းယု
**အသက်(၆၄)နှစ်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ 'ဆ'ရပ်ကွက်နေ ဗိုလ်မှူးစံဝင်းမောင်(ငြိမ်း)၊ ဒေါ်ခင်ဝင်းငွေး(အထပြ-ငြိမ်း)၊ ဒေါ်ခင်နှင်းနုတို့၏အစ်မ၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ နဝရတ်ရိပ်သာနေ ရဲမှူးဦးခင်ဟန်(ငြိမ်း)၏ဇနီးသည် ၁၇-၁၁-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၄:၄၅နာရီတွင် မန္တလေးမြို့၊ (၆၂)လမ်း၊ ခုတင်(၅၀၀)ဆံ့ အရိုးအကြောပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပြီဖြစ်ပါ၍ ၁၈-၁၁-၂၀၂၀ရက်၊ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ခုတင်(၅၀၀)ဆံ့ အရိုးအကြော ပြည်သူ့ဆေးရုံကြီး (လမ်း၆၀-ရေခဲတိုက်)မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ကြင်ကြင်စိုး(ထားဝယ်)
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း၊ အိမ်အမှတ် (၁၀၀)၊ မြဘုရင်နို့ဆီဆိုင်နေ (ဦးစစ်ငွေ-ဒေါ်အင်ကြည်)၏သမီး၊ ဦးဇော်ဝင်း-ဒေါ်သန်းသန်းအေး (လမင်းတစ်ရာကုမ္ပဏီလီမိတက် ရန်ကုန်မြို့)၊(ဦးဇော်မင်း)၊ ဦးဇော်လင်း-ဒေါ်ရီရီတင် (ဆန်းသစ်မုန့်တိုက်၊ ထားဝယ်မြို့)၊ ဦးလှဇော် တို့၏ ညီမ၊ ဒေါ်ဣန္ဒဝတီ၊ ဦးယုလှိုင်-ဒေါ်နီနီချိုတို့၏အစ်မ၊ ဦးစိန်ကြုံ၏ဇနီး၊ ဒေါက်တာစိုးစန္ဒာလင်း၊ ဒေါက်တာမျိုးသီဟစိုးတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကြင်ကြင်စိုးသည် ၇-၁၁-၂၀၂၀ရက် (စနေနေ့) နံနက်(၁၀:၅၀)နာရီတွင် သဃ်္ဃန်းကျွန်း စံပြဆေးရုံ၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၂၀ ရက် (တနင်္လာနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ပြီးဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ် စာရင်းချုပ် ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ်(၂၆၆ / ၂၀၂၀)

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
( ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၇ ရက် )

**၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ပြီးဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်စာရင်းချုပ် ထုတ်ပြန်ကြေညာခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၁၅ နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁၆၁ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၆၁၂ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်၊ စုစုပေါင်း မဲဆန္ဒနယ် ၁၁၁၇ နယ်၌ ကျင်းပ ပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ လွှတ်တော်အသီးသီးအတွက် မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ထုတ်ပြန်ကြေညာပေးခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း ၉-၁၁-၂၀၂၀ ရက်နေ့မှ ၁၅-၁၁-၂၀၂၀ ရက်နေ့အထိ ကြေညာချက်အမှတ် (၂၀၆/၂၀၂၀)မှ ကြေညာချက်အမှတ် (၂၆၄/၂၀၂၀)အထိ ကြေညာချက် ၅၉ စောင်ဖြင့် ထပ်ဆင့်ထုတ်ပြန် ကြေညာပေးခဲ့ပြီး ဖြစ်ပါသည်။

၃။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ကိုယ်စားပြု / တစ်သီးပုဂ္ဂလ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များသည် သက်ဆိုင်ရာ လွှတ်တော်အလိုက် အောက်ပါအတိုင်း ရွေးကောက် တင်မြှောက်ခံခဲ့ရပါသည်-

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍**

## ကြေးမုံ ယနေ့ ဖတ်စရာ


**"ရန်ကုန်တက္ကသိုလ်" ဝေါဟာရ၏ ဇာစ်မြစ်**

စာမျက်နှာ » ၆

**သတင်းအမှားများပျံ့နှံ့မှုအမြင့်ဆုံး ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့် လိုအပ်နေပြီဖြစ်သည့် လူမှုကွန်ရက် ဥပဒေသစ်**

စာမျက်နှာ » ၁၃

**နိုဝင်ဘာ ၁၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၅၆၉ ဦး တွေ့ရှိ**

စာမျက်နှာ » ၁၆


# မော်လမြိုင်ကျွန်းမြို့နယ်၌ ကိုဗစ်-၁၉ လူနာ ၂၁ ဦး ကျန်းမာရေးကောင်းမွန်သဖြင့် ဆေးရုံမှ ဆင်းခွင့်ပြု

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၇**

မော်လမြိုင်ကျွန်းမြို့နယ် ခုတင် ၁၀၀ ဆေးရုံကြီးနှင့် မြို့နယ် တိုင်းရင်းဆေးရုံ(အရန်ဆေးရုံ)တို့တွင် ဆေးကုသမှုခံယူနေသည့် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ လူနာများထဲမှ ၂၁ ဦးကို ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးကောင်းမွန်သဖြင့် ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါဆေးရုံဆင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းဌေးနှင့် ကော်မတီဝင်များက သွားရောက်တွေ့ဆုံအားပေးကြသည်။ ဆေးရုံဆင်းသူများအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစန်းဝင်းက ဆေးရုံဆင်းလက်မှတ် ပေးအပ်ခဲ့ကာ မိမိနေအိမ်တွင် နေရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းက အိမ်တိုင်ရာရောက် လိုက်လံပို့ဆောင်ပေးခဲ့သည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ ၁၉၅ ဦးရှိပြီး မြို့နယ် ခုတင် ၁၀၀ ဆေးရုံကြီးနှင့် တိုင်းရင်းဆေးရုံတို့တွင် ပိုးတွေ့လူနာ ကုသဆဲ ၆၃ ဦးသာ ကျန်ရှိကာ ၁၃၂ ဦးမှာ ရောဂါပျောက်ကင်း၍ ဆေးရုံမှ ဆင်းသွားကြပြီဖြစ်သည်။ **သီတာအောင်(ပြန်/ဆက်)**





# မုဒုံမြို့နယ်၌ အခြေခံအိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

**မုဒုံ နိုဝင်ဘာ ၁၇**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာလအတွင်း နိုင်ငံတော်အစိုးရအနေဖြင့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် စတုတ္ထအကြိမ် ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ထောက်ပံ့ငွေများအား မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများအလိုက် သွားရောက်ထောက်ပံ့ရာတွင် အခြေခံလူတန်းစားအိမ်ထောင်စုများ လက်ဝယ်သို့ မှန်မှန်ကန်ကန် အပြည့်အဝရောက်ရှိစေရေး အထူးဆောင်ရွက်သွားရန် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများအလိုက် ခွဲဝေတာဝန်ပေးထားသော တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများကို လမ်းညွှန်မှာကြားခဲ့သည်။

**လက်ဝယ်အရောက် ပေးအပ်သွားမည်**

မြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စုပေါင်း ၁၁၉၈၆ စုအတွက် ငွေကျပ် ၂၃၉၇၂၀၀၀၀ အား နိုင်ငံတော်က ထောက်ပံ့ခြင်းဖြစ်ရာ အဆိုပါထောက်ပံ့ငွေများကို မြို့နယ်အုပ်ချုပ်ရေးမှူးက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ပြီး ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများလက်ဝယ်သို့အရောက် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**


**မြန်မာနိုင်ငံသူ ၊ နိုင်ငံသားများအားလုံး COVID-19 ကပ်ရောဂါဘေးမှ အမြန်ဆုံးလွတ်ကင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့ သအပ်ပါသည်...**

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး